# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၁၇၉)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်

၂၀၁၅ ခုနှစ်၊ မတ် ၂၈ ရက်၊ စနေနေ့။


**စကားအရာ အင်္ဂါ (၅) တန်**

- ❖ ပြောသင့်သောအချိန်၌ ပြောဆိုရခြင်း၊
- ❖ အမှန်ကိုသာ ပြောဆိုရခြင်း၊
- ❖ နူးညံ့ချိုသာစွာ ပြောဆိုရခြင်း၊
- ❖ အကျိုးစီးပွားနှင့်စပ်သောစကားကို ပြောဆိုရခြင်း၊
- ❖ မေတ္တာရှေ့ထား ပြောဆိုရခြင်း။

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှစ်(၇၀)ပြည့် တပ်မတော်နေ့တွင် တပ်မတော်သားများနှင့် မိသားစုများအား ဂုဏ်ပြုစကားပြောကြား

**နေပြည်တော် မတ် ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ရက်စွဲဖြင့် နိုင်ငံတော်၏ နယ်မြေဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော တပ်မတော်သားအရာရှိ စစ်သည်မိသားစုများ အားလုံးအတွက် ချီးကျူးဂုဏ်ပြုကြောင်းနှင့် ဆုမွန်ကောင်းတောင်းကြောင်း ပြောကြားခဲ့သည်။

အပြည့်အစုံမှာ ယနေ့ ၂၀၁၅ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်သော နှစ်(၇၀)ပြည့် တပ်မတော်နေ့အခါသမယတွင် ပြည်သူမှမွေးဖွားလာသည့် တပ်မတော်သားများပီသစွာဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့်အေးချမ်းသာယာရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်၏ နယ်မြေဒေသအသီးသီးတွင် ရောက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်ခြေလျင်၊ ခြေမြန်၊ လက်ရုံးဝန်ထမ်းတပ်ဖွဲ့များမှ တပ်မတော်သားအရာရှိ၊ စစ်သည်၊ မိသားစုများအားလုံးကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ချီးကျူးဂုဏ်ပြုလိုက်သည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူလူထု၏ အသက်၊ အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် ရဲဘော်တို့ဆင်နွှဲသည့် တရားသောစစ်ပွဲအောင်မြင်စေရန်အတွက်လည်း ဆုမွန်ကောင်း တောင်းလိုက်သည်ဟု ဖော်ပြပါရှိကြောင်း သိရှိရသည်။

(မြဝတီ)

# တပ်မတော်အနေဖြင့် ရွေးကောက်ပွဲကြီးအောင်မြင်ရန် ပြည်သူတို့နှင့်အတူ လက်တွဲဆောင်ရွက်မည်





နှစ် (၇၀)ပြည့် တပ်မတော်နေ့အခမ်းအနားတွင် ယန္တရားစစ်ကြောင်း ချီတက်စဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် စစ်ရေးပြစစ်ကြောင်းကြီးများအား စစ်ဆေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် မတ် ၂၇**

၂၀၁၅ ခုနှစ် နှစ် (၇၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ရေးပြကွင်းကြီး၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အဆိုပါ စစ်ရေးပြအခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သရေစည်သူလှ‌ဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်သူရသက်ဆွေ၊

*စာမျက်နှာ ၇ ကော်လံ ၁* ☆




ဒေါ်ဝင်းစုစုထွန်း

**မြန်မာနိုင်ငံအတွက် သနပ်ခါးထက် ပိုပြီးကောင်းမွန်တဲ့ နေရောင်ကာ ပစ္စည်းမရှိ**

ကျွန်မကဒေါ်ဝင်းစုစုထွန်းပါ။ ကျွန်မတို့ရုံးအဖွဲ့ ပိတ်ရက်မှာ ပုဂံ၊ ညောင်ဦး ခရီးသွားခဲ့ကြပါတယ်။ အညာဒေသကလည်း အရမ်းပူတော့ အကာအကွယ်မဲ့နေရာ(လက်တို့၊ ခြေတို့) တွေဆို နေလောင်ဒဏ်ခံခဲ့ရတယ်။ နေလောင်တဲ့ဒဏ်ကြောင့် ကျွန်မမျက်နှာဆိုရင် မဖြူရတဲ့အထဲ မည်းပြာသွားတယ်။ ဒီကြားထဲ အသားတွေယားယံပြီး မိတ်ဖုတွေလည်း ထွက်လာသေးတယ်။ အစ်မတစ်ယောက်ကသူယူလာတဲ့ **ရွှေပြည်နန်းခရေသနပ်ခါး**ကို လာပေးပါတယ်။ လိမ်းကြည့်လိုက်တာ မိတ်ဖုတွေ သက်သာလာခဲ့တယ်။ **ရွှေပြည်နန်းအစိမ်းရောင်သနပ်ခါး**ကို လိမ်းလိုက် နေလောင်ဒဏ်ကာကွယ်တယ်လို့လည်း ပြောပါတယ်။ ခရီးကပြန်ရောက်တော့ အိမ်မှာဆက်ပြီး လိမ်းခဲ့တယ်။ (၁၅)ရက်လောက်ကြာတော့ ကျွန်မအသားအရေ ဝင်းလာတယ်။ မိတ်ဖုတွေကတော့ အရှင်းပျောက်သွားတယ်။ ဝယ်ယူသုံးကြည့်တော့ ရွှေပြည်နန်းအမျိုးအစားတစ်ခုစီမှာ အကျိုးထူးလေးတွေရှိမှန်း သိလိုက်ရတယ်။ အလွန်တစ်ရာမှ ကောင်းမွန်သော နည်းပညာများနဲ့ ဖော်စပ်ထားတဲ့ ရွှေပြည်နန်းသနပ်ခါးကုမ္ပဏီကို ထာဝရအောင်မြင်ပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ **ယုံကြည်စွာနဲ့ အမြဲသုံးစွဲလျက်ပါ**။ ကျေးဇူးလည်းတင်ပါတယ် ရွှေပြည်နန်းရယ်...

ဒေါ်ဝင်းစုစုထွန်း (Admin Head, KTN Logistic & Transportation)

ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ။ဒေါ်သီတာအောင် (EATON LOGISTIC CO.,LTD.)

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### ကမ္ဘာ့အပူချိန်နှင့် သစ်တောများ

ကမ္ဘာပေါ်ရှိ သစ်တောဟက်တာပေါင်းများစွာတို့မှာ လူတို့၏ ပယောဂကြောင့် နေ့စဉ်ပျက်စီးဆုံးရှုံးလျက်ရှိပါသည်။ ဤသို့ ကမ္ဘာတစ်ဝန်းသစ်တောများပြုန်းတီးလာမှု၏ အကျိုးဆက်အဖြစ် ကမ္ဘာကြီးပူနွေးလာခြင်း၊ မြေထု၊ ရေထု၊ လေထုများညစ်ညမ်းလာခြင်း၊ ကမ္ဘာ့အိုဇုန်းလွှာပျက်စီးယိုယွင်းလာခြင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့်ဂေဟစနစ်များ ယိုယွင်းပျက်စီးလာခြင်း၊ သဘာဝဘေးအန္တရာယ်များ မကြာခဏ ကျရောက်ခြင်းစသော ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

သဘာဝအလျောက်ပေါက်ရောက်သော သစ်တောကြီးများအတွင်း စီးပွားဖြစ်သစ်ထုတ်လုပ်မှုလွန်ကဲခြင်း၊ တောမီးရှို့ခြင်း၊ ထင်းခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်း၊ တောင်ယာခုတ်ခြင်းတို့ကြောင့် သစ်တောများပြုန်းတီးလျက်ရှိပါသည်။ သစ်တောများပြုန်းတီးမှု၏ အကျိုးဆက်ကိုလည်း လူသားတစ်ရပ်လုံး ရင်ဆိုင်နေကြရပြီဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်းသစ်တောပြုန်းတီးမှုသည် နှစ်စဉ်ပျမ်းမျှဟက်တာ ၁၃ သန်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံ၏ သစ်တောပြုန်းတီးမှုသည် ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ဆယ်စုနှစ်နှစ်ခုအတွင်း နှစ်စဉ်နိုင်ငံဧရိယာ၏ ၀ ဒသမ ၅၅ ရာခိုင်နှုန်းရှိကြောင်း သစ်တောရေးရာဝန်ကြီးဌာန သတင်းများအရ သိရပါသည်။

ဤသို့သစ်တောများ ပြုန်းတီးလာမှုနှင့်အတူ မြန်မာနိုင်ငံ၌ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းများ သိသိသာသာမြင့်တက်လာခြင်း၊ လေထုအတွင်း အပူချိန်များတိုးလာခြင်း၊ အပူချိန်များမြင့်တက်ခြင်းတို့ကို ပြည်သူများကြုံတွေ့ခံစားနေကြရပါသည်။ ယခုနှစ်နွေရာသီကာလအတွင်း ပြင်းထန်သောအပူဒဏ်ကို မခံရအောင် သက်ဆိုင်ရာက သတိပေးမှုများ မကြာခဏထုတ်ပြန်အသိပေးလျက်ရှိပါသည်။

သို့အတွက် သစ်တောများထိန်းသိမ်းရေးတွင် လူတိုင်းလူတိုင်း အသိစိတ်ဓာတ်အပြည့်အဝဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရန် အထူးလိုအပ်လာပြီဖြစ်ပါသည်။ သစ်တောသစ်ပင်များ ခုတ်လှဲနေမှုများကို အမြန်ဆုံးလျှော့ချသွားရန် လိုအပ်ပါသည်။ နွေရာသီ တောမီးရှို့ခြင်း၊ တောင်ယာခုတ်ထွင်ခြင်းတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများ ပိုမိုကြီးကြပ်ရန်လိုအပ်လာပါသည်။

သစ်တောများဆိုင်ရာ နယူးယောက်ကြေညာချက်တွင် ကမ္ဘာ့အပူချိန် ၂ ဒီဂရီ ဆဲလ်ဆီးယပ် လျှော့ချနိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ်တွင် သစ်တောပြုန်းတီးမှု ၅၀ ရာခိုင်နှုန်းလျှော့ချရန်နှင့် ၂၀၃၀ ပြည့်နှစ်တွင် သစ်တောပြုန်းတီးမှုလုံးဝမရှိစေရေး ရည်မှန်းဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါသည်။ ဤရည်မှန်းချက်နှင့်အတူ သစ်တောဧရိယာများတိုးချဲ့ဖွဲ့စည်းခြင်း၊ သစ်တောဇီဝမျိုးကွဲများထိန်းသိမ်းခြင်း၊ သစ်တောများဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊ သစ်တောများ၏ လူမှုစီးပွားရေးစွမ်းရည်များ တိုးပွားစေရန်ဆောင်ရွက်ခြင်းစသောအစီအမံများ မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။ ထို့အတူ ပြည်သူများကလည်း သစ်တောသစ်ပင်များ ထိန်းသိမ်းရေးကို အထူးအလေးထား ဆောင်ရွက်သွားသင့်ပါကြောင်း။ ။

ပြည်တွင်းသတင်း

# မင်းလှ-မိုးညိုလမ်းပေါ်ရှိ ထန်းပင်ကုန်းတံတားဖွင့်

**နေပြည်တော် မတ် ၂၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၂)မှ တာဝန်ယူတည်ဆောက်သည့် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် မင်းလှ-မိုးညိုလမ်းပေါ်ရှိ ထန်းပင်ကုန်းတံတား ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ ရက်က အဆိုပါတံတားအနီး၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးညဏ်ဝင်းက စည်းကမ်းရှိမှ တိုးတက်မည်ဆိုသည့်အတိုင်း စည်းကမ်းရှိစွာ နေထိုင်သွားကြရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအတိုင်း မောင်းနှင်အသုံးပြုပြီး တံတားကြီးအား ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် ပြောကြားခဲ့သည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က အမှာစကားပြောကြားရာတွင် ယခုလိုနိုင်ငံတော်က ဒေသဖွံ့ဖြိုးရေးအတွက် အလေးထားတည်ဆောက်ပေးခဲ့သည့် လမ်း/တံတားများအား ဒေသခံပြည်သူများကလည်း မိမိပိုင်လမ်း၊ မိမိပိုင်တံတားလို့ သဘောထားပြီး ရေရှည်အသုံးပြုသွားနိုင်အောင်နှင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ဒေသခံပြည်သူများက ဝိုင်းဝန်းကူညီထိန်းသိမ်းပေးသွားကြပါရန် တိုက်တွန်း၍ တံတားဆိုင်ရာ အချက်အလက်များအား ရှင်းလင်းပြောကြားခြင်း၊ တည်ဆောက်ဆဲတံတား မုန်းချောင်းတံတား ပေ ၂၆၀၊ ပဲခူးမြို့ရှောင် (မြစ်ကူး) တံတားပေ ၄၈၀၊ နတ်တလင်းတံတား ပေ ၂၀၀၊ ဒိုးသောင်တံတားပေ ၄၀၀ တို့ကို မကြာမီထပ်မံဖွင့်လှစ်ပေးသွားဦးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား၊ မိုးညိုမြို့နယ်မှ ဦးထွန်းမြင့်က ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ ထန်းပင်ကုန်းတံတားအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး၊ လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (မိုးညို)၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (မင်းလှ)တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တံတားဖွင့်ပွဲ အထိမ်းအမှတ် ကျောက်စာတိုင်ကို ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီးနောက် ကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ယခုဖွင့်လှစ်ပေးခဲ့သည့် ထန်းပင်ကုန်းတံတားသည် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ရှမ်းတော- အင်ဘုတ်ကုန်း- မိုးညိုလမ်းပေါ်တွင်တည်ရှိပြီး မြစ်မခချောင်းကိုဖြတ်လျက် တည်ဆောက်ထားသည့် တံတားအရှည် ပေ ၅၄၀၊ ယာဉ်သွားလမ်း ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်နှစ်ပေ၊ နှစ်လမ်းသွား P.C Girder အမျိုးအစား သံကူကွန်ကရစ်တံတားဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## လျှပ်စစ်အပ်ချုပ်သင်တန်းဖွင့်

**ဖန်းမော် မတ် ၂၇**

ကချင်ပြည်နယ် ဖန်းမော်မြို့တွင် အမျိုးသမီးငယ်များအား လျှပ်စစ်အပ်ချုပ်စက်တတ်မြောက်စေပြီး အသက်မွေးဝမ်းကျောင်း လုပ်ကိုင်စားသောက်ရန်ရည်ရွယ်၍ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကျင်းပသော လျှပ်စစ်အပ်ချုပ်စက်သင်တန်းကို မတ် ၂၄ ရက်က အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ကျင်းပရာ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လဖြစ်ကြောင်း သိရသည်။

**ဝါဝါ(ဖန်းမော်)**




**အမြို့မြို့အနယ်နယ် ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ**



## လုပ်ငန်းဆိုင်ရာ အသိပေးဆွေးနွေးပွဲကျင်းပ

**ပဲခူး မတ် ၂၇**

ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ သီရိဟံသာခန်းမတွင် ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဆေးဆိုင်၊ အစားအသောက်နှင့် ရေသန့်လုပ်ငန်းဆိုင်ရာ အသိပေးဆွေးနွေးပွဲကို မတ် ၂၄ ရက်က ကျင်းပရာ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာနေမျိုးအုန်း၊ ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဦး၊ တိုင်း၊ ခရိုင်၊ မြို့နယ် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များ၊ မြို့ပေါ်ရှိ ဆေးဆိုင်ပိုင်ရှင်များ၊ စားသောက်ဆိုင်ပိုင်ရှင်များနှင့် ရေသန့်လုပ်ငန်းပိုင်ရှင်များ တက်ရောက်ခဲ့ကြသည်။ ဆက်လက်၍ ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးက သက်တမ်းကာလအတွင်း မူးယစ်ဆေးဝါးများ၊ ယစ်မျိုး၊ စိတ်ကြွဆေးပြားများနှင့် တရားမဝင် တားမြစ်ဆေးဝါးများရောင်းချမှု၊ သုံးစွဲမှုများကို တာဝန်ရှိသူများနှင့် ပူးပေါင်းပြီး စစ်ဆေးဆောင်ရွက်မှုများပြုလုပ်၍ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးပြောကြားသည်။

**သန့်စင်(ပဲခူး)**

## လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ(၇)ပေးအပ်

**ထန်းတပင် မတ် ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိမင်္ဂလာအစည်းအဝေးခန်းမ၌ မတ် ၂၄ ရက်က စွန့်လွှတ်မြေများအပေါ် လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ပုံစံ(၇) ပေးအပ်ပွဲအခမ်းအနား ကျင်းပခဲ့သည်။ အခမ်းအနားတွင် ပျဉ်ဂန်းကျေးရွာအုပ်စု ကွင်းအမှတ်(၄၆၁-ဃ)တောင်သူ ၂၆ ဦး၊ ဦးပိုင်ပေါင်း ၃၀ ဧရိယာ ၂၂၇ ဒသမ ၉၆ ဧကအတွက် လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ၃၀ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၇-၃-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၆၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၅၅၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၈၁-၁၀၈၄ |
| ဥရောပ | တစ်ယူရို | ၁၂၂၀-၁၂၃၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၀.၅-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၇-၁၆.၃ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၀-၃၄၃ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။



**နှစ်(၇၀) ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မတ်လ စတုတ္ထပတ်က ပဲခူးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က နိုင်ငံအတွက် ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့သော အငြိမ်းစားစစ်သည် ၁၃၅ ဦး၊ မော်ကွန်းဝင် ပုဂ္ဂိုလ်လေးဦးနှင့် အခမ်းအနား တက်ရောက်သူစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား မြို့နယ်စစ်မှုထမ်းဟောင်းရုံးခန်းမ၌ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ပွဲကျင်းပစဉ်။** (၁၂၁)

ပြည်တွင်းသတင်း

# နိုင်ငံတကာစာနယ်ဇင်းအဖွဲ့အစည်း (IPI) ကမ္ဘာ့ညီလာခံ ရန်ကုန်မြို့၌ စတင်ကျင်းပ

**ရန်ကုန် မတ် ၂၇**

(၆၅)ကြိမ်မြောက် နိုင်ငံတကာစာနယ်ဇင်းအဖွဲ့အစည်း (IPI) ကမ္ဘာ့ညီလာခံကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချက်ထရီယံဟိုတယ်၌ စတင်ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ နိုင်ငံတကာစာနယ်ဇင်းအဖွဲ့အစည်း၏ ကမ္ဘာ့ညီလာခံဖွင့်ပွဲအခမ်းအနားတွင် မြန်မာ့စောင်းတူရိယာပညာရှင် ဦးထွန်းဝဏ္ဏစိုးက စောင်းလက်သံဖြင့် ဖျော်ဖြေတင်ဆက်ပြီး အနုပညာရှင်များက မြန်မာအကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ IPI ဥက္ကဋ္ဌ Ms.Galina Sidorova၊ မဇ္ဈိမမီဒီယာ အယ်ဒီတာချုပ် ဦးစိုးမြင့်၊ IPI Interim Executive Director Ms. Barbara Trionfi တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။




IPI ညီလာခံကို "လွတ်လပ်သော မီဒီယာဆီသို့ ခရီးလမ်း" (On the Path to Free Media) ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကာ ညီလာခံပထမနေ့ အစီအစဉ် အပိုင်း(၁)အရ ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ UN Special Rapporteur on Freedom of Expression မှ Mr.David Kaye၊ Centre for Law and Democracy, Canada မှ အမှုဆောင်ဒါရိုက်တာ Mr.Toby Mendel နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးမင်းသိန်းတို့က ဥပဒေနှင့် အလေ့အထများမှတစ်ဆင့် မီဒီယာလွတ်လပ်ခွင့် ရယူခြင်းခေါင်းစဉ်ကို ဦးဆောင်ဆွေးနွေးသူများအဖြစ် ဆောင်ရွက်ဆွေးနွေးကြသည်။



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် (၆၅) ကြိမ်မြောက် နိုင်ငံတကာစာနယ်ဇင်းအဖွဲ့အစည်း (IPI) ကမ္ဘာ့ညီလာခံ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အဆိုပါခေါင်းစဉ်အရ ၂၀၁၁ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံသည် ထူးခြားသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိခဲ့မှု၊ ယင်းဖွံ့ဖြိုးတိုးတက်မှုများမှတစ်ဆင့် လွတ်လပ်ပြီး အမှီအခိုကင်းသော မီဒီယာတစ်ရပ်ဖြစ်ရန် ဥပဒေဆိုင်ရာ ပတ်ဝန်းကျင်ဖော်ဆောင်ပေးနိုင်မှု၊ နှစ် ၅၀ အတွင်း ပုဂ္ဂလိကသတင်းစာများထုတ်ဝေခွင့်ရရှိပြီး စိစစ်ဖြတ်တောက်မှုလုပ်ငန်းများ ဖျက်သိမ်းခဲ့မှု၊ မလိုလားအပ်သော ဥပဒေဟောင်းများက စာနယ်ဇင်းလွတ်လပ်ခွင့်အား ခြိမ်းခြောက်နေမှုတို့ကို ဆွေးနွေးကြပြီး တက်ရောက်လာသော ပြည်တွင်းပြည်ပ သတင်းစာဆရာများက အပြန်အလှန် ပါဝင်ဆွေးနွေးကြသည်။

ယနေ့ကျင်းပသော ညီလာခံတွင် မီဒီယာဆိုင်ရာအပိုင်းကဏ္ဍ လေးရပ်ဖြင့် ဆွေးနွေးသွားမည်ဖြစ်ကာ ထိရှလွယ်သော ပဋိပက္ခသတင်းရေးသားခြင်းသင်ခန်းစာများ၊ နောက်ဆုံးရထူးခြားသတင်းများ (Breaking News) ရယူရာတွင် ဘာသာရေးဆိုင်ရာအကဲဆတ်မှု၊ ပုံနှိပ်သတင်းစာဆိုင်ရာစိန်ခေါ်မှုများတွင် စီးပွားရေးအရ ရပ်တည်နိုင်မှုနှင့် အများယုံကြည်လက်ခံနိုင်မှုစသည့် ခေါင်းစဉ်များကို ပြည်တွင်းပြည်ပ သတင်းစာဆရာများက သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေးကြသည်။

အဆိုပါညီလာခံသို့ IPI အဖွဲ့ဝင်သတင်းမီဒီယာများမှ ရှေ့ဆောင်စာနယ်ဇင်းသမားများ၊ အစီအစဉ်ညွှန်ကြားရေးမှူးများ၊ အမှုဆောင်အယ်ဒီတာများ၊ ထုတ်ဝေသူများ၊ သတင်းစာဆရာများ၊ မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများ၊ မြန်မာသတင်းမီဒီယာအဖွဲ့အစည်း အသီးသီးမှ သတင်းမီဒီယာများ၊ ထုတ်ဝေသူများ၊ အယ်ဒီတာများနှင့် သတင်းစာဆရာ စုစုပေါင်း ၂၀၀ ကျော် တက်ရောက်ကြကာ မတ် ၂၉ ရက် အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါညီလာခံ ကျင်းပနေစဉ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်သည် ကာတာနိုင်ငံ အယ်ဂျာဇီးယား(အင်္ဂလိပ်)မှ ဦးဆောင်ညွှန်ကြားရေးမှူး AL Anstey နှင့် မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ ဩစတြေးလျနိုင်ငံ မီဒီယာနှင့် လူမှုဆက်သွယ်ရေးဌာနမှ Program Director Dr. Andrew Dodd နှင့် ကနေဒါအမျိုးသားသတင်းစာမှ Beijing Bureau Chief Nathan Vander Klippe တို့နှင့် ညနေ ၃ နာရီတွင် လည်းကောင်း ချက်ထရီယံဟိုတယ်ရှိ အမရပူရခန်းမ၌ သီးသန့်တွေ့ဆုံခဲ့သည်။ **(သတင်းစဉ်)**

# ပြည်သူများ၏လူ့အခွင့်အရေး တိုးမြှင့်ရရှိခံစားစေရန်နှင့် ကာကွယ်စောင့်ရှောက်ရန်အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်

၁။ ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင်ကျင်းပပြုလုပ်လျက်ရှိသည့် (၂၈)ကြိမ်မြောက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအစည်းအဝေးတွင် ဥရောပသမဂ္ဂမှတင်သွင်းသည့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ကို ၂၇-၃-၂၀၁၅ ရက်နေ့၌ ချမှတ်ခဲ့သည်။

၂။ ယင်းဆုံးဖြတ်ချက်သည် မြန်မာနိုင်ငံတွင် ပြည်သူများ၏ လူ့အခွင့်အရေးတိုးမြှင့်ရရှိခံစားစေရန်နှင့် ကာကွယ်စောင့်ရှောက်ရန်အတွက် ဆောင်ရွက်ချက်နှင့် ရလဒ်များကို ဓမ္မဓိဋ္ဌာန်ကျစွာ သုံးသပ်ဖော်ပြမှုများ အားနည်းသည့်အပြင် ပါဝင်သည့်အချို့အချက်အလက်များမှာ မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာနှင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်ခြင်း၊ လာမည့်ရွေးကောက်ပွဲကို လွတ်လပ်၍ မျှတပြီး ပွင့်လင်းမြင်သာမှုရှိသောရွေးကောက်ပွဲတစ်ရပ်ဖြစ်ရန် ကြိုးပမ်းနေမှုများကို မျက်ကွယ်ပြုလျက် ရွေးကောက်ပွဲနှင့် ရလဒ်တို့အပေါ် ကြိုတင်ဝေဖန် ပြောကြားမှုများပါဝင်ခြင်း၊ နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံးမှ လက်ခံခြင်းမရှိသည့်ဝေါဟာရအသုံးအနှုန်းများပါဝင်နေခြင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အသိုက်အဝန်းနှင့် မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများအပေါ် အထင်အမြင်လွဲမှားစေမည့် ရေးသားချက်များပါဝင်နေခြင်းစသည်တို့ကို စိစစ်တွေ့ရှိရသည်။

၃။ သို့ဖြစ်ရာ လူ့အခွင့်အရေးကောင်စီက ယင်းဆုံးဖြတ်ချက်မချမှတ်မီ ဂျီနီဗာမြို့၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးသည် အထက်ဖော်ပြပါအချက်အလက်များပါဝင်သည့် စာပိုဒ်များကို ကန့်ကွက်ခြင်း၊ ခွင်းချက်ပြုခြင်း၊ မိမိနိုင်ငံ၏ရပ်တည်ချက်ကို ရှင်းလင်းပြောကြားခြင်းများ ပြုလုပ်ခဲ့ပါသည်။ ယင်းအပြင် ဆုံးဖြတ်ချက်တစ်ရပ်လုံးကိုလည်း မြန်မာနိုင်ငံအနေဖြင့် ပါဝင်ပတ်သက်မှုမရှိကြောင်း ရပ်တည်ပြောကြားခဲ့သည်။

၄။ မြန်မာနိုင်ငံသည် နိုင်ငံရေး၊ လူမှုစီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိရာ လေးနှစ်တာကာလအတွင်း သိသာထင်ရှားသည့်အောင်မြင်မှုများ ရရှိလျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် နုနယ်သော ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအနေဖြင့် ကြုံတွေ့ရမြဲဖြစ်သောစိန်ခေါ်မှုများကိုလည်း ကြိုးပမ်းကျော်လွှားလျက်ရှိပါသည်။ ဤသို့သိမ်မွေ့သည့် အခြေအနေမျိုးတွင် ဖြစ်ရပ်အချို့ကိုထောက်ပြဝေဖန်ခြင်းထက် ဖြစ်စဉ်တစ်ရပ်လုံး၏ ရည်မှန်းချက်အတိုင်း ပေါက်မြောက်အောင်မြင်မှုများတိုးတက်ရရှိစေရန် အပြုသဘောပံ့ပိုးခြင်းနှင့် အကြံပေးခြင်းများကိုသာ ပြုလုပ်သင့်ပါသည်။

၅။ မြန်မာနိုင်ငံအနေဖြင့် ပြည်သူများ၏လူ့အခွင့်အရေး တိုးမြှင့်ရရှိခံစားစေရန်နှင့် ကာကွယ်စောင့်ရှောက်ရန်အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် အပြုသဘောဖြင့် ကူညီအားပေးသော မိတ်ဆွေနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**၂၀၁၅ ခုနှစ် မတ်လ ၂၇ ရက်**

# မီဒီယာဝင်ခွင့်ကတ်များ ထုတ်ယူနိုင်

**မန္တလေး မတ် ၂၇**

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရောက်ရှိနေသည့် နေရောင်ခြည်စွမ်းအင်သုံး Solar Impulse -2 လေယာဉ်သည် မတ် ၂၉ ရက် ည ၁၀ နာရီတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်နိုင်ငံ ချုံကျင်းမြို့သို့ ဆက်လက်ထွက်ခွာမည်ဖြစ်ရာ သတင်းဓာတ်ပုံရယူလိုသည့် မီဒီယာများအနေဖြင့် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ် (၂၀×၂၁) လမ်းကြား၊ (၈၂×၈၃) လမ်းကြား ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)၌ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မီဒီယာဝင်ခွင့်ကတ်များကို မတ် ၂၉ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း လာရောက်ထုတ်ယူနိုင်ပြီဖြစ်သည်။

သတင်းရယူကြမည့် မီဒီယာများအနေဖြင့် မတ် ၂၉ ရက် ည ၇ နာရီတွင် မန္တလေးဘူတာကြီးစုရပ်မှ ကြို/ပို့ ယာဉ်ဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မိုးလေဝသအခြေအနေ

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

တွေ့ဆုံမေးမြန်းခြင်း

# မီဒီယာအချို့၏ဆန္ဒဖော်ထုတ်မှုသည် မြန်မာမီဒီယာလောကလွတ်လပ်ပွင့်လင်းမှုကို သက်သေပြရာရောက်သည့်အတွက်ကျေးဇူးတင်

ဦးရဲထွဋ်၊ ပြည်ထောင်စုဝန်ကြီး

**မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် လာရောက်ကျင်းပသော နိုင်ငံတကာစာနယ်ဇင်းအဖွဲ့အစည်း (IPI) ၏ (၆၅) ကြိမ်မြောက် ကမ္ဘာ့ညီလာခံကို ရန်ကုန်မြို့ချက်ထရီ ယမ်ဟိုတယ်၌ ယနေ့နံနက်ပိုင်းမှ စတင်ကျင်းပလျက်ရှိသည်။**

**အဆိုပါညီလာခံသို့ နိုင်ငံတကာမီဒီယာအဖွဲ့အစည်း အသီးသီးမှ ရှေ့ဆောင်မီဒီယာများ၊ အမှုဆောင်အယ်ဒီတာ နှင့် သတင်းအယ်ဒီတာများ၊ ထုတ်ဝေသူများ၊ သတင်းစာဆရာများ၊ မြန်မာနိုင်ငံနယ်ပယ်အသီးသီးရှိ သတင်းမီဒီယာလုပ်ငန်း လုပ်ကိုင်နေသူများ တက်ရောက်ကြပြီး မီဒီယာလွတ်လပ်ခွင့်နှင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးကြမည်ဖြစ်သည်။ အဆိုပါ ညီလာခံမကျင်းပမီ မီဒီယာလွတ်လပ်ခွင့်အတွက် ဆွေးနွေးပွဲကျင်းပရာသို့ လာရောက်လှုပ်ရှားမှုပြုလုပ်ခဲ့သော သတင်းမီဒီယာများ၏ ဆန္ဒသဘောထားများနှင့် ယင်းသို့ ဆန္ဒပြခြင်းအပေါ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ သဘောထားအမြင်များကို မြန်မာ့သတင်းစဉ်သတင်းအဖွဲ့မှ စုစည်းဖော်ပြလိုက်ပါသည်။**



ဦးကျော်ဇေယျာထွန်း



ဦးဝင်းဇော်နိုင်



ကိုအံ့မင်းညို

**ဦးကျော်ဇေယျာထွန်း (အယ်ဒီတာ)**
**မော်ကွန်းမဂ္ဂဇင်း**

ဘာကြောင့် ဒီဟာလုပ်ရလဲဆိုရင် လက်ပံတန်းဖြိုခွင်းမှုမှာ မီဒီယာသမားအချို့၊ သတင်းထောက်အချို့ အရိုက်ခံရတယ်။ နှစ်ယောက်အဖမ်းခံရတယ်။ ဒီကိစ္စက ကျွန်တော့်အမြင်မှာတော့ မီဒီယာဖိနှိပ်မှု တစ်ခုပဲ။

**မြန်မာနိုင်ငံရဲ့ မီဒီယာလောကက လွတ်လပ် ပွင့်လင်းလာတယ်ဆိုတာကို နိုင်ငံတကာက လာတဲ့သူတွေကိုလိုက်ပြီး ပြောပြနေစရာမလိုတော့ဘူး။ သူတို့ရဲ့ လုပ်ရပ်က သက်သေပြရာရောက်တဲ့အတွက် ကျွန်တော်က ကျေးဇူးတင်တယ်။**

ဆိုလိုတာက မြန်မာနိုင်ငံမှာ ရေးချင်တာရေးလို့ရပြီ။ စာပေစိစစ်ရေးမရှိတော့ဘူးလို့ပြောတယ်။ ဟုတ်တယ်။ ဒါကို လက်ခံတယ်။ ကျွန်တော်တို့ သတင်းသွားယူတဲ့အခါကျရင် အချက်အလက်မရတာရှိတယ်။ နောက်တစ်ခုက အခုလို ကိစ္စမျိုးပေါ့။ မီဒီယာကို ရိုက်လိုက်တယ်။ ဒီတော့ မီဒီယာဆိုရင် ရိုက်လို့ရတယ်ဆိုတဲ့ အသိတစ်ခုက လုံခြုံရေးတွေ ခေါင်းထဲကို ရောက်သွားတယ်။ ဒီလိုအသိဟာ ၂၀၁၅ အထိပါသွားခဲ့ရင် ၂၀၁၅ မှာ မီဒီယာလွတ်လပ်ခွင့်ဆိုတာဟာ ကျွန်တော်တို့အတွက် မေးခွန်းထုတ်စရာ ဖြစ်သွားလိမ့်မယ်။

မဲရုံနားကို မီဒီယာသမားလာရင် လာရှုပ်တာလားပေါ့။ ဖွမှာလားဆိုပြီး သုံးတာရှိတယ်။ အဲဒါမျိုးတွေနဲ့ ကျွန်တော်တို့ အလွယ်တကူ သတင်းယူခွင့်ကို ဟန့်တားတာ။ တားဆီးတာ နောက်ဆုံးရိုက်နှက်တာထိ လုပ်လို့ရတယ်ဆိုတာမျိုး လုပ်လာရင် ဒါဟာ မီဒီယာလွတ်လပ်ခွင့်ကို ဖိနှိပ်တာပဲ။ ပြည်သူရဲ့ သိရှိပိုင်ခွင့်ကို ဖိနှိပ်လိုက်တာပဲလို့ ကျွန်တော်ကတော့ ရှုမြင်တယ်။

နှစ်ပေါင်း ၂၀ ကျော်ကြာ ကျွန်တော်တို့ စာပေစိစစ်ရေး အောက်မှာနေခဲ့ရတယ်။ ဘာမှ ကျွန်တော်တို့က သိပိုင်ခွင့်မရှိဘူး။ အားလုံးက ကောင်းပါသည်ပဲ။ တကယ်တမ်းကျတော့ ပြည်သူတွေ ဒုက္ခအမျိုးမျိုးကို ခံစားနေရတယ်။

အခုကျွန်တော်တို့ လွတ်လပ်လာတယ်။ မီဒီယာက ရေးဖို့ ကြိုးစားတယ်။ အခုလိုမျိုး တားဆီးတာဟာ ပြည်သူတွေအနေနဲ့ သိခွင့်ရှိတာတွေမသိဘဲနဲ့ မျက်စိ ပိတ် နားပိတ်ဖြစ်သွားမယ်။ မလွတ်လပ်တဲ့ အဖွဲ့အစည်းတစ်ခုမှာ သတင်းတွေကို ထိမ်ချန်ထားရင် သို့လော သို့လောနဲ့ သံသယတွေများမယ်။ ပဋိပက္ခတွေဖြစ်မယ်။ ဒါဟာ ပွင့်လင်းမြင်သာမှု မရှိခြင်းရဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေပေါ့။

ဒီပွဲက နိုင်ငံတကာပွဲ။ ဒီတော့ နိုင်ငံတကာက မီဒီယာသမားတွေ၊ မီဒီယာနဲ့ဆက်စပ်တဲ့ အဖွဲ့အစည်းတွေ လာကြတယ်ဆိုတော့ ဒီအဖွဲ့အစည်းတွေ အနေနဲ့က မြန်မာနိုင်ငံမှာဖြစ်နေတဲ့ မီဒီယာရဲ့ အခင်းအကျင်းကို တွေ့သွားမယ်။ အစိုးရဘက်က မီဒီယာလွတ်လပ်ခွင့် ရှိပါတယ် ပြောနေပေမယ့် လက်ရှိ မြေပြင်မှာ ဖြစ်နေတဲ့ အနေအထားကတော့ ဒါပဲ။ စစ်မှန်တဲ့ မီဒီယာလွတ်လပ်ခွင့် ကျွန်တော်တို့မှာ မရသေးဘူး။

ဒီနေ့ ကျွန်တော်တို့ ဗီနိုင်းကိုင်တယ်။ ဂျာနယ်တွေ ဝေတယ်။ မြန်မာပို့စ်ဂျာနယ်။ အဲဒီမှာ ဘာပါလဲဆိုရင် ကျွန်တော်တို့က မီဒီယာလွတ်လပ်ခွင့်မရသေးပါဘူးတဲ့။ နောက်ပြီးတော့ စတစ်ကာတွေ ဝေတယ်။ ကျွန်တော်တို့က ဒီပွဲကိုလာပြီး ဆန္ဒပြတာ၊ ကန့်ကွက်ရှုတ်ချတာ မဟုတ်ဘူး။ ကျွန်တော်တို့သည် မီဒီယာလွတ်လပ်ခွင့်ကို



**(၆၅)ကြိမ်မြောက် နိုင်ငံတကာစာနယ်ဇင်း အဖွဲ့ အစည်း (IPI) ကမ္ဘာ့ညီလာခံ ကျင်းပစဉ် မီဒီယာသမား တစ်ဦး ဆန္ဒထုတ်ဖော်စဉ်။**
(သတင်းစဉ်)

ရချင်တဲ့အတွက် ဒီပွဲကလည်း မီဒီယာလွတ်လပ်ခွင့်ကို ဖော်ဆောင်နေတဲ့ ပွဲဖြစ်တဲ့အတွက် မီဒီယာ လွတ်လပ်ခွင့်ကို လာတောင်းဆိုတာ။ မီဒီယာလွတ်လပ်ခွင့်အတွက် လာလှုပ်ရှားတာပါ။

**ဦးဝင်းဇော်နိုင် (အယ်ဒီတာ)**

ကျွန်တော်က အခုလက်ရှိမှာ မြစ်မခသတင်းအေဂျင်စီမှာ သတင်းအယ်ဒီတာ။ အခု ဒီကိုလာတာကတော့ မြစ်မခနဲ့မဆိုင်ဘူး။ တစ်ဦးချင်းစီရဲ့ ပုဂ္ဂလိက ဆန္ဒနဲ့ လာတာ။ ဒီနေ့ လှုပ်ရှားမှုမှာ ကျွန်တော်တို့ နိုင်ငံတကာ သတင်းဌာနကလူတွေနဲ့ ဦးရဲထွဋ်ကို ကျွန်တော်တို့ ပြောတယ်။ အဓိကက ကျွန်တော်တို့ မီဒီယာတွေ ဖိနှိပ်ခံနေရတယ်။ ဒါကို ကျွန်တော်တို့က တစ်ကမ္ဘာလုံးကို သိစေချင်တယ်။ ကျွန်တော်တို့ မီဒီယာဖိနှိပ်မှုတွေ ရပ်ဖို့အတွက် အားလုံးကို ဒီပွဲမှာ တောင်းဆိုစေချင်တယ်။ အဓိက ရည်ရွယ်တာက မီဒီယာ ဖိနှိပ်ခံနေရတယ်ဆိုတာကို သိစေချင်လို့ လာပြီးတော့ လုပ်တာ။

ကျွန်တော်တို့ အတွင်းထဲက အခမ်းအနားမှာ ဘာမှ မလုပ်ပါဘူး။ ကျွန်တော်တို့ ဒီအဝင်မှာ စတေကာ လောက်ပဲ ဝေခွင့်ရှိတယ်။ ဒီပွဲကိုလာတဲ့သူတွေမေးရင် ဖြေမယ်။ လိုအပ်ရင် ရှင်းပြမယ်။ ဟိုတယ်ရဲ့ အပြင်ဘက်မှာတော့ အဖွဲ့လိုက် ဆန္ဒဖော်ထုတ်တယ်လို့ ပြောလို့ရပါတယ်။ မီဒီယာဖိနှိပ်မှုကို ရပ်ဖို့ အခြားသူတွေ ဒီပွဲကိုလာတဲ့ သူတွေ သိဖို့ပါ။

**ကိုအံ့မင်းညို (အလွတ်သတင်းထောက်)**

သူတို့ မီဒီယာတွေ လုံခြုံအောင် ဘယ်လိုလုပ်ဆောင်ပေးမလဲ ဆိုတာကို အဓိကထားပြီး ဆွေးနွေးဖို့ပဲ လိုအပ်ပါတယ်။ ကျွန်တော်တို့ ဒီနေ့ မီဒီယာတိုက်ခိုက်မှုရပ်ဆိုတဲ့ စာရွက်တွေ လိုက်ဝေတယ်။ အလုပ်သမားဆန္ဒပြမှုမှာလည်း အရိုက်ခံရတယ်။ လက်ပံတန်းမှာ တကယ် အရိုက်ခံခဲ့ရတယ်။ မြန်မာပို့စ်ကဆိုရင်လည်း တကယ်ထောင်ကျခဲ့တယ်။ ကျွန်တော်တို့ မီဒီယာတွေအတွက် လုံခြုံမှုတစ်ခုရှိဖို့ ဒီမှာလာရောက်ဆွေးနွေးတဲ့သူတွေ သိအောင်လို့ပါ။ ဒါဟာ ဆန္ဒထုတ်ဖော်မှု မဟုတ်ပါဘူး။ သိအောင်ဝေမျှပေးတဲ့ သဘောပါ။

**ဦးရဲထွဋ်**
**ပြည်ထောင်စုဝန်ကြီး**

အခုလို ဆန္ဒဖော်ထုတ်တဲ့အတွက် ဝမ်းသာပါတယ်။ ဘာလို့လဲဆိုတော့ မြန်မာနိုင်ငံမှာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိနေတယ်၊ **မြန်မာနိုင်ငံရဲ့ မီဒီယာလောကက လွတ်လပ်ပွင့်လင်းလာတယ်ဆိုတာကို နိုင်ငံတကာက လာတဲ့သူတွေကိုလိုက်ပြီး ပြောပြနေစရာမလိုတော့ဘူး။ သူတို့ရဲ့ လုပ်ရပ်က သက်သေပြရာရောက်တဲ့အတွက် ကျွန်တော်က ကျေးဇူးတင်တယ်။**

ဒုတိယတစ်ချက် အနေနဲ့က စာနယ်ဇင်းသမားတွေရဲ့ လုံခြုံရေးနဲ့ပတ်သက်ပြီး သူတို့ရဲ့ စိုးရိမ်ပူပန်မှုကို ကျွန်တော်တို့ အသိအမှတ်ပြုတယ်။ လက်ပံတန်းဖြစ်စဉ်နဲ့ပတ်သက်ပြီး ဘယ်နေရာတွေမှာ အားနည်းချက်ရှိသလဲဆိုတာ လေ့လာရမယ်။ **ရဲတပ်ဖွဲ့က ဆောင်ရွက်သွားတဲ့ လုပ်ငန်းစဉ်တစ်ခုလုံးအနေနဲ့က မမှားဘူး။ ရဲတပ်ဖွဲ့ဝင်တစ်ဦးချင်း အနေနဲ့ကတော့ လုံလောက်သော အင်အားသုံးခြင်းနဲ့ အလွန်အကျွံ အင်အားသုံးခြင်းကြားမှာ ကျော်လွန်မှုတွေရှိနိုင်တယ်။ ဒါကိုပြန်ပြီး သုံးသပ်ရမယ်။** သုံးသပ်ပြီးရင် လိုအပ်တဲ့လေ့ကျင့်မှု



ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်

တွေ ပြန်လုပ်သင့်ရင်လုပ်ရမယ်။ ရဲတပ်ဖွဲ့ဝင်တစ်ဦးချင်းကိုလည်း ပညာပေးဆွေးနွေးမှုတွေ လုပ်ရမယ်။ ဘာ့ကြောင့်လဲဆိုတော့ တစ်ပတ်လောက်နီးနီး အမျိုးမျိုးစတာ၊ နောက်ပြောင်တာ၊ အချို့က ထိကပါးရိကပါး ပြောတာတွေနဲ့ စော်ကားရာရောက်တဲ့ အသုံးအနှုန်း

**ရဲတပ်ဖွဲ့က ဆောင်ရွက်သွားတဲ့ လုပ်ငန်းစဉ်တစ်ခုလုံးအနေနဲ့က မမှားဘူး။ ရဲတပ်ဖွဲ့ဝင်တစ်ဦးချင်း အနေနဲ့ကတော့ လုံလောက်သော အင်အားသုံးခြင်းနဲ့ အလွန်အကျွံ အင်အားသုံးခြင်းကြားမှာ ကျော်လွန်မှုတွေရှိနိုင်တယ်။ ဒါကိုပြန်ပြီး သုံးသပ်ရမယ်။**

တွေရှိမယ်။ ဒါမျိုးတွေကို ရင်ဆိုင်လာရတဲ့ တပ်ဖွဲ့ဝင်တစ်ယောက်ဟာ သူ့ရဲ့ခံစားချက်နဲ့ လုပ်ငန်းတာဝန်ကို ဘယ်လောက်ခွဲခြားနိုင်မလဲဆိုတာကို ပြန်ပြီးသင်ကြားပေးရမယ်။ သကြၤန်ပြီးတဲ့ နောက်ပိုင်းမှာ ဒီကိစ္စကို သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ စာနယ်ဇင်းအဖွဲ့အစည်းတွေကြားထဲမှာ ဆွေးနွေးပွဲ တစ်ခုလုပ်ဖို့ စီစဉ်နေတယ်။

တတိယအချက်က လက်ပံတန်းဖြစ်စဉ်နဲ့ ပတ်သက်လို့ နိုင်ငံတကာ အစည်းအဝေးကြီးတစ်ခုကို သပိတ်မှောက်တယ်လို့ သူတို့ပြောတယ်။ ဒါပေမယ့် တကယ်တော့ IPI က စာနယ်ဇင်းလွတ်လပ်ခွင့်အတွက် နှစ်ပေါင်း (၆၅) နှစ်ကျော် လုပ်လာခဲ့တဲ့အဖွဲ့အစည်းဖြစ်ပြီး ဒီနေ့နဲ့ မနက်ဖြန်ဆွေးနွေးမယ့်အစီအစဉ်တွေကို ကြည့်လိုက်ရင် မြန်မာမီဒီယာလောကမှာ ရင်ဆိုင်နေရတဲ့ ပြဿနာတွေအားလုံးကို ဆွေးနွေးတာဖြစ်ပါတယ်။ ဒီပွဲကို တက်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ အခြေအနေတွေနဲ့ပတ်သက်ပြီး နိုင်ငံတကာက ကျွမ်းကျင်သူတွေကိုလည်းမေးခွင့်ရမယ်။ တခြားနိုင်ငံတွေမှာ ဘယ်လိုလုပ်နေတယ်ဆိုတာကို မေးခွင့်ရမယ်။ ကျွန်တော်လည်း တောက်လျှောက် တက်နေတာဖြစ်တဲ့အတွက် ကျွန်တော့်ကိုလည်းမေးခွန်းမေးခွင့်ရမယ်၊ အဲဒီအခွင့်အရေးကို လက်လွှတ်ခံပြီး ဆန္ဒပြရုံသက်သက် လုပ်တဲ့အတွက် သူတို့ဆုံးရှုံးသွားတဲ့ အခွင့်အရေးအတွက် ကျွန်တော်က စိတ်မကောင်းဖြစ်မိပါတယ်။

**မြန်မာ့သတင်းစဉ်(သတင်းအဖွဲ့)**

---

**ထူးခြားသည့် နေ့အပူချိန်**

ထူးခြားသည့် နေ့အပူချိန်မှာ ကြို့ပင်ကောက်မြို့တွင် ၃၉ ဒီဂရီ စင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သရက်မြို့တွင် ၀ ဒသမ ၅၀ လက်မ၊ လွိုင်ကော်မြို့တွင် ၁ ဒသမ ၁၀ လက်မ၊ ဖျာပုံမြို့နယ်တွင် ၀ ဒသမ ၇၈ လက်မ၊ ပူတာအိုမြို့တွင် ၀ ဒသမ ၃၉ လက်မနှင့် ကျိုင်းတုံမြို့တွင် ၀ ဒသမ ၃၂ လက်မတို့ ဖြစ်ကြသည်။

ပြည်တွင်းသတင်း

# နှစ်(၇၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ဆုရရှိသောစစ်ရေးပြတပ်ခွဲများအား ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် မတ် ၂၇**

၂၀၁၅ ခုနှစ် နှစ်(၇၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိကြသော စစ်ရေးပြတပ်ခွဲများအား ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စုရပ်သစ်တပ်စစ်ရေးပြကွင်း၌ ကျင်းပရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း တက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကြီး လှဌေးဝင်းအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ဖုန်းမြတ် ဦးဆောင်သည့် စစ်ရေးပြ စစ်ကြောင်းများက အလေးပြုကြသည်။

ထို့နောက် နှစ်(၇၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က စစ်ရေးပြ ဂုဏ်ပြုဆုရရှိကြသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုအထူးတပ်ဖွဲ့၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုတပ်ဖွဲ့၊ လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ်ရုံး ကိုယ်စားပြုတပ်ဖွဲ့၊ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုတပ်ဖွဲ့၊ သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုတပ်ဖွဲ့၊ တပ်မတော်(ကြည်း)(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသမီး)စစ်ရေးပြတပ်ခွဲတို့ကိုလည်းကောင်း၊ အလံကိုင်အဖွဲ့ အကောင်းဆုံးဆုရရှိသော ကျန်စစ်သားစစ်ကြောင်းကိုယ်စားပြု အလံကိုင်အဖွဲ့အားလည်းကောင်း၊ စစ်တီးဝိုင်းအဖွဲ့ အကောင်းဆုံးဆုရရှိသော ဘုရင့်နောင်စစ်ကြောင်း ကိုယ်စားပြု စစ်တီးဝိုင်းအဖွဲ့အား လည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦးက အကောင်းဆုံးစခန်း တတိယဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စစ်ချီသီချင်းအကောင်းဆုံး တတိယဆုရရှိသော အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စစ်စည်းကမ်းအကောင်းဆုံး တတိယဆုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စစ်ရေးပြအကောင်းဆုံး တတိယဆုရရှိသော အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ အကောင်းဆုံးစခန်း ဒုတိယဆုရရှိသော စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စစ်ချီသီချင်းအကောင်းဆုံး ဒုတိယဆုရရှိသော လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စစ်စည်းကမ်းအကောင်းဆုံး ဒုတိယဆုရရှိသော ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးအရာရှိချုပ်ရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စစ်ရေးပြအကောင်းဆုံး ဒုတိယဆုရရှိသော ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းက အကောင်းဆုံးစခန်း ပထမဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁) အားလည်းကောင်း၊ စစ်ချီသီချင်းအကောင်းဆုံး ပထမဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁) အားလည်းကောင်း၊ စစ်စည်းကမ်းအကောင်းဆုံး ပထမဆုရရှိသော ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စစ်ရေးပြအကောင်းဆုံး ပထမဆုရရှိသော ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စံပြတပ်ခွဲ တတိယဆုရရှိသော စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စံပြတပ်ခွဲ ဒုတိယဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲအားလည်းကောင်း၊ စံပြတပ်ခွဲ ပထမဆုရရှိသော ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု စစ်ရေးပြ ဂုဏ်ပြုတပ်ခွဲအားလည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဗိုလ်ချုပ်ကြီးလှဌေးဝင်းအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ဖုန်းမြတ် ဦးဆောင်သည့် စစ်ရေးပြ စစ်ကြောင်းများက အလေးပြုကြပြီး ဆုချီးမြှင့်ပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



ညှိနှိုင်း ကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး လှဌေးဝင်း နှစ်(၇၀) ပြည့် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် စံပြတပ်ခွဲ ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြု တပ်ခွဲအား ဆုချီးမြှင့်စဉ်။ (မြဝတီ)

# တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် အနုပညာရှင်များနှင့် စစ်ချီတေး၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာများပေးအပ်

**နေပြည်တော် မတ် ၂၇**

နှစ်(၇၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် ကွမ်းလုံရက် ၄၀ ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် စစ်ချီတေး၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းက အဖွင့်အမှာစကား ပြောကြားသည်။



ထို့နောက် ဗိုလ်ချုပ်ကြီး လှဌေးဝင်းက တပ်မတော်ဂုဏ်ပြု ကွမ်းလုံရက် ၄၀ ဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် ဒါရိုက်တာ ထပ်ဆင့်အကယ်ဒမီပန်းချီစိုးမိုး**(အပေါ်ယာပုံ)**၊ မူရင်းဝတ္ထုပြုစုသူ ဦးလှသောင်းနှင့် ဇာတ်ညွှန်းရေးသားသူ ထပ်ဆင့်အကယ်ဒမီ ဦးငြိမ်းမင်းတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုးက သရုပ်ဆောင်များဖြစ်ကြသည့် အကယ်ဒမီ ဦးဇော်ဦး၊ သူထူးစံ၊ စိုးရန်အောင်၊ အကယ်ဒမီ မေသဥ္ဇာဦးနှင့် မိုးယုစံတို့ကိုလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်က မိုးယံဇွန်၊ ထက်လူ၊ ထူးခန့်ကျော်၊ သတ္တိနှင့် မောင်ဟိန်းကျော်စိုးမိုးတို့ကိုလည်းကောင်း၊ စိတ်ဓာတ်ရေးရာနှင့်လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦးက အုပ်ချုပ်သူ ဗိုလ်မှူးကြီး ခင်မောင်ချို၊ ရိုက်ကူးရေးတာဝန်ခံအရာရှိ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦး၊ ဝတ္ထုနှင့်တွဲဖက်ဒါရိုက်တာ ဗိုလ်ကြီး တင်အောင်စိုး၊ စက်မှုနှင့် တည်းဖြတ် ဗိုလ်ကြီး ဗညားအောင်တို့အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ အသီးသီးပေးအပ်သည်။

၎င်းနောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နှစ်(၇၀)ပြည့် တပ်မတော်နေ့ စစ်ချီတေးသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ဒေါ်ခင်မိုးထွေး/မိုးသူ(သုခုမ)၊ ဒုတိယဆုရရှိသော တပ်ကြပ်သက်ဝေ၊ တတိယဆုရရှိသော အရာခံဗိုလ်ကျော်လေး၊ နှစ်သိမ့်ဆုရရှိသော ဗိုလ်ကြီးအောင်မိုးလင်းနှင့် တပ်ကြပ်ကြီးမင်းနိုင်၊ စစ်သည်တေးသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ဒေါ်မေသန့်ရွှေ/မေသန့်(သုခုမ)၊ ဒုတိယဆုရရှိသော ဦးဝေလင်း/ဝေလင်း (သုခုမ)၊တတိယဆုရရှိသော တပ်ကြပ်သက်ဝေ၊ နှစ်သိမ့်ဆုရရှိသောဗိုလ်ကြီးအောင်မိုးလင်းနှင့် တပ်ကြပ်ကြီး တင်မောင်လတ်နှင့် ဝတ္ထုတိုစာမူပြိုင်ပွဲတွင် ပထမဆုရရှိသော တပ်ကြပ်ကြီး တင့်ငွေ၊ ဒုတိယဆုရရှိသော ဦးအောင်ကျော်မိုး/ နီသင်အောင်ကျော်မိုး၊ တတိယဆုရရှိသော မနန်းစောညွှန့်/စောငယ်ငယ် (မိုးညှင်း)၊ နှစ်သိမ့်ဆုရရှိသော မခင်သန္တာနှင့် ဦးမြင့်သိန်း/ထွန်းနိုင်တို့အား ဂုဏ်ပြုဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့်အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေးက ကဗျာပြိုင်ပွဲတွင် ပထမဆုရရှိသော တပ်ကြပ်ကြီး စာရေးဆရာ ဘိုသန်း/ဘုန်းရဲနိုင်(ကံ့ကော်)၊ ဒုတိယဆုရရှိသော မောင်သက်ဌေးအောင်/သက်ဝေမျှ၊ တတိယဆုရရှိသော အောင်သက်ကို (ပုံညာမြေရွှေဖူး)၊ နှစ်သိမ့်ဆုရရှိသော ဦးခင်မောင်မြ/ခင်မောင်မြ(ညောင်ရွှေ)နှင့် တပ်ကြပ်ကြီး ကြည်မြင့်/မောင်ရေမွှေး (ပေလေးပင်)၊ တပ်မတော်၏ သမိုင်းကြောင်းနှင့်ယှဉ်သော ဒီမိုကရေစီဖော်ဆောင်မှုနှင့်ပတ်သက်၍ စစ်ချီသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ဗိုလ်ဖုန်းမြင့်(အငြိမ်းစား)၊ ဒုတိယဆုရရှိသော တပ်ကြပ်ကြီး သက်ဝင်းလှိုင်၊ တတိယဆုရရှိသော တပ်ကြပ်ကြီး မင်းနိုင်၊ နှစ်သိမ့်ဆုရရှိသော တပ်ကြပ်ကြီး မောင်မျိုးနှင့် တပ်ကြပ်ကြီး သန့်ဇင်ဦးတို့အား လည်းကောင်း ဂုဏ်ပြုဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ အသီးသီးပေးအပ်သည်။

ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပွဲအပြီးတွင် အခမ်းအနား တက်ရောက်လာကြသူများအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

❀ *ကျောဖုံးမှ*

မော်တော်ယာဉ်ဖြင့် လာရောက်သူများအတွက် ၁၆ နာရီမျှ ရန်ကုန်မှ သံတွဲသို့ စီးနင်းလိုက်ပါရောက်ရှိနိုင်သည်။

ငပလီကမ်းခြေသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အများဆုံးလာရောက်မှုတွင် ဥရောပနိုင်ငံများမှ အများဆုံးဖြစ်ကြသည်။ အထူးသဖြင့် ဆွစ်ဇာလန်၊ ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံများမှ ခရီးသွားများလာရောက်လေ့လာ အပန်းဖြေကြသည်။ ငပလီကမ်းခြေ အနီးဝန်းကျင်တွင်ရှိသော ပုလဲကျွန်း၊ သဲဖြူကျွန်းသို့ လှေဖြင့် ငှားရမ်းသွားရောက်လေ့လာနိုင်သလို ရေအောက်ရှိ ပင်လယ်ငါး၊ သန္တာကျောက်တန်းများနှင့်ခရုများကိုလည်း ရေငုပ်ပြီးလေ့လာနိုင်သည်။

ငပလီကမ်းခြေအနီး တံငါရွာများကိုလည်းသွားရောက်ကာ ရခိုင်ဒေသခံ တံငါလုပ်သားတို့၏ ဓလေ့စရိုက်နှင့် ရေလုပ်ငန်းလုပ်ကိုင်နေကြပုံကိုလည်း မျက်ဝါးထင်ထင်မြင်တွေ့နိုင်သည်။ ကမ်းခြေအနီး မဒေးတောင်ပေါ်ရှိ ရုပ်တော်မူဘုရားကြီးကို တက်ရောက်ဖူးမြော်ပြီး ကုသိုလ်ပွားများနိုင်သည့် အခွင့်အရေးလည်းရှိနေသည်။

ငပလီကမ်းခြေတွင် ဟိုတယ်နှင့် တည်းခိုရိပ်သာများ တိုးတက်ဖွံ့ဖြိုးလာစေရန် စနစ်တကျစိစစ်ခွင့်ပြုပေးနေသလို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိရန်နှင့် ဂေဟစနစ်များ မပျက်စီးစေရန်လည်း ထိန်းသိမ်းစောင့်ရှောက်မှုများ ရှိနေသည်။

ငပလီကမ်းခြေရှိ အဓိကလမ်းမကြီးဖြစ်သော မဇင်-ငပလီ-လုံးသာလမ်းမှာ အရှည်ရှစ်မိုင်ရှိရာ ကတ္တရာကွန်ကရစ်လမ်းခင်းမှုများ ပြုလုပ်ခဲ့ရာ သွားလာရေးအဆင်ပြေလျက်ရှိသည်။ ငပလီကမ်းခြေကို သဘာဝအတိုင်း ထိခိုက်မှုမရှိစေရန် ငပလီကမ်းခြေ ရှောင်ကွင်းလမ်းအဖြစ် အရှည်ငါးမိုင် ငါးဖာလုံလမ်းကိုလည်း အသစ်ဖောက်လုပ်ပေးထားပြီဖြစ်သည်။

ငပလီကမ်းခြေရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများ ရေချိုရရှိစေရန် ဇီးဖြူကုန်းဆည်တည်ဆောက်ပြီး ပိုက်လိုင်းများ သွယ်တန်းကာ ဒေသခံပြည်သူများနှင့် ဟိုတယ်များအား ရေချိုများဖြန့်ဖြူးပေးထားပြီဖြစ်သည်။ လျှပ်စစ်မီးရရှိရေးနှင့် အင်တာနက်လိုင်းများ ကောင်းမွန်ရေးကိုလည်း ဆောင်ရွက်ပေးထားရာ သံတွဲမြို့၌ ၆၆ ကေဗွီ ဓာတ်အားခွဲရုံကို တည်ဆောက်ပေးထားပြီးဖြစ်သလို ငပလီ (ရွှေဝါချိုင်) အော်တိုအိတ်ချိန်းတွင်လည်း ADSL စနစ် တပ်ဆင်ခြင်းများကို ဆောင်ရွက်ပေးထားသည်။

မြန်မာနိုင်ငံရှိ အပန်းဖြေကမ်းခြေများတွင် အလှပဆုံးကမ်းခြေဖြစ်သည့် ငပလီကမ်းခြေ၊ ဆွဲဆောင်မှုအရှိဆုံး ငပလီကမ်းခြေသို့ လေကြောင်းခရီးစဉ်များလည်း တိုးချဲ့ပျံသန်းနေပြီ။ သဘာဝပတ်ဝန်းကျင်မထိခိုက်စေသည့် ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်ထားသည်ဖြစ်ရာ ကမ္ဘာလှည့် ခရီးသွားများအတွက် စိတ်ချမ်းမြေ့စရာ ခရီးစဉ်ပင်ဖြစ်သည်။

**(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး နှစ်(၇၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မတ် ၂၇

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ၂၀၁၅ ခုနှစ် နှစ်(၇၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို ယနေ့ ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဥပစာရင်ပြင်၌ ကျင်းပသည်။**

ရှေးဦးစွာ ဂုဏ်ပြုညစာစားပွဲ စတင်ကျင်းပချိန်တွင် နှစ်(၇၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် တပ်မတော်နေ့ စစ်ရေးပြကွင်းနှင့် ဘုရင့်နောင်ရိပ်သာတို့မှ မီးရှူးမီးပန်းများ ပစ်ဖောက်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် ၂၀၁၅ ခုနှစ် တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပသည့် ဇေယျာသီရိဗိမာန် ဥပစာရင်ပြင်သို့ ည ၇ နာရီတွင် ရောက်ရှိလာပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီး လှငွေးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး သူရသက်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ဇနီးတို့နှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တပ်မတော် အငြိမ်းစားအရာရှိကြီးများနှင့် ဇနီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများ၊ တပ်မတော် အမျိုးသမီးအရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များ၊ တက္ကသိုလ် လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင် ကျောင်းဆရာများနှင့် ကျောင်းသားများ၊ နယ်ခြားစောင့်တပ်များ၊ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့များ၊ အနုပညာရှင်များ၊ စစ်ချီတေး၊ စစ်သီတေး၊ ကဗျာ၊ ဝတ္ထုပြိုင်ပွဲများတွင် ဆုရရှိသူများ၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ) အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နှစ်(၇၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (မြဝတီ)

နှစ် (၇၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ မြဝတီတေးဂီတအဖွဲ့နှင့် အနုပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဇေယျာသီရိဗိမာန် သဘင်ဆောင်ခန်းမ၌ မြဝတီအငြိမ့်အဖွဲ့နှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများမှ စစ်သည်၊ စစ်သမီးများက ယဉ်ကျေးမှု အကပဒေသာများဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# မျိုးဆက်သစ်များက တပ်မတော်အား ပိုကောင်းသည်ထက်ကောင်းအောင်၊ ခိုင်မာသည်ထက်ခိုင်မာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် မတ် ၂၇**

နှစ်(၇၀)ပြည့် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသော တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားအရာရှိကြီးများအား ဂါရဝပြုကန်တော့သည့် အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ တက်ရောက်ဂါရဝပြုကန်တော့ကြသည်။



**တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များက တပ်မတော် အငြိမ်းစား အရာရှိကြီးများအား ဂါရဝပြု ပစ္စည်းများ ပေးအပ်စဉ်။** (မြဝတီ)

အဆိုပါ ဂါရဝပြုအခမ်းအနားသို့ တပ်မတော် အငြိမ်းစားအရာရှိကြီးများဖြစ်ကြသော ဗိုလ်ချုပ် သူရစောဖြူ၊ ဗိုလ်မှူးချုပ် တင့်ဆွေ၊ ဗိုလ်မှူးချုပ် လှထွန်း၊ ဗိုလ်မှူးချုပ် သန်းတင်၊ ဗိုလ်ချုပ်အောင်ခင်၊ ဗိုလ်မှူးချုပ် အေးစန်၊ ဗိုလ်မှူးချုပ် မျိုးအောင်၊ ဒုတိယ ဗိုလ်ချုပ်ကြီး မောင်မောင်ခင်၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဘ၊ ဒုတိယဗိုလ်ချုပ်ကြီး သန်းညွန့်၊ ဒုတိယဗိုလ်ချုပ်ကြီး သိန်းဝင်း၊ ဗိုလ်မှူးချုပ် မောင်မောင်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းသိန်း၊ ဒုတိယ ဗိုလ်ချုပ်ကြီး ဝင်းမြင့်၊ ဒုတိယ ဗိုလ်ချုပ်ကြီး တင်အေး၊ ဒုတိယ ဗိုလ်ချုပ်ကြီး တင်ငွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဗိုလ်ချုပ် စိန်ထွား၊ ဗိုလ်ချုပ် တင်ငွေ၊ ဗိုလ်ချုပ် မြင့်အောင်၊ ဒုတိယဗိုလ်ချုပ်ကြီး ကြည်မင်း၊ ဗိုလ်ချုပ် မြင့်ဆွေ၊ ဗိုလ်ချုပ် မောင်ညို၊ ဗိုလ်ချုပ် တင်ငွေ၊ ဗိုလ်ချုပ် ဝင်းမြင့်၊ ဗိုလ်ချုပ် သိန်းထွန်း၊ ဗိုလ်ချုပ် အောင်ကြည်၊ ဗိုလ်ချုပ် ခင်မောင်တင့်နှင့် အငြိမ်းစားအရာရှိကြီးများ၏ ဇနီးများ တက်ရောက်ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နှစ်(၇၀) ကျော်ကာလအတွင်း ခေတ်အဆက်ဆက် တာဝန်များစွာကို ပခုံးပြောင်းထမ်းဆောင်ကာ တပ်မတော် သန္ဓေတည်မှုပိုမိုရင့်သန်အောင် လုပ်ဆောင်ပေးခဲ့ကြသည့် မိမိတို့၏ အမိအဖများဖြစ်ကြသော အငြိမ်းစားတပ်မတော်အရာရှိကြီးများအား ကံသုံးပါးတို့ဖြင့် အလေးအမြတ်ထား ကန်တော့ပါကြောင်း၊ မျိုးဆက်ဟောင်းများမှသည် လက်ရှိမျိုးဆက်သစ်များ၊ မိမိတို့မှတစ်ဆင့် အနာဂတ်မျိုးဆက်သစ်များသို့တိုင် တပ်မတော်၏ အစဉ်အလာနှင့်အညီ လက်ဆင့်ကမ်းအမွေ ပေးဝေသွားမည်ဖြစ်ပါကြောင်း၊ မျိုးဆက်သစ်များကလည်း တပ်မတော်အား ရှေ့ကထက် ပိုကောင်းသည်ထက် ကောင်းအောင်၊ ခိုင်မာသည်ထက် ခိုင်မာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြင့် ရှင်းလင်းတင်ပြပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား တပ်မတော် အငြိမ်းစားအရာရှိကြီးများအား မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာနှင့်အညီ ရိုသေစွာဖြင့် ဂါရဝပြုကန်တော့ကြသည်။

ယင်းနောက် တပ်မတော်အငြိမ်းစားအရာရှိကြီးများကိုယ်စား ဗိုလ်မှူးချုပ် လှထွန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်တို့က တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများအတွက် ဆုံးမဩဝါဒနှင့် ဆုမွန်ကောင်းစကားများ ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက တပ်မတော် အငြိမ်းစားအရာရှိကြီးများထံသို့ ဂါရဝပြုပစ္စည်းများ ကိုယ်တိုင်ကိုယ်ကျ ရိုသေစွာပေးအပ်ကြသည်။

ယခင်(၆၉)နှစ်မြောက် တပ်မတော်နေ့တွင် စစ်ရေးပြအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားများသို့ တပ်မတော်အငြိမ်းစားအရာရှိကြီးများအား ဖိတ်ကြားခဲ့ရာ အငြိမ်းစားအရာရှိကြီး ၁၅ ဦးတို့ တက်ရောက်ခဲ့ပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့ခဲ့ကြသည်။ ယခု နှစ်(၇၀)ပြည့် တပ်မတော်နေ့ အခမ်းအနားတွင် အငြိမ်းစားအရာရှိကြီးတို့အား ဖိတ်ကြားခဲ့ရာ စစ်ရေးပြအခမ်းအနားသို့ ၄၇ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းများ အခမဲ့ပြသ လာရောက်ကြည့်ရှုသူများပြား

**ရန်ကုန် မတ် ၂၇**

နှစ်(၇၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုဇာတ်လမ်းများကို ရန်ကုန်မြို့ ရွှေဆောင်ရုပ်ရှင်ရုံတွင် ယနေ့နံနက် ၁၀ နာရီမှစတင်ကာ အခမဲ့ပြသပေးလျက်ရှိရာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိကြောင်း တွေ့ရသည်။

တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းများကို လာရောက်ကြည့်ရှုသည့် အလုံမြို့နယ်နေ စစ်မှုထမ်းဟောင်း တစ်ဦးဖြစ်သူ ဦးတင်ဝင်းက "တပ်မတော်နဲ့ဆိုင်တဲ့ဇာတ်ကားတွေ ပြန်ကြည့်ရတဲ့အတွက် တပ်မတော်မှာ တာဝန်ထမ်းဆောင်ခဲ့သူတစ်ယောက်အနေနဲ့ ပြန်သတိရတယ်။ တပ်မတော်နေ့နီးမှ ပြတာမဟုတ်ဘဲ ကြားထဲမှာလည်း ကြိုးကြားကြိုးကြား ပြစေချင်တယ်။ နိုင်ငံခြားကလာတဲ့ ဇာတ်ကားတွေကိုပြတာထက် တပ်မတော်ဇာတ်လမ်း ဇာတ်ကားတွေပြတာ လူငယ်တွေအတွက် ဗဟုသုတလည်းရတယ်။ စိတ်ဓာတ်လည်း တက်ကြွစေတာပေါ့" ဟု ပြောသည်။

"ဒီဇာတ်ကားတွေဟာ နိုင်ငံမှာ လက်ရှိဖြစ်နေတဲ့ ပုံရိပ်တွေကို မီးမောင်းထိုးပြသလို တကယ့်လူမှုဘဝနဲ့လည်း မဝေးတဲ့အတွက် ကြည့်သူတွေရဲ့ ရင်ထဲမှာ စွဲကျန်နေတယ်။ လူငယ်တွေအတုယူရမယ့် သင်ခန်းစာတော်တော်များများကိုလည်း ပေးနိုင်တယ်။ အထူးသဖြင့် အဖေနှင့်သားများ ဇာတ်ကားဆို ဘယ်တော့ကြည့်ကြည့် မရိုးတဲ့ ဇာတ်ကားကောင်းတစ်ကားပါ" ဟု တပ်မတော်ဂုဏ်ပြုဇာတ်လမ်း လာရောက်ကြည့်ရှုသူ ကိုဝေလင်းက ပြောသည်။

ရန်ကုန်မြို့ ရွှေဆောင်ရုပ်ရှင်ရုံတွင် မတ် ၂၇ ရက် (တပ်မတော်နေ့) နံနက် ၁၀ နာရီတွင် အဖေနှင့်သားများ၊ မွန်းလွဲ ၁၂ နာရီခွဲတွင် ကြယ်စင်မော်ကွန်း၊ ညနေ ၃ နာရီခွဲတွင် အဖေတူသား၊ ညနေ ၆ နာရီခွဲတွင် ကြယ်စင်မော်ကွန်း၊ ည ၉ နာရီခွဲတွင် သားကောင်းမိခင် စသော တပ်မတော်နှင့်သက်ဆိုင်သော ဇာတ်လမ်းများ အခမဲ့ပြသခဲ့ကြောင်း သိရသည်။

**မင်းသစ်**

ပြည်တွင်းသတင်း

☆ *ရွှေဖုံးမှ*

ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊



တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ဂုဏ်ပြုပန်းကုံးစွပ်၍ ကြိုဆိုစဉ်။ (မြဝတီ)

တပ်မတော်အငြိမ်းစား အရာရှိကြီးများ၊ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံ့ချီရာပြည့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်ကျောင်းဆရာများနှင့် ကျောင်းသားများ၊ နယ်ခြားစောင့်တပ်များ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့များ၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)အဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပ သတင်းဌာနများမှ သတင်းထောက်များ၊ ပြည်တွင်းဂျာနယ်၊ မဂ္ဂဇင်းများမှ သတင်းထောက်များ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နှစ်(၇၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများ ချီတက်မည့် စုရပ်သစ်တပ်စစ်ရေးပြကွင်းမှ စစ်ရေးပြကွင်းကြီး၏ အဝင်မုခ်ဦး၊ ၎င်းမှ စစ်ရေးပြကွင်းကြီးတစ်လျှောက် လမ်းဘေးဝဲ/ယာတို့တွင် အမြဲစိမ်းပင်များ၊ ပုံဖော်ပင်များ၌ လျှပ်တစ်ပြက်မီးရောင်စုံများ၊ မီးပြေးများကို စနစ်တကျ တပ်ဆင်ထွန်းညှိထားရှိသည်။

ထို့နောက် နံနက် ၅ နာရီတွင် ၂၀၁၅ ခုနှစ် နှစ်(၇၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ကြမည့် ယန္တရားတပ်ဖွဲ့များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်သည်များ၊ တပ်မတော်(ကြည်း) (အမျိုးသမီး)ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသမီး)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့သည် စစ်ရေးပြအခမ်းအနားသို့ စစ်ကြောင်းကြီးများအလိုက် သစ်တပ်စစ်ရေးပြကွင်း၌ စတင်စုရုံးရောက်ရှိနေရာယူကြပြီး စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ဖုန်းမြတ် ဦးဆောင်၍ နှစ်(၇၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများ စုရပ်စစ်ရေးပြကွင်းမှ တပ်မတော်နေ့အခမ်းအနား ကျင်းပသည့် စစ်ရေးပြကွင်းကြီးဆီသို့ စတင်ချီတက်လာချိန်မှစ၍ ဒုတိယသမ္မတ ဦးညွန့်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၏ ဇနီး ဒေါ်မာမာဝေ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ဇနီး ဒေါ်ဝေမာမာထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၏ ဇနီး ဒေါ်အေးအေးသန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၏ ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီးတို့က ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိ၊ စစ်သည်မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးတို့မှ အရာရှိ၊ စစ်သည် မိသားစုများ၊ ဒေသခံ မိဘပြည်သူများကလည်း စစ်ကြောင်းကြီးများ ချီတက်ရာလမ်းတစ်လျှောက် သောင်းသောင်းဖြဖြကြိုဆိုကာ ဂုဏ်ပြုပန်းကုံးများ စွပ်ကြသည်။

စစ်ကြောင်းကြီး ငါးကြောင်းမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၀၃၆၇ ဦးတို့သည် စုရပ်သစ်တပ်စစ်ရေးပြကွင်းမှ စတင်၍ သတ်မှတ်အစီအစဉ်အတိုင်း စစ်ရေးပြကွင်းကြီးဆီသို့ ချီတက်စဉ် ဇာတိသွေး၊ ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆိုကြပြီး စစ်ရေးပြကွင်းကြီးအတွင်းသို့ ရောက်ရှိနေရာယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပရာ စစ်ရေးပြကွင်းကြီးသို့ ရောက်ရှိလာပြီး စစ်ရေးပြကွင်းကြီးအတွင်းရှိ အလေးပြုခံစင်မြင့်၌ နေရာယူသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အလေးပြုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မော်တော်ယာဉ်ဖြင့် စစ်ရေးပြ စစ်ကြောင်းကြီးများအား စစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံအား အလေးပြုကြရာ ဗဟိုစစ်တီးဝိုင်းအဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ယင်းနောက် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး စစ်ကြောင်းကြီးများမှ (ကြည်း၊ ရေ၊ လေ) တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက သစ္စာလေးချက်ကို သံပြိုင်ညီညာ ရွတ်ဆိုကြသည်။



တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသမီး) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ ပါဝင်ချီတက်စဉ်။ (မြဝတီ)

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် တပ်မတော်သည် တိုင်းရင်းသားပြည်သူများနှင့်အတူ အသက်၊ သွေး၊ ချွေးမြောက်မြားစွာပေးဆပ်ပြီး လွတ်လပ်ရေးကို အရယူပေးခဲ့ရုံသာမက လွတ်လပ်ရေးကို မဆုံးရှုံးရန်လည်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ရကြောင်း၊ လွတ်လပ်ရေးရပြီးချိန်မှစ၍ နယ်ချဲ့များအမွေပေးခဲ့သည့် အချင်းချင်းမကျေနပ်မှု၊ မယုံကြည်မှုများကြောင့် အယူဝါဒနှင့် အတွေးအခေါ်များကွဲပြားပြီး လက်နက်ကိုင် ပဋိပက္ခတွေပေါ်ပေါက်လာ၍ တပ်မတော်သားများသည် အသက်ခန္ဓာများ စွန့်လွှတ်ပေးဆပ်ပြီး ပြည်ထောင်စုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ မဆုံးရှုံးရစေရေးအတွက် ကာကွယ်စောင့်ရှောက်ခဲ့ရကြောင်း၊

ထို့အပြင် ပြည်ပတရုတ်ဖြူတပ်များ၏ ကျူးကျော်မှုကိုလည်း ပြည်သူလူထုနှင့်လက်တွဲပြီး စစ်ဆင်ရေးကြီးများ ဆင်နွှဲတိုက်ထုတ်ခဲ့ရကြောင်း၊ ထိုသို့ ပြည်ပကျူးကျော်မှုများနှင့် ပြည်တွင်းဆူပူသောင်းကျန်းမှုများ ချုပ်ငြိမ်းရေးအတွက် နေရာဒေသအသီးသီးတွင် တပ်မတော်ကဆင်နွှဲခဲ့သည့် စစ်ဆင်ရေးကြီးများသည် သမိုင်းကြောင်းတွင် အထင်အရှားရှိခဲ့သလို သမိုင်းအစဉ်အလာနှင့်အညီ နိုင်ငံတကာ တပ်မတော်များ၏ ကျင့်စဉ်အတိုင်း ပိုင်နက်နယ်မြေလုံခြုံရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် ပြည်တွင်း၊ ပြည်ပအန္တရာယ် မှန်သမျှကို တပ်မတော်အနေဖြင့် တိုက်ထုတ်ကာကွယ် စောင့်ရှောက်သွားမည် ဖြစ်ကြောင်း။

တပ်မတော်သည် ပြည်ပကျူးကျော်မှုနှင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကိုသာမက အမျိုးသားနိုင်ငံရေးတာဝန်များကိုပါ ထမ်းဆောင်ခဲ့ရကြောင်း၊ ၁၉၅၈ ခုနှစ် နိုင်ငံရေးအကျပ်အတည်းကာလ၊ ၁၉၆၂ ခုနှစ် ပြည်ထောင်စုကြီးပြိုကွဲပြီး အချုပ်အခြာအာဏာ ဆုံးရှုံးရမည့်အခြေအနေနှင့် ၁၉၈၈ ခုနှစ် မင်းမဲ့စရိုက်ဆန်သည့် အရေးအခင်းကာလများတွင် တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးတို့အတွက် နိုင်ငံတော်တာဝန်ကို လွှဲပြောင်းထမ်းဆောင်ပြီး အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းခဲ့ရကြောင်း။

တပ်မတော်သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး မူဘောင်(၃)ရပ်ချမှတ်ပြီး နိုင်ငံတော်၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက် ရှိကြောင်း၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်သည် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဖြစ်ကြောင်း၊ ထိုအချက်ကို အလေးထားပြီး တပ်မတော်အပါအဝင် နိုင်ငံရေးပါတီ၊ လူပုဂ္ဂိုလ်အဖွဲ့အစည်း အသီးသီးတို့တွင် အသိတရားရှိစွာဖြင့် ဝိုင်းဝန်းထိန်းသိမ်း ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူလူထုက ရွေးချယ်ခဲ့သည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် ပြည်သူ့အကျိုးကို ရှေးရှုသော မိမိတို့တပ်မတော်ကလည်း ဒီမိုကရေစီဖြစ်ထွန်းမှုကို လိုလားပြီး



တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဒုတိယသမ္မတ ဦးညွန့်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့် ဂုဏ်ပြုပန်းကုံးစွပ်၍ ကြိုဆိုစဉ်။ (မြဝတီ)

အစဉ်အမြဲထိန်းကျောင်း ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ခိုင်မာလာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော် အနေဖြင့်လည်း ပါတီစုံ ဒီမိုကရေစီစနစ်နှင့်အတူ တိုင်းပြည်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ကျင့်သုံးလျက် ရှိကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်နှင့် အညီ နိုင်ငံပိုင်ကဏ္ဍများကို လျှော့ချပြီး ပုဂ္ဂလိကပိုင်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့်အပြင် စီးပွားရေးပိတ်ဆို့ဟန့်တားမှုများကိုလည်း ဖယ်ရှားဖြေလျှော့ပေးနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ တိုင်းပြည်၏စီးပွားရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်စီးပွားရေးဖော်ဆောင်မှု ခိုင်မာအားကောင်းရန် မိမိတို့ တပ်မတော်အနေဖြင့် ကာကွယ်လုပ်ဆောင်သွားမည် ဆိုသည်ကို အခိုင်အမာ ပြောကြားလိုကြောင်း။

ပြည်သူလူထု၏ ပကတိလိုအပ်ချက်သည် အေးအေးချမ်းချမ်း နေထိုင်လုပ်ကိုင်စားသောက်ပြီး စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြင့် မိမိတို့၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ကြောင်း၊တစ်နည်းအားဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကသာလျှင် ပြည်သူတို့၏ ပကတိလိုအပ်ချက်နှင့် ဆန္ဒအမှန်ပင်ဖြစ်ကြောင်း၊ ပြည်သူတို့၏ ဆန္ဒအမှန်နှင့် လိုလားချက်ကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် မိမိတို့ တပ်မတော်သားများအနေဖြင့် အစိုးရ၊ လွှတ်တော်၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းပြီး စည်းကမ်းဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ထို့အပြင် တိုင်းပြည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးများ ဆောင်ရွက်သကဲ့သို့ ခြိုးခြံချွေတာရေးကိုလည်း ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အထူးသဖြင့် ရေသယံဇာတ၊ သစ်တောသယံဇာတ၊ စွမ်းအင်နှင့်လျှပ်စစ်စသည့် သဘာဝအရင်းအမြစ်များကို သားစဉ်မြေးဆက်များအထိ အကျိုးရှိစွာ သုံးစွဲနိုင်ရန် ကောင်းမွန်သောအစီအမံများချမှတ်ပြီး ထိန်းသိမ်းကာကွယ်ဆောင်ရွက်ရမည် ဖြစ်သကဲ့သို့ ကာကွယ်ရေးစွမ်းအား တည်ဆောက်သည့် နေရာတွင်လည်း စားသောက်နေထိုင်ရေးကစ၍ ငွေကြေး၊ ရုပ်ဝတ္ထုပစ္စည်းပိုင်းဆိုင်ရာများကို ခြိုးခြံချွေတာ အလေအလွင့်မရှိစေရေး အကျိုးရှိရှိ သုံးစွဲရန်လိုအပ်ကြောင်း၊ မိမိကိုယ်ကိုယ် ခြိုးခြံချွေတာခြင်းဖြင့်လည်း ရဲဘော်တို့အနေဖြင့် ကျန်းမာရေးကို ထိခိုက်စေသည့် အသောက်အစား အပျော်အပါးများကို ရှောင်ရှားနိုင်ပြီး တိုင်းပြည်အကျိုး၊ တပ်မတော်အကျိုးကို ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ပြည်ထောင်စုနယ်မြေအတွင်း ဒေသအသီးသီးတွင် တိုင်းရင်းသားအားလုံး စုစည်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်သကဲ့သို့ အိမ်နီးနားချင်းနိုင်ငံများနှင့်လည်း တိကျသော နယ်မြေနယ်နိမိတ်များ သတ်မှတ်ပိုင်းခြားထားပြီးဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံးကိုလည်း တူညီသည့်အခွင့်အရေးများ ပေးထားပြီးဖြစ်ကြောင်း၊ အုပ်ချုပ်မှုလွယ်ကူစေရန် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်တိုင်းဒေသကြီးများ သတ်မှတ်ထားသကဲ့သို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသများလည်း ခွဲဝေပေးထားပြီးဖြစ်

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

ဆောင်းပါး

# မှုခင်းကျဆင်းရေး ပြည်သူလူထုပူးပေါင်းဆောင်ရွက်ပေး

ကိုမြင့်

နေပြည်တော်ကောင်စီ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဝန်ထမ်းအိမ်ရာများမှ ခိုးယူခံရသည့် မော်တော်ဆိုင်ကယ်များအား ပိုင်ရှင်များထံသို့ ပြန်လည်ပေးအပ်ခြင်းနှင့် မှုခင်းဖော်ထုတ်ခဲ့သည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေပေးအပ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်က နေပြည်တော်ကောင်စီ အစည်းအဝေးခန်းမ(၂)မှာ ကျင်းပခဲ့ပါတယ်။ အဲဒီအခမ်းအနားမှာ ခိုးယူခံခဲ့ရတဲ့ မော်တော်ဆိုင်ကယ် အစီး ၂၀ ကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဆိုင်ကယ်ပိုင်ရှင်များထံသို့ ပြန်လည်ပေးအပ်ရာ ဝန်ကြီးဌာန ၁၃ ခုမှ ဝန်ထမ်း ၂၀ ထံသို့ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းက ပိုင်ရှင်အသီးသီးလက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး မှုခင်းများဖော်ထုတ်နိုင်ခဲ့သောအဖွဲ့ဝင်များကို ဂုဏ်ပြုဆုငွေများ ပေးအပ်နိုင်ခဲ့ပါတယ်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်ပျောက်ဆုံးမှုများ မကြာခဏကြားသိနေရ ပြီး မိမိရဲ့အသိမိတ်ဆွေများအတွင်း ပျောက်ဆုံးမှုများလည်း ရှိခဲ့ဖူးပါတယ်။ အများအားဖြင့် ဝန်ထမ်းအိမ်ရာအများဆုံးရှိတဲ့ နေပြည်တော်ဇမ္ဗူသီရိမြို့နယ်အတွင်း ဝန်ထမ်းအိမ်ရာများမှာ ရပ်နားထားတဲ့ ဌာနဆိုင်ရာဆိုင်ကယ်များနဲ့ ဝန်ထမ်းဆိုင်ကယ်များ ပျောက်ဆုံးရခြင်းဖြစ်ပါတယ်။

ဌာနဆိုင်ရာများအလိုက် ဝန်ထမ်းကြို၊ ပို့ယာဉ်များရှိပေမယ့် အများပြည်သူ သယ်ယူပို့ဆောင်ရေးရှားပါးတဲ့ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်း မော်တော်ဆိုင်ကယ်များက အဓိကသွားလာရေးယာဉ်ဖြစ်လာတာကြောင့် မော်တော်ဆိုင်ကယ်စီးနင်းသူများလည်း များပြားလာရပါတယ်။ အဲဒီလို များပြားလာတာနဲ့အညီ မော်တော်ဆိုင်ကယ်အရေအတွက် တိုးပွားလာပြီး မော်တော်ဆိုင်ကယ်ပျောက်ဆုံးမှုများလည်း ပိုမိုဖြစ်ပေါ်လာတာဖြစ်ပါတယ်။ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်း ဝန်ထမ်းအိမ်ရာများမှာ ဌာနများက ဝန်ထမ်းများအတွက် ခွင့်ပြုပေးထားတဲ့ ဌာနဆိုင်ရာမော်တော်ဆိုင်ကယ်များနှင့် ဝန်ထမ်းများ၏ ကိုယ်ပိုင်မော်တော်ဆိုင်ကယ်များ ညအိပ်ရပ်နားထားလေ့ရှိပြီး အများအားဖြင့် စနစ်တကျ သော့ခတ်သိမ်းဆည်းထားခြင်းမရှိတဲ့ မော်တော်ဆိုင်ကယ်များ ပျောက်ဆုံးလေ့ရှိပါတယ်။

အဲဒီလို မော်တော်ဆိုင်ကယ်များ ပျောက်ဆုံးလျက်ရှိရာမှာ ၂၀၁၂ ခုနှစ်အတွင်း မော်တော်ဆိုင်ကယ်ခိုးခံရမှု ၆၁ မှုဖြစ်ပွားခဲ့ပြီး ရဲတပ်ဖွဲ့မှ ၁၉ မှု ဖော်ထုတ်နိုင်ခဲ့သလို မော်တော်ဆိုင်ကယ် ၁၉ စီးကို ပြန်လည်သိမ်းဆည်းရမိခဲ့ပါတယ်။ ခိုးယူခံရတဲ့ မော်တော်ဆိုင်ကယ် ၁၃၂ စီးကို ပြန်လည်ဖော်ထုတ် သိမ်းဆည်းရမိတဲ့အတွက် ပိုင်ရှင်ပေါ်ပေါက်တဲ့ ဆိုင်ကယ်တွေကို ဝန်ကြီးဌာနများသို့ အကြောင်းကြားပြီး သက်ဆိုင်ရာဝန်ထမ်းများထံသို့ ပြန်လည်အပ်နှံခဲ့ပါတယ်။

ထို့အတူပဲ ၂၀၁၃ ခုနှစ်မှာ မော်တော်ဆိုင်ကယ်ပျောက်ဆုံးမှု ၂၇ မှုဖြစ်ပွားခဲ့ပြီး ရှစ်မှုကို ဖော်ထုတ်နိုင်ခဲ့ကာ မော်တော်ဆိုင်ကယ်ပိုင်ရှင်တွေထံ အပ်နှံခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်မှာတော့ မော်တော်ဆိုင်ကယ်ပျောက်ဆုံးမှု ၄၉ မှု ဖြစ်ပွားခဲ့ပြီး ၂၅ မှု ဖော်ထုတ်နိုင်ခဲ့ပြီး မော်တော်ဆိုင်ကယ်အစီး ၂၀ ကို သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် မော်တော်ဆိုင်ကယ်ပိုင်ရှင်များထံသို့ ပြန်လည်ပေးအပ်နိုင်ခဲ့ပါတယ်။ အဲဒီလို ပြန်လည်ပေးအပ်ရာမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တစ်စီး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တစ်စီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တစ်စီး၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တစ်စီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တစ်စီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သုံးစီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တစ်စီး၊ စက်မှုဝန်ကြီးဌာနမှ တစ်စီး၊ အားကစားဝန်ကြီးဌာနမှ တစ်စီး၊ ကျန်းမာရေးဝန်ကြီးဌာနမှ တစ်စီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ငါးစီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ နှစ်စီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ တစ်စီးတို့အား အသီးသီး ပြန်လည်ပေးအပ်နိုင်ခဲ့ပါတယ်။



အဆိုပါအခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းက ဝန်ထမ်းများ အများဆုံးနေထိုင်သည့် ရပ်ကွက်များအတွင်းမှ ဆိုင်ကယ်များခိုးခံရသည့် အကြောင်းအရင်းများ၊ ပြည်သူများပူးပေါင်း၍ ဆိုင်ကယ်များအခိုးခံရမှု လျော့နည်းစေရေးနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ သက်ဆိုင်ရာ ဝန်ထမ်းများသို့ အမြန်ပြန်လည်လွှဲပြောင်းပေးအပ်ရခြင်းများကို လည်းကောင်း၊ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကိုကိုအောင်က ဆိုင်ကယ်များ အလွယ်တကူထားရှိခြင်းကြောင့် အခိုးခံရခြင်းများကို ဆိုင်ကယ် ၂၅ စီးခိုးယူခဲ့သည့် တရားခံစစ်ကြောချက်မှ သိရှိရခြင်းများကို အသေးစိတ်ရှင်းပြခဲ့ပါတယ်။ အဲဒီလို မော်တော်ဆိုင်ကယ်များ မကြာခဏပျောက်ဆုံးရတဲ့ အကြောင်းအရင်းကို လေ့လာစမ်းစစ်ကြည့်ရင် လုံခြုံရေးဂရုပြုမှု အားနည်းတာက အဓိကအကြောင်းအရင်းဖြစ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ပျောက်ဆုံးမော်တော်ဆိုင်ကယ်အများစုဟာ သော့ခတ်မထားခြင်း သို့မဟုတ် သော့ခတ်ထားသော်လည်း ဇက်သော့၊ သံကြိုးသော့များ ခတ်မထားခြင်းကြောင့် ပျောက်ဆုံးရခြင်း ဖြစ်ပါတယ်။

အချို့က အရက်သေစာသောက်စားကာ မိမိမော်တော်ဆိုင်ကယ် ရပ်နားထားခဲ့သည့်နေရာပင် မမှတ်မိ၍ ပျောက်ဆုံးရခြင်းများလည်း ဖြစ်ခဲ့ဖူးပါတယ်။ ဈေးများ၊ ကျောင်းများနှင့် ရပ်ကွက်များအတွင်း မော်တော်ဆိုင်ကယ်များ သော့လုံးဝခတ်မထားခြင်း၊ သော့ခတ်ထားသော်လည်း ဇက်သော့ သို့မဟုတ် သံကြိုးသော့ခတ်မထားခြင်း စသဖြင့် အလွယ်တကူတွေ့ရှိသဖြင့် ခိုးယူခဲ့ခြင်းဖြစ်ကြောင်း မော်တော်ဆိုင်ကယ် အများဆုံးခိုးယူခဲ့သည့် တရားခံကဝန်ခံထွက်ဆိုခဲ့ပါတယ်။ ထို့အတူ ဝန်ထမ်းအိမ်ရာများတွင် ညဘက် အလင်းရောင်အားနည်းခြင်း၊ နေ့ဘက် လူသူပြတ်လပ်ခြင်းများကြောင့်လည်း မော်တော်ဆိုင်ကယ်များ ပျောက်ဆုံးရခြင်းများဖြစ်စေပါတယ်။ နေ့ဘက် ဝန်ထမ်းများ ရုံးတက်ချိန် ဝန်ထမ်းအိမ်ရာမှာ လူသူကျန်ရစ်မှုမရှိခြင်းက အိမ်ရာရှေ့တွင် ရပ်နားထားတဲ့ မော်တော်ဆိုင်ကယ်များကို ခိုးယူခံရစေနိုင်ပါတယ်။

၂၀၁၅ ခုနှစ်ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှာ ဉာဏသိဒ္ဓိရပ်ကွက်အတွင်း ရဲကင်းမှူးနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖွဲ့များ ပူးပေါင်းကင်းလှည့်တာဝန်ယူဆောင်ရွက်စဉ် တိုက်အမှတ်( ၁၃၀၅)ရှေ့လမ်းပေါ်တွင် ဇက်သော့မခတ်ဘဲ ရပ်ထားတဲ့ ပိုင်ရှင်မဲ့ဆိုင်ကယ်တစ်စီးကို တွေ့ရှိရပါတယ်။ ပိုင်ရှင်ဖြစ်သူက ဌာနတစ်ခုမှဝန်ထမ်းတစ်ဦးဖြစ်ပြီး ရုံးပိတ်ရက်မှာ မိသားစုနဲ့အတူ ရန်ကုန်မြို့သို့ ပြန်သွားခဲ့ရာ သားဖြစ်သူက ဆိုင်ကယ်ယူစီးပြီး လမ်းပေါ်မှာ ဆိုင်ကယ်မေ့ပြီး ထားခဲ့တာဖြစ်ပါတယ်။ မတ်လ ၂ ရက်နေ့မှာ ရန်ကုန်မှပြန်လည်ရောက်ချိန် ဆိုင်ကယ်မတွေ့၍ စုံစမ်းရာမှ ရဲတပ်ဖွဲ့ဝင်နဲ့ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တို့မှ သိမ်းဆည်းထားသည်ကို သိရှိရသဖြင့် ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာ တင်ပြနိုင်ခဲ့တဲ့အတွက် ပိုင်ရှင်ထံ ပြန်လည်အပ်နှံခဲ့ပါတယ်။

အလားတူ ရုံးသို့ရုံးကားဖြင့်သွားသဖြင့် ဝန်ထမ်းအိမ်ရာတွင် မော်တော်ဆိုင်ကယ်ရပ်ထားခဲ့ပြီး ရုံးဆင်းသည့်အခါ မော်တော်ဆိုင်ကယ်မတွေ့သဖြင့် မော်တော်ဆိုင်ကယ်ပျောက်ဆုံးသည်ဆိုကာ ရဲစခန်းလာရောက်တိုင်ကြားလာပါတယ်။ သို့ရာတွင် ရဲစခန်းသို့လာရောက်တိုင်တန်းသူမှာ အရက်သေစာသောက်စားမူးယစ်နေသည့်အတွက် သတင်းအတည်ပြုနိုင်ရန် သွားရောက်စုံစမ်းခဲ့ရာ မြို့မဈေးရှိ ကားဝပ်ရှော့ရှေ့တွင် ပိုင်ရှင်မှ မော်တော်ဆိုင်ကယ်အား ရပ်နားထားခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မော်တော်ဆိုင်ကယ်အား ပြန်လည်ပေးအပ်ခဲ့ပါသည်။

ထို့အတူ မိမိတို့ဝန်ထမ်းအိမ်ရာများတွင် သူစိမ်းများ ဝင်ထွက်သွားလာမှုများကိုလည်း အမှုမဲ့ အမှတ်မဲ့ထားခြင်းကလည်း မော်တော်ဆိုင်ကယ် ခိုးယူသူများအတွက် မိမိတို့အိမ်ရာအခြေအနေအား လေ့လာ အကဲခတ်အခွင့်အလမ်းဖြစ်စေပါတယ်။ မိမိအိမ်ရာမှာ တည်းခိုနေထိုင်ကာ မော်တော်ဆိုင်ကယ်ခိုးယူမှုများ ကျူးလွန်တာမျိုးလည်း ဖြစ်တတ်ပါတယ်။ တချို့ကလည်း မော်တော်ဆိုင်ကယ်ကို မဆင်မခြင်မောင်းနှင်ပြီး ယာဉ်မတော်တဆဖြစ်၍ ဒဏ်ရာရရှိမှုကိုပင် မော်တော်ဆိုင်ကယ်နဲ့ ပစ္စည်းလုယူခံရသကဲ့သို့ ရဲစခန်းသို့ မမှန်မကန်လာရောက်တိုင်တန်းခြင်းမျိုးလည်းရှိတတ်ပါတယ်။

ဒါကြောင့် မိမိတို့အနေဖြင့် **မိမိမော်တော်ဆိုင်ကယ်လုံခြုံရေးအတွက် နံပါတ်တစ်အရေးကြီးဆုံးလုပ်ငန်းစဉ်တစ်ခုအဖြစ် သော့၊ ဇက်သော့နှင့် သံကြိုးသော့များကို စနစ်တကျခတ်ဖို့လိုပါတယ်။** မည်သည့်နေရာတွင် ရပ်နားထားသည်ဖြစ်စေ မိမိမော်တော်ဆိုင်ကယ်လုံခြုံရေးအတွက် အရေးကြီးဆုံး လိုက်နာဆောင်ရွက်ရမည့် အချက်ပဲဖြစ်ပါတယ်။ အိမ်မှာမို့၊ ရုံးမှာမို့၊ ဈေးနားမှာမို့ ဆိုပြီး သော့မခတ်ဘဲ သို့မဟုတ် ဇတ်သော့၊ သံကြိုးသော့မခတ်ဘဲထားလို့ မရပါဘူး။ နောက် မိမိအိမ်ရာနဲ့ပတ်ဝန်းကျင်လုံခြုံရေးကို ဂရုတစိုက်လေ့လာစောင့်ကြည့်ဖို့လိုပါတယ်။ **ဝန်ထမ်းအိမ်ရာတွေမှာ အများစုသော မော်တော်ဆိုင်ကယ်များက ညဘက်မှာ ရပ်နားထားလေ့ရှိတာမို့ မော်တော်ဆိုင်ကယ်များသော့ခတ်ထားရုံမျှမက အိမ်ရာရဲ့ဆင်ဝင်မီးနဲ့ ကော်ရစ်ဒါမီးများလင်းနေဖို့လည်းလိုပါတယ်။ သို့မှသာ မိမိတို့အိမ်ရာရှိ မော်တော်ဆိုင်ကယ်များအနီး ညအချိန်မတော်မသင်္ကာဖွယ်လှုပ်ရှားမှုများကို တစ်စုံတစ်ဦးက မြင်တွေ့သိရှိနိုင်မှာပဲဖြစ်ပါတယ်။**

ထို့အတူ **ရုံးဖွင့်ရက် နေ့ခင်းဘက်တွေမှာလည်း အိမ်ရာမှာ ကျန်ရစ်ခဲ့သူများအနေနဲ့လည်း မိမိအိမ်ရာအတွင်း လူစိမ်းဝင်ရောက်မှုများကို အမှုမဲ့အမှတ်မဲ့မထားဘဲ လေ့လာစောင့်ကြည့်ဖို့ လိုပါတယ်။** မသင်္ကာဖွယ်လှုပ်ရှားမှုတစ်ခုခုတွေ့ရှိပါက သက်ဆိုင်ရာကို ချက်ချင်းအကြောင်းကြားဖို့ လိုပါတယ်။

ဆိုင်ကယ်ပျောက်ဆုံးမှု၊ ခိုးမှုများ ထပ်မံမဖြစ်ပေါ်စေရေး၊ မှုခင်းကျဆင်းရေးအတွက် သတင်းပေးမှုများဖြင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်ခြင်း၊ မှုခင်းပညာပေးဟောပြောခြင်း၊ မြို့နယ်ရဲစခန်းများမှ နေ့စဉ် လှည့်ကင်း၊ ဝပ်ကင်းဆောင်ရွက်မှုအပြင် ဝန်ထမ်းများနှင့် ပြည်သူလူထုတို့အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါတယ်။ နေပြည်တော်ကောင်စီကလည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ ဝန်ထမ်းအိမ်ရာတွေနဲ့ လူပျိုဆောင်၊ အပျိုဆောင်တွေမှာ လုံခြုံရေးကျိုးပေါက်မှုမရှိစေရေးအတွက် အားနည်းချက်၊ အားသာချက်များသုံးသပ်ပြီး လုံခြုံရေးသတိရှိစေရန်နှင့် မှုခင်းကျဆင်းရေးပူးပေါင်းဆောင်ရွက်နိုင်ရန် နေပြည်တော်ကောင်စီမှ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးသို့ ညှိနှိုင်းအကြောင်းကြား ဆောင်ရွက်ထားခဲ့ပြီးလည်းဖြစ်ပါတယ်။

မကောင်းမှုသည် ဆိတ်ကွယ်ရာမရှိဆိုသော်လည်း ဖြစ်သွားပြီးမှပြန်လည်ဖော်ထုတ် ဆောင်ရွက်ရခြင်းက အမှုမှန်ကို ဖော်ထုတ်နိုင်သည်ဆိုသော်လည်း ဆုံးရှုံးမှုများ၊ အနည်းနှင့်အများ ဖြစ်ပေါ်စေပါတယ်။ ဒါကြောင့် မည်သည့်အမှုအခင်းကိုမဆို မဖြစ်ပေါ်မီကတည်းက ကြိုတင်တားဆီးကာကွယ်ခြင်းကသာ ထိရောက်မှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ဖို့ကလည်း အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ဖို့လိုပါတယ်။ မိမိကိုယ်တိုင်က လုံခြုံရေးနှင့်ပတ်သက်၍ အသေးအဖွဲလေးကအစ ဂရုတစိုက်လေ့လာမှတ်သားဆောင်ရွက်ကြခြင်းဖြင့် မိမိတို့ဝန်းကျင်ကို အမှုခင်းများလျော့နည်း ကင်းစင်သော ပျော်ရွှင်ဖွယ်ပတ်ဝန်းကျင်တစ်ခုအဖြစ် ဖန်တီးနိုင်မည်ဖြစ်ပါကြောင်း ရေးသားအပ်ပါတယ်။ ။

# သင်္ကြန်တွင်း တားမြစ်ဆေးရောင်းချခြင်းမပြုရန်စစ်ဆေး

**မန္တလေး မတ် ၂၇**

သင်္ကြန်ကာလအတွင်း တားမြစ်ဆေးများ၊ စိတ်ကြွဆေးဝါးများ ရောင်းချခြင်း မရှိစေရေးအတွက် မန္တလေး ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ဆေးဆိုင်များကို တားမြစ်ဆေးဝါးနှင့် စိတ်ကြွဆေးဝါးများ ရောင်းချနေခြင်းရှိ၊ မရှိကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအုန်းခင်က အနီးကပ်ကြီးကြပ်၍ အမှတ်(၈)မြို့မရဲစခန်းမှူးများ၊ အမှတ်(၆)နှင့် အမှတ်(၃)နယ်မြေရဲစခန်းမှူးများ၊ နယ်ထိန်းခေါင်းဆောင်များ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲမှ တာဝန်ရှိသူများက ကဍ္ဍဏမဟီ၊ ချမ်းအေးသာစံ အနောက်ရပ်ကွက်နှင့် ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်တို့မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အကွက်မှူးများ ပါဝင်သော ပူးပေါင်းအဖွဲ့ သုံးဖွဲ့တို့ဖြင့် မတ် ၂၅ ရက်က လိုက်လံစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့များမှ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ဆေးဆိုင်များကို သုံးဖွဲ့ခွဲ၍ ဝင်ရောက်ရှာဖွေစစ်ဆေးကြရာ ၃၅ လမ်း၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြားရှိ ရွှေနဂါးဆေးဆိုင်မှ 100 % Leplus Fort တံဆိပ်ပါ အမျိုးသားကာမအားတိုးဆေးများပါ ဘူးသစ်လေးဘူး၊ 100 % Leplus Fort တံဆိပ်ပါ ရောင်းလက်စ ဆေးဘူးလေးဘူး၊ Aman Aged 40 တံဆိပ်ပါ သုံးဘူး၊ Maxman တံဆိပ်ပါ တစ်ဘူး၊ Blotin တံဆိပ်ပါ ခြောက်ဘူး၊ တရုတ်စာတန်းများပါ အစိမ်းရောင် ဆေးဘူး ရှစ်ဘူး၊ တရုတ်စာတန်းများပါ အနီရောင် ဆေးဘူး ရှစ်ဘူး၊ King Boss တံဆိပ်ပါ ဆေးဘူး ရှစ်ဘူး၊ Chanijep တံဆိပ်ပါ ဆေးဘူးငါးဘူး၊ အိန္ဒိယစာတန်းပါ စပရေးဘူး နှစ်ဘူး၊ Touch Oil တံဆိပ်ပါ စပရေးဘူး နှစ်ဘူး၊ Vigour တံဆိပ်ပါ တစ်ဘူးတို့နှင့်အတူ တရားမဝင်ကာမအားတိုးဆေးများ စစ်ဆေးတွေ့ရှိရသဖြင့် ပိုင်ရှင် ကိုသိန်းဝင်း (ခ)ကိုကျော်ဝင်း(ခ) ကိုလောဟူ (၃၀ နှစ်)ကို အမှတ် (၈) မြို့မရဲစခန်းက အမှုဖွင့် အရေးယူ စစ်ဆေးဆောင်ရွက်လျက်ရှိပြီး တားမြစ်ဆေးဝါးနှင့်ဆေးဝါးများ ရောင်းချနေခြင်းကို ထပ်မံသတင်းရရှိပါက ဆက်လက်ရှာဖွေစစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**



ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု(လူမှုရေးဆိုင်ရာဆု)ရွေးချယ်ချီးမြှင့်ရေးလုပ်ငန်းကော်မတီ(တတိယအကြိမ်) လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် မတ် ၂၇**

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု (လူမှုရေးဆိုင်ရာဆု) ရွေးချယ်ချီးမြှင့်ရေးလုပ်ငန်းကော်မတီ(တတိယအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၆ ရက် ညနေ ၃ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်က အဖွင့်အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက "နိုင်ငံတော်သမ္မတ၏ လူမှုရေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီအား ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ၂၀၁၃ ခုနှစ်မှစ၍ ဆုရွေးချယ်ချီးမြှင့်ပေးခဲ့ရာ ယခုနှစ်တွင် တတိယအကြိမ်သို့ ရောက်ရှိပြီဖြစ်ကြောင်း၊ ယခုဆောင်ရွက်နေသော လူမှုရေးဆိုင်ရာဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီမှ မိမိသက်ဆိုင်ရာနယ်ပယ်အတွင်းရှိ ပြည်သူများအပေါ် အကျိုးပြုနေသော အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့များ၊ ဖောင်ဒေးရှင်းများ၊ အများပြည်သူဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်းကယ်တင်ဆောင်ရွက်သူများ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ၊ အားကစားအသင်းအဖွဲ့များ၏ ဆုအမျိုးအစားအလိုက် သတ်မှတ်ချက်များ စသည်တို့အား အမှတ်ပေးစည်းမျဉ်းများနှင့်အညီ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီမှ ပုဂ္ဂိုလ်ရေးဆိုင်ရာဆုတစ်ဆုဖြစ်သော အများပြည်သူဘေးအန္တရာယ် ကျရောက်မှုအား သက်စွန့်ကြိုးပမ်း ကယ်တင်စွမ်းဆောင်သူဆုနှင့် ထပ်မံတိုးချဲ့ချီးမြှင့်နိုင်မည့် ဆုတစ်ဆုဖြစ်သော စာကြည့်တိုက်ဆုတို့အား ချီးမြှင့်နိုင်ရေးအတွက် ပထမနှင့် ဒုတိယအကြိမ် အစည်းအဝေးများတွင် ဆွေးနွေးခဲ့ပြီးဖြစ်ပါကြောင်း။

ယခုနှစ်တွင် နိုင်ငံ့စွမ်းဆောင်ရည်ဆုရွေးချယ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များနှင့် ဝန်ကြီးဌာနများမှ အဆိုပြုတင်ပြလာသော နိုင်ငံတော်နှင့် ပြည်သူများအပေါ် အကျိုးပြုသော အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ ၁၉ ဖွဲ့၊ ပုဂ္ဂိုလ်ရေးဆိုင်ရာဆုတစ်ဆုဖြစ်သည့် အများပြည်သူဘေးအန္တရာယ် ကျရောက်မှုအား သက်စွန့်ကြိုးပမ်း ကယ်တင်စွမ်းဆောင်သူဆုအနေဖြင့် တင်ပြလာသော လူပုဂ္ဂိုလ် ၁၀ ဦးနှင့် ယခုနှစ်အတွက် စာကြည့်တိုက်ဆုအဖြစ် တင်ပြလာသော စာကြည့်တိုက် ကိုးခုအား အဖွဲ့နှစ်ဖွဲ့ခွဲပြီး မတ်လအတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့ပါကြောင်း။

ထူးခြားချက်အနေဖြင့် အဖွဲ့(၁)၏ ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း အောင်တံခွန်ရေယာဉ် တိမ်းမှောက်မှုဖြစ်စဉ်တွင် ဘေးအန္တရာယ်များအကြား မိမိအသက်ကို ပဓာနမထားဘဲ ကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော လူပုဂ္ဂိုလ်ရှစ်ဦးကိုလည်း တွေ့ဆုံမေးမြန်းနိုင်ခဲ့ပါကြောင်း၊ ၎င်းဖြစ်စဉ်တွင် ဘေးအန္တရာယ်ကျရောက်သူ ခရီးသွားပြည်သူများအား ကူညီကယ်တင်ခဲ့သူများကိုလည်း ဆုချီးမြှင့်ထိုက်သည့်အတွက် ကော်မတီ၏ ဆုံးဖြတ်ချက်နှင့်အညီ ဆုချီးမြှင့်နိုင်ရေး ဆွေးနွေးပေးကြစေလိုကြောင်း။

ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်ပြလာသော လောက်ကိုင်တိုက်ပွဲရှောင် ဒုက္ခသည်ပြည်သူများအား ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ပြီး စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ပေးခဲ့သော သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ဆရာတော်အား နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်(အထူးဆု) ချီးမြှင့်နိုင်ရေး တင်ပြလာသည့်အတွက် ကော်မတီမှ ဆုချီးမြှင့်ဆက်ကပ်ရန် ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ရသင့်ရထိုက်သည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအား အမှတ်ပေးစည်းမျဉ်းများအတိုင်း၊ ရမှတ်များအလိုက် စနစ်တကျ ရွေးချယ်နိုင်ရေး ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် လူမှုရေးဆိုင်ရာဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူးက အဖွဲ့(၁)၏ ဆုချီးမြှင့်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့မှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က အမှာစကားပြောကြားပြီး အဖွဲ့(၂)၏ ဆုချီးမြှင့်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့မှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြခဲ့ကြပြီး ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တာဝန်ကိုယ်စီ ရှိပေလိမ့်မည်

**မေး၊ရေး-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-ဖိုးထောင်**

၂၀၀၀ ပြည့်နှစ်ကတည်းက စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၁ ခုနှစ်နောက်ပိုင်းမှစ၍ ပြည်ပခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာသော ငွေဆောင်သို့ နိုင်ငံခြားသားဧည့်သည်များ နှစ်စဉ် တိုးတက်များပြားစွာ ဝင်ရောက်လာနေပေသည်။ ချစ်သူများကျွန်းသို့သွားရန် ကားလမ်းမပေါ်မှနေ၍ ကမ်းခြေသို့သွားရာလမ်းအတိုင်း မဝင်ရောက်မီ အနီရောင် အောက်ခံပြားပေါ်တွင် အဖြူရောင်စာလုံးများဖြင့် ရေးသားထားသည့် **"BOB Hotel မှ Central Hotel အထိ ကမ်းခြေသဲသောင်ပြင်တွင် တာဝန်မှအပ မည်သည့် စက်တပ်ယာဉ်မှ မောင်းနှင်ခွင့်မပြု (စည်းကမ်းထိန်းသိမ်းရေးကော်မတီ ငွေဆောင်မြို့)"** ဟု ဗီနိုင်းဆိုင်းဘုတ်တစ်ခုအားတွေ့ခဲ့မြင်ခဲ့မိသည်။ ကမ်းခြေသို့ရောက်သော် မြင်တွေ့လိုက်ရသည့် မြင်ကွင်းများကား ကမ်းခြေတွင် လာရောက်အပန်းဖြေရင်း ဆော့ကစားနိုင်ရန်အတွက် ကုမ္ပဏီများမှ လာရောက် ဖွင့်လှစ်ထားသော Sightseeing ခရီးစဉ်ကြော်ငြာများနှင့် ကမ်းခြေပေါ်မှ လေးဘီးဆိုင်ကယ်များ၊ နှစ်ဘီးဆိုင်ကယ်များ၊ စက်တပ်ယာဉ်များပင် ဖြစ်သည်။ အထူးအဆန်း မဖြစ်ခဲ့သော်လည်း စိတ်ဝင်စားမှုများစွာဖြင့် စက်တပ်ယာဉ်များအပေါ် အမြင်များကို မေးမြန်းဖြစ်ခဲ့သည်။



**ကိုထွန်းထွန်းအောင်**
**၂၃ နှစ်(ငွေဆောင်မြို့)**

ငါးနှစ်သားကတည်းက ငွေဆောင်ရောက်တယ်။ အမေဆုံးတော့ ကျောင်းထွက်ပြီး အလုပ်လုပ်တယ်။ ဆန်နီပါရာဒိုက်ဟိုတယ်မှာ ၂၀၁၁ လောက်ကပါ။ အရင်က ဒီဒေသမှာကတော့ စိုက်ပျိုးရေးနဲ့ ရေလုပ်ငန်းလုပ်တဲ့သူများတယ်။ မွေးမြူရေးတော့ နည်းတယ်။ ကျွန်တော်ရောက်တုန်းက ကမ်းခြေမှာပါ ပိုက်ဆွဲတို့ ဘာတို့လုပ်တယ်။ အခုတော့ ၂၀၁၃ လောက်ကစပြီး အခြေအနေကပြောင်းသွားပြီ။ သိပ်မလုပ်ကြတော့ဘူး။ အခုနှစ်ပိုင်းတွေမှာ ဧည့်သည်ပိုကျတယ်။ အရင်တုန်းကဆိုရင် တစ်နှစ်ကို နှစ်ကြိမ်ပဲ ဧည့်သည်ကျတယ်။ ၁၀ လပိုင်း သီတင်းကျွတ်နဲ့ ၄ လပိုင်း သင်္ကြန်မှာပဲ ဧည့်သည်လာတာ။ အခုဆို ၂၀၁၃ လောက်ကစပြီး နှစ်ပတ်လည် (တစ်နှစ်လုံး)ကို ဧည့်သည်လာတယ်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာတယ်။ ကျွန်တော်က အဲကွန်းပြင်သင်တန်း တက်ထားတယ်။ ဒီနှစ်မိုးတွင်း အလုပ်ပါးရင်တော့ ခွင့်ယူပြီး သင်တန်း ၃ လလောက် ဆက်တက်မယ်။ ကျွန်တော်က ပညာမတတ်ဘူးဆိုတော့ လက်မှုပညာတစ်ခုကို ရအောင်ယူထားရမယ်။ ဒီမှာအမြဲတမ်းလုပ်ဖို့ဆိုတာက အဆင်မပြေနိုင်ဘူးလေ။ လေးဘီးဆိုင်ကယ် (စက်တပ်ယာဉ်)တွေက ၂၀၁၄ ခုနှစ် ၉ လပိုင်းလောက်စပြီးပေါ်လာတယ်။ အရင် ဟိုတယ်ကြီးတွေမှာ VIP အတွက် သီးသန့်ပေးထားတာတော့ရှိတယ်။ အခုနောက်ပိုင်းမှာ လေးဘီးဆိုင်ကယ်ကို အပြင်က လူတွေကပါ ငှားလာကြတယ်။ ဒီကောင်ရဲ့ စက်သံက ရိုးရိုးစက်သံနဲ့ မတူဘူး။ နိုင်ငံခြားသားအတွက်တော့ အနှောင့်အယှက် ဖြစ်လာနိုင်တယ်။ စီးပွားရှာတာလည်း ရှာတာပေါ့။

**ကိုဝင်းထွဋ်(ခ)ကိုပြောင်ကြီး**
**(ဟသ်ာတ)ဆိုင်ကယ်ကယ်ရီ**

ဧည့်သည်က ဒီလိုဆိုင်ကယ်ပဲ ဖြစ်ဖြစ်၊ လေးဘီးပဲဖြစ်ဖြစ် ငှားစီးတယ်။ သူတို့ကိုယ်တိုင်မောင်းတယ်။ မမှောက်ရင်တော့ ပြဿနာမဖြစ်ဘူး။ ဒီမှာက ဧည့်သည်အလွန်များတော့ ဧည့်သည်တွေကရေကူးတယ်၊ အပျင်းပြေ ဆိုင်ကယ်စီးကြတယ်။ အေးအေးချမ်းချမ်းနေချင်တဲ့ လူတွေရှိမှာပဲ။ လှဲနေမယ်။ လမ်းလျှောက်မယ်ပေါ့။ ဒီလိုလူတွေအတွက် အနှောင့်အယှက်တော့ဖြစ်နိုင်တယ်။ ဒါပေမယ့် အဲ့ဒီလိုစီးတာကို ကြည်နူးပြီးငေးနေတဲ့လူလည်းရှိတာပဲ။ ဒီလို လေးဘီးစီးတဲ့အပေါ်မှာ အမှတ်တရ ဗီဒီယိုဓာတ်ပုံရိုက်တဲ့လူလည်းရှိတာပဲ။ ငွေဆောင်ကမ်းခြေက ၉ မိုင်ကျော်ရှိတယ်။ ရေထဲမှာ စပီဘုတ်စီးတယ်ဆိုတာ လူတိုင်းမစီးနိုင်ဘူး။ ဈေးကြီး



တယ်။ အဆင့်ခွဲပြီး စက်တပ်ယာဉ်မဝင်ရ သတ်မှတ်ရင်တော့ ကောင်းမယ်။ ငွေဆောင်မှာက ချောင်းသာနဲ့ယှဉ်ရင် အခက်အခဲတွေရှိတယ်။ ကမ်းခြေဆင်းဖို့လမ်းမရှိဘူး။ ချောင်းသာက ၃ မိုင်လောက်ပဲရှိတာကို ကမ်းခြေဆင်းဖို့ လမ်းလေးတွေရှိတယ်။ ငွေဆောင်က ၉ မိုင်လောက်ရှိတယ်။ ဟိုတယ်မှာ မတည်းနိုင်တဲ့ လူတွေအတွက် ကမ်းခြေဆင်းဖို့ အခက်အခဲရှိတာပေါ့။ silver view နဲ့ ယုဇနကြားဆို လမ်းကြီးရှိတယ်။ ခြံခတ်လိုက်တယ်။ ကမ်းခြေဆင်းစရာမရှိဘူး။ ကမ်းခြေမျက်နှာပြင်ကို ဆင်းဖို့ ၁၀ ပေလောက်ပဲ ဖြစ်ဖြစ် လမ်းလေးတွေ လုပ်ပေးသင့်တယ်။ လက်ရှိ ကမ်းခြေဆင်းလို့ရတာက ချစ်သူများကျွန်းလမ်းနဲ့ ဆန်နီပါရာဒိုက် လမ်းပဲရှိတယ်။ တစ်လမ်းနဲ့ တစ်လမ်းလည်း ၆ မိုင်လောက်ကွာတယ်။ ကြားထဲမှာ ဟိုတယ်တွေက အပြည့် ကာထားတာ။ ဒီမှာက ဟသ်ာတမှာထက် လုပ်ငန်း ကိုင်ငန်း ပိုကောင်းပါတယ်။ အဆင်ပြေပါတယ်။ ငွေဆောင်က ခရီးသွားလုပ်ငန်း တော်တော်တိုးတက်လာတယ်။

**ခရီးသွားတစ်ဦး**
**(ယာဉ်အမှတ် 5G-8896)**

စက်တပ်ယာဉ်နဲ့ ပတ်သက်ပြီး ဒီမှာက သောင်ပြင်ကျယ်တယ်။ ဟိုတယ်ဧရိယာကလည်း ကျယ်တယ်ဆိုတော့ အန္တရာယ်တော့ မရှိသေးဘူးပေါ့။ ကျွန်တော့်အမြင်ပြောရရင် စက်တပ်လေးဘီးယာဉ်ကို စီးချင်တဲ့ဧည့်သည်လည်း ရှိမှာပါ။ ဧည့်သည်တွေ လွတ်လွတ်လပ်လပ်၊ နားနားနေနေ နေတဲ့နေရာမှာ ဆိုင်ကယ်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရတာမျိုး မကောင်းဘူးပေါ့။ ဘောလုံးကစားနေရင်း ဆိုင်ကယ်သံကြားနေရရင်ကို ရပ်နေရတယ်။ ကြောက်နေရတယ်။ စိုးရိမ်တယ်လေ။ စက်တပ်ယာဉ်ကတော့ မရှိတာပိုကောင်းတယ်။ ကျွန်တော်က ရှမ်းပြည်နယ်ကပါ။ မိသားစုနဲ့ အပန်းဖြေခရီးထွက်တာပေါ့။ ငွေဆောင်ကို ပထမဆုံးအကြိမ် ရောက်ဖူးတာပဲ။ အဆင်ပြေတယ်။ ဆိုင်ကယ်ကြောက်ရတာ တစ်ခုပဲ။ နားလည်း နားအေးတယ်။ ဒုတိယ ငပလီလိုပါပဲ။ ရေကလည်းသန့်တယ်။ လူနည်းတယ်။ နားနားနေနေ နေလို့ကောင်းတယ်။ ချောင်းသာကတော့ လူများတယ်။ အချို့က high speed နဲ့ကိုစီးတာ။ တချို့ဧည့်သည်တော့ ဧည့်သည်ပဲ အရမ်းကြီးစီးတယ်။ ကမ်းခြေဧရိယာ သတ်မှတ်ပြီး ယာဉ်မဝင်ရတဲ့နေရာဆိုပြီး သတ်သတ်မှတ်မှတ် လုပ်ပေးသင့်တယ်။ ကျွန်တော်တို့ကတော့ ကြောက်တယ်။ လုံးဝကြီး စီးခွင့်မပေးတာတော့ တစ်ဖက်အစွန်းရောက်လွန်းတာပေါ့။ နောက်နှစ်လည်း ဒီကိုပဲလာဖြစ်မယ်။

**ဦးလှမြင့်(ငွေဆောင်မြို့ အမှတ် ၄ ရပ်ကွက် ဘူးကွဲကြီးကျေးရွာ)**



ဟိုတုန်းကတော့ ဒီဒေသတွေမှာ ၂၀၁၁ အထိ လမ်းပန်းဆက်သွယ်ရေး မကောင်းသေးဘူး။ ၂၀၁၄၊ ၂၀၁၅ မှာတော့ လမ်းပန်းဆက်သွယ်ရေး ပိုကောင်းလာတယ်။ လမ်းကောင်းလာလို့လည်း ဒီလိုကုန်စုံဆိုင်တွေ တည်နိုင်တာပါ။ ဒီဘူးကွဲကနေ ငွေဆောင် ချောင်းသာ လမ်းပန်းဆက်သွယ်ကူးလူးမှု လွယ်သွားတယ်။ ဒီကနေ ပုသိမ်ကိုဆိုလည်း သွားလာရေး တော်တော်ကောင်းသွားပြီ။ ဒီနေရာ ဒေသကအရင်တုန်းကတော့ လယ်လုပ်တယ်။ ကမ်းနားဘက်ဆင်းပြီး ငါးရှာတယ်။ ငါးပိတို့ဘာတို့ လုပ်တာပေါ့။ လူနေမှုစနစ်မှာ ၇၅ ရာခိုင်နှုန်းလောက် ပြောင်းသွားပြီ။ တိုက်တွေ တာတွေနဲ့ဖြစ်လာတယ်။ ၂၅ ရာခိုင် နှုန်းလောက်ကတော့ ငါးရှာတုန်း ပေါ့။ ကုန်စုံဆိုင်လေးတွေ အများ ကြီးဖြစ်လာတယ်။ အရင်လို သွပ်မိုး ပျဉ်ထောင်ထက် ပိုလာပြီ။ ရပ်ကွက်ထဲမှာ လမ်းပန်းဆက်သွယ်ရေးတော့ နည်းနည်းလိုသေးတာပေါ့။ အရင် လေးငါးနှစ်ကဆို အိမ်ခြေ ၁၀၀ ကျော်ကျော်ပဲ ရှိတယ်။ အခုဆို အိမ်ခြေ ၂၀၀ လောက် ဖြစ်လာပြီဆိုတော့ ကျောင်းသားအင်အား တိုးလာတယ်။ အလယ်တန်းအဆင့် စာသင်ကျောင်းလောက် ရှိလာမယ်ဆို ပိုအဆင်ပြေတာပေါ့။ အခုဆို ဒီရွာဒီဒေသကတင်မဟုတ်ဘဲ ဒီမှာ အလုပ်ကောင်းတဲ့အတွက် ဧရာဝတီတိုင်းဒေသကြီးထဲက ရွှေ့ပြောင်းအလုပ်သမား တော်တော်များများ ရှိလာပြီ။ ခရီးသွားလုပ်ငန်းက ၂၀၁၁ လောက်စပြီး နိုင်ငံခြားသားတွေလာကြတယ်။ ဒီနှစ်အတွင်းမှာ ပိုလာကြတယ်။ ကုန်ဆိုလည်း လှမ်းမှာရုံနဲ့ ဒီအိမ်ရှေ့အထိ ပို့လာနိုင်တယ်။ မီးကတော့ ကိုယ့်ရပ်ကွက်ထဲ မီးစက်နဲ့ ဟိုအိမ်က ငါးအိမ်ပေး။ ဒီအိမ်က ၁၀ အိမ်ပေးပုံစံနဲ့ပဲ ရှိသေးတယ်။ လေးဘီးဆိုင်ကယ်ကို အရင်တုန်းက မတွေ့မိဘူး။ ပင်လယ်ကမ်းစပ်မှာတော့မသိဘူး။ ရွာထဲဘက်မှာတော့ မောင်းတာသိပ်မတွေ့ဘူး။ လေးဘီးဆိုင်ကယ်က ဧည့်သည်တွေစီးကြတယ်။ နိုင်ငံခြားသားလည်း စီးတာပဲ။ သတ်မှတ်နေရာမှာ သတ်သတ်မှတ်မှတ်လေး လုပ်လိုက်ရင်တော့ ကောင်းတယ်။ ပိတ်ပင်ထားရင်တော့ သိပ်အဆင်မပြေဘူး။ အဆောက်အအုံတွေ ဟိုတယ်တွေဖြစ်လာတော့ အလုပ်အကိုင်ရလာကြတယ်။ သုံးနှစ်လောက်အတွင်းမှာပဲ။ ပြောင်းလဲသွားတယ် ချောင်လည်လာတယ်။



ငွေဆောင် ကမ်းခြေသည် ရန်ကုန်မြို့၏ အနောက်ဘက် မိုင်(၁၄၀) အကွာခန့်တွင် တည်ရှိပြီး ၂၀၀၀ ပြည့်နှစ်ကတည်းက ဖွင့်လှစ်ခဲ့သည်။ ငွေဆောင်ကမ်းခြေသည် မြောက်ဘက် ဇီးမှော်ရွာမှ တောင်ဘက် မကျီးမှော်ရွာအထိ ရှည်လျားသော ကမ်းခြေရှိခြင်း၊ သန့်ရှင်းမှုရှိခြင်း စသည့် ဝိသေသလက္ခဏာများစွာကိုလည်း ပိုင်ဆိုင်ထားသည်။ ထိုဝိသေသလက္ခဏာများကို ထိန်းသိမ်း၍ ပိုမိုကောင်းမွန်စေရန်၊ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့စေရန်အတွက် ဒေသခံအစိုးရနှင့် ဒေသခံပြည်သူများ ညှိနှိုင်း၍ အားထုတ် ဆောင်ရွက်ရပေလိမ့်မည်။

ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတ၏ပညာတော်သင်ဆု ဒုတိယအသုတ်ရွေးချယ်ခံရသူများနှင့် တတိယအသုတ် ရွေးချယ်ခံရသူများ လူတွေ့ဖြေဆိုရမည့် နေ့ရက်၊ အချိန်နှင့် နေရာစာရင်း

| စဉ် | ဘာသာရပ်နယ်ပယ် | နေ့ရက် | အချိန် | ကာလ | နေရာ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ဆေးပညာ | ၁-၄-၁၅မှ ၂-၄-၁၅ | ၉း၀၀နာရီ | ၂ ရက် | ဆေးပညာသင်ကြားရေး ဗဟိုဌာန၊ လေးထပ်ဆောင်၊လမ်းမတော်၊ ရန်ကုန် | အဖွဲ့ (၅)ဖွဲ့ |
| ၂ | အင်ဂျင်နီယာ | ၅-၄-၁၅မှ ၉-၄-၁၅ ထိ | ၉း၀၀ နာရီ | ၅ ရက် | ပင်မဆောင်(၁)၊ အစည်းအဝေးခန်းမ၊ ရန်ကုန်နည်းပညာ တက္ကသိုလ် | |
| ၃ | ကွန်ပျူတာပညာ | ၁-၄-၁၅မှ၃-၄-၁၅ | ၉း၀၀ နာရီ | ၃ ရက် | အခန်း(၂၀၂) တက္ကသိုလ်စိန်ရတု၊ ရန်ကုန်မြို့ | |
| ၄ | မွေးမြူရေးနှင့် ဆေးကုသရေး | ၁-၄-၁၅ | ၁၀း၀၀ နာရီ | ၁ ရက် | မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် | |
| ၅ | စိုက်ပျိုးရေး | ၁-၄-၁၅ | ၉း၀၀ နာရီ | ၁ ရက် | အစည်းအဝေးခန်းမ၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ နေပြည်တော် | |
| ၆ | သစ်တော | ၇-၄-၁၅ | ၁၀း၀၀ နာရီ | ၁ ရက် | သစ်တောတက္ကသိုလ်၊ နေပြည်တော်(ရေဆင်း) | |
| ၇ | စီးပွားရေး | ၂-၄-၁၅ မှ ၃-၄-၁၅ ထိ | ၁၀း၀၀ နာရီ | ၂ ရက် | အခန်း(၇) ရန်ကုန် စီးပွားရေးတက္ကသိုလ်၊ ကမာရွတ် | |
| ၈ | ပညာရေး | ၂-၄-၁၅မှ၄-၄-၁၅ ထိ | ၉း၃၀ နာရီ | ၃ ရက် | Learning Hub အပေါ်ထပ်၊ ရန်ကုန် ပညာရေး တက္ကသိုလ် | |
| ၉ | ဝိဇ္ဇာဘာသာရပ် | ၁-၄-၁၅ | ၁၀း၀၀ နာရီ | ၁ ရက် | ပြခန်း၊ တက္ကသိုလ် စိန်ရတု၊ ရန်ကုန်မြို့ | |
| ၁၀ | သိပ္ပံဘာသာရပ် | ၁-၄-၁၅မှ ၃-၄-၁၅ | ၁၀း၀၀ နာရီ | ၃ ရက် | အခန်းအမှတ် (၂၀၆) တက္ကသိုလ်စိန်ရတု၊ ရန်ကုန်မြို့ | |
| ၁၁ | အင်္ဂလိပ်စာနှင့် ဘာသာစကား | ၁-၄-၁၅မှ ၃-၄-၁၅ | ၉း၀၀ နာရီ | ၃ ရက် | မြန်မာနိုင်ငံ ယူနက်စကို အမျိုးသား ကော်မရှင်ရုံးခန်း၊ ရန်ကုန်နိုင်ငံခြားဘာ သာတက္ကသိုလ်၊ ရန်ကုန်မြို့ | |
| ၁၂ | သတင်း အတတ်ပညာ | ၁-၄-၁၅ | ၁၀း၀၀ နာရီ | ၁ ရက် | အခန်းအမှတ်(၂၀၇) တက္ကသိုလ်စိန်ရတု၊ ရန်ကုန်မြို့ | |
| ၁၃ | ဥပဒေ | ၄-၄-၁၅ | ၁၀း၀၀ နာရီ | ၁ ရက် | အခန်း (၂၀၂) တက္ကသိုလ်စိန်ရတု၊ ရန်ကုန်မြို့ | |
| ၁၄ | ဟိုတယ်နှင့်ခရီးသွား | ၂-၄-၁၅ | ၁၄း၀၀ နာရီ | ၁ ရက် | ဟိုတယ်နှင့်ခရီးသွားလာ ရေးလုပ်ငန်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ နေပြည်တော် | |
| ၁၅ | ရေကြောင်း | ၇-၄-၁၅ | ၁၀း၃၀ နာရီ | ၁ ရက် | မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ် | |

## တတိယအကြိမ် မြန်မာ့လယ်ယာထွက်ကုန်တန်ဖိုးမြှင့် စက်ကိရိယာပြပွဲ ၂၀၁၅ ဖွင့်ပွဲကျင်းပ

**ရန်ကုန် မတ် ၂၇**

မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်းကကြီးမှူးကျင်းပသော တတိယအကြိမ်မြောက် မြန်မာ့လယ်ယာထွက်ကုန်တန်ဖိုးမြှင့်စက်ကိရိယာပြပွဲ ၂၀၁၅ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြန်မာကွန်ဗင်းရှင်းစင်တာ၌ကျင်းပရာ ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

အဆိုပါပြပွဲကို တောင်သူလယ်သမားများအား ဂုဏ်ပြုသောအားဖြင့်ကျင်းပသော နိုင်ငံတကာအဆင့်မီ ပြပွဲကြီးဖြစ်ကြောင်း၊ ပြည်တွင်း ပြည်ပကုမ္ပဏီ ၅၀ မှ ပြခန်းပေါင်း ၁၂၄ ခန်းဖြင့် မတ် ၂၇ ရက်မှ ၂၉ ရက်အထိ သုံးရက်တိုင်တိုင် ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## MECTEL CDMA 800 MHz မိုဘိုင်းဆက်သွယ်ရေး၏ 1212 Call Center (နေပြည်တော်) ဖွင့်

**နေပြည်တော် မတ် ၂၇**

MECTEL CDMA 800 MHz မိုဘိုင်းဆက်သွယ်ရေး၏ 1212 Call Center (နေပြည်တော်) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိကုန်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ သတင်းနှင့် မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာက MECTEL CDMA 800 MHz မိုဘိုင်းဆက်သွယ်ရေး၏ 1212 Call Center (နေပြည်တော်)နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် တာဝန်ရှိသူများက Call Center (နေပြည်တော်)အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ညွှန်ကြားရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းက Call Center ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ Call Center အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယနေ့ ဖွင့်လှစ်သော Call Center(နေပြည်တော်) အနေဖြင့် မိုဘိုင်းဖုန်း ဈေးနှုန်း၊ အသုံးပြုပုံ၊ Internet Setting အစရှိသော ဝန်ဆောင်မှု အချက်အလက်များ၊ စားသောက်ဆိုင်ရာအချက်အလက်များ၊ ဟိုတယ်နှင့်ခရီးသွားလာမှုဆိုင်ရာ ဝန်ဆောင်မှုများ၊ MECTEL CDMA 800 MHz SIM CARD နှင့် ငွေဖြည့်ကတ်ဆိုင်ရာ အချက်အလက်များ ၊ အစိုးရရုံးနှင့် ကုမ္ပဏီများ၏ လိပ်စာများ၊ ဖုန်းနံပါတ်များ၊ ပညာရေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှု အချက်အလက်များ၊ အလုပ်အကိုင် ရှာဖွေရေးဝန်ဆောင်မှုများ၊ အထွေထွေမေးမြန်းခြင်းဆိုင်ရာ ဖြေကြားခြင်းဝန်ဆောင်မှုများ၊ ပြည်တွင်း ပြည်ပ ဘောလုံးပွဲရလဒ်များ၊ ဘောလုံးပွဲချိန်များ၊ ဘောလုံးပွဲ လူစာရင်းများ၊ ပွဲကြိုသတင်းများ၊ Hello Music ဝန်ဆောင်မှုဆိုင်ရာ အချက်အလက်များ၊ မဟာဘုတ်အဟော၊ တားရော့အဟော၊ နာမည်ပေးကင်ပွန်းတပ်၊ ယတြာချေနည်းများ၊ Myanmar Mobile Money ဝန်ဆောင်မှုဆိုင်ရာ အချက်အလက်များနှင့် E-Top-Up ဝန်ဆောင်မှုများအား အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်မေးမြန်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးဆန္ဒပြမှုအပေါ် ရှင်းလင်းထိန်းသိမ်းခဲ့ခြင်းအား ကန့်ကွက်ကြောင်း ဆန္ဒထုတ်ဖော်

**ရန်ကုန် မတ် ၂၇**

ရန်ကုန်မြို့ သိမ်ကြီးဈေးခုံးကျော်တံတားအနီးတွင် လူမှုအဖွဲ့အစည်းအချို့နှင့် ကျောင်းသားအဖွဲ့တို့သည် ယနေ့နံနက် ၁၀ နာရီခန့်က အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေး ဆန္ဒပြမှုအပေါ် ရှင်းလင်းထိန်းသိမ်းခဲ့ခြင်းအား ကန့်ကွက်ကြောင်း ဆန္ဒထုတ်ဖော်ခြင်းကို ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ပြုလုပ်ခဲ့သည်။

ထိုသို့ဆန္ဒထုတ်ဖော်ရာတွင် လူမှုအဖွဲ့အစည်းအချို့မှ အင်အား ၃၇ ဦးခန့်သည် နံနက် ၁၀ နာရီခွဲခန့်က ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်ရှိ သိမ်ကြီးဈေးခုံးကျော်တံတားအနီးတွင် စုဝေးခဲ့ကြပြီး အနော်ရထာလမ်းနှင့် ရွှေတိဂုံဘုရားလမ်းဆုံမှ ရွှေဘုံသာလမ်းဆုံအထိ ဗီနိုင်းစလက်ကိုင်ပိုစတာ သုံးခုကိုင်ဆောင်၍ လမ်းလျှောက်ဆန္ဒထုတ်ဖော်ခဲ့ရာ တာဝန်ရှိသူများက ရှင်းလင်းပြောဆိုသဖြင့် လူစုကွဲသွားခဲ့သည်။

အလားတူ ကျောင်းသားအဖွဲ့အချို့မှ အင်အား ၁၅ ဦးခန့်သည် နံနက် ၁၀ နာရီခွဲခန့်တွင် မဟာဗန္ဓုလလမ်းနှင့် ရွှေဘုံသာလမ်းဆုံ၌ စုဝေးခဲ့ကြပြီး မဟာဗန္ဓုလလမ်းနှင့် ရွှေတိဂုံဘုရားလမ်းဆုံအထိ အလံငါးခုကိုင်ဆောင်၍ လမ်းလျှောက်ဆန္ဒထုတ်ဖော်ခြင်း၊ နန္ဒာစစ်အောင်နှင့် ကျော်ကိုကိုတို့က ရှင်းလင်းပြောကြားခြင်းများပြုလုပ်ခဲ့ပြီး နံနက် ၁၁ နာရီခန့်တွင် လူစုကွဲသွားခဲ့ကြောင်း သိရသည်။

**သတင်း-မင်းသစ်**

**ဓာတ်ပုံ-ရဲထွန်း**




**CLAIMS DAY NOTICE**

**M.V MODERN PEAK VOY:NO(48)**

Consignees of cargo carried by M.V MODERN PEAK VOY: NO.(48) are here by notified that the vessel will arrive on about 28-3-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

ပြည်တွင်းသတင်း

# မီးဘေးအန္တရာယ် အသိပညာပေးဟောပြော



**ရန်ကုန် မတ် ၂၇**

ရန်ကုန် အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် မီးဘေးလုံခြုံရေးအသိပညာပေး ဟောပြောပွဲကို မတ် ၂၆ ရက် နံနက် ၉ နာရီခွဲက မြို့နယ်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသော်ဒါ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းနှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ဟောပြောပွဲမကျင်းပမီ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးက(၆၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားတွင် ပါဝင်ချီတက်ရန် လေ့ကျင့်နေကြသည့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များကို စစ်ဆေးခဲ့သည်။ **(ယာပုံ)**

ဟောပြောပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသော်ဒါက မီးဘေးအန္တရာယ်လုံခြုံမှု ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးအေးကျော်က မီးဘေးလုံခြုံရေးအတွက် စီမံထားမှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည်။ **ကိုကြီးတင်**





**နဂါးရစ်တောင် ဓမ္မပါလတောရကျောင်း ပန်းပုကွင်းကျေးရွာ ငါးသိုင်းချောင်းမြို့နယ် ဧရာဝတီတိုင်းဒေသကြီး၌ သီတင်းသုံးလျက်ရှိသော နဂါးရစ်တောင် ဆရာတော် ဦးဝိသုဒ္ဓနှင့် တပည့်သားသမီးများက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်သိန်း ၁၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံယူစဉ်။** (မြန်မာ့အလင်း)

# ဖုန်ကြားရှင်တပ်ဖွဲ့မှ လက်နက်များဖြင့် ပြစ်မှုကျူးလွန်သူရှစ်ဦးအား ပြစ်ဒဏ်ချမှတ်

**လားရှိုး မတ် ၂၇**

ဖုန်ကြားရှင်တပ်ဖွဲ့မှ လက်နက်ခဲယမ်းများနှင့်အတူ မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာပြီး ပြစ်မှုအမြောက်အမြား ကျူးလွန်ခဲ့သူ တရုတ်နိုင်ငံသား ရှစ်ဦးအား ၎င်းတို့ကျူးလွန်ခဲ့သော ပြစ်မှုအချို့အတွက် တရားရုံးအသီးသီးက ထောင်ဒဏ် (၂၅) နှစ်စီ ချမှတ်ခဲ့ပြီးဖြစ်သည့်အပြင် ဓားပြမှု၊ လူသတ်မှုများအတွက်လည်း လားရှိုးခရိုင်တရားရုံးက မတ် ၂၆ ရက်တွင် ထောင်ဒဏ် တစ်သက်တစ်ကျွန်း ထပ်မံချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

တရုတ်နိုင်ငံသားများ ဖြစ်ကြသော ဟန်လုလု (၂၅ နှစ်)၊ ဖန်စင်းချိန် (၂၁ နှစ်)၊ လီထယ် (၂၂ နှစ်)၊ ကျန်းကျိန် (၁၉ နှစ်)၊ လျှိုလန် (၂၁ နှစ်)၊ လျှိုယက်ချန်း (၁၉ နှစ်)၊ ရန်ရှော်ဟုန် (၁၉ နှစ်)၊ ကျန်းယိန် (၁၇ နှစ်)တို့ ရှစ်ဦးမှာ လွန်ခဲ့သည့်နှစ် ဖေဖော်ဝါရီလပိုင်းက မြန်မာနိုင်ငံ မိုင်းလားမြို့သို့ တရားမဝင် ဝင်ရောက်ခဲ့ပြီး ဖုန်ကြားရှင်၏ (MNDAA) တပ်ဖွဲ့တွင် စစ်သင်တန်းတက်ရောက်၍ ကြေးစားစစ်သားများအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ယင်းတပ်ဖွဲ့တွင် မျှော်မှန်းထားသလောက် လစာရိက္ခာမရရှိခြင်းကြောင့် ယင်းတပ်ဖွဲ့မှ လက်နက်များ၊ ကျည်ဆန်များ၊ လက်ပစ်ဗုံးများ၊ မိုင်းနှင့်ဆက်စပ်ပစ္စည်းများ ခိုးယူ၍ထွက်ပြေးလာကာ လားရှိုးမြို့သို့ တောလမ်းမှ ဝင်ရောက်လာခဲ့သည်။ လားရှိုးမြို့တွင် PROBOX ကားတစ်စီးကို လုယူမောင်းနှင်ပြီး မန္တလေးဘက်သို့ ပြည်ထောင်စု လမ်းမကြီးအတိုင်း မောင်းနှင်လာစဉ် လားရှိုးမြို့အထွက် လွယ်လန့်ကျေးရွာ၌ ယာဉ်တိုက်မှုဖြစ်ပွားကာ ကားမှာပျက်စီးသွားခဲ့သည့်အတွက် ယင်းနေရာအနီးမှပင် TOYOTA TUNDAR 4WD ကားတစ်စီးကို ထပ်မံလုယက်မောင်းနှင်ခဲ့သည်။ ကျောက်မဲမြို့နယ် ခိုမုန်းကျေးရွာအုပ်စု ပေါက်အင်းကြီးရွာအနီး တောင်ယာကွက်တစ်ခုအတွင်း၌ ယင်းကား၏ ယာဉ်မောင်း ဦးသိန်းအောင်အား သတ်ဖြတ်၍ မြေမြှုပ်ထားခဲ့ကြပြီး ဆက်လက်မောင်းနှင်လာခဲ့ကြရာ ၎င်းတို့အား အိန္ဒိယနယ်စပ် တမူးမြို့တွင် လွန်ခဲ့သည့်နှစ် ဧပြီ ၂၅ ရက်က လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသားရှစ်ဦးအား မုံရွာခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ လဝက အက်ဥပဒေပုဒ်မ-၁၃(၁)၊ လက်နက်ဥပဒေ ပုဒ်မ-၁၉(က)၊ ဆက်သွယ်ရေး ဥပဒေပုဒ်မ-၆၇ တို့အရ အသက် (၁၇နှစ်)သာ ရှိသေးသော လူငယ်တရားခံ ကျန်းယိန်အား ထောင်ဒဏ် ၁၀နှစ် နှင့် ကျန်တရားခံ ခုနစ်ဦးအား ထောင်ဒဏ် ၁၃ နှစ်စီ အသီးသီး ချမှတ်ခဲ့ပြီးဖြစ်သည် ။

လားရှိုးမြို့နယ်အတွင်း ၎င်းတို့ ကျူးလွန်ခဲ့သည့် PROBOX ကားကို လုယူမောင်းနှင်သော ဓားပြမှု၊ အကျိုးဖျက်ဆီးမှုတို့အတွက် လားရှိုးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ယင်းပြစ်မှုများအတွက် လူငယ်တရားခံ ကျန်းယိန်အား ထောင်ဒဏ် ၁၀ နှစ်နှင့် ကျန်တရားခံ ခုနစ်ဦးအား ထောင်ဒဏ် ၁၂ နှစ်စီ အသီးသီး ချမှတ်ခဲ့ပြီးဖြစ်သည် ။

လားရှိုးမြို့နယ် အတွင်းမှ TOYOTA TUNDAR 4WD ကားကိုလုယူသွားပြီး ကျောက်မဲမြို့နယ်အတွင်းတွင် ယာဉ်မောင်း ဦးသိန်းအောင်အားသတ်၍ မြေမြှုပ်ထားခဲ့သောအမှုအတွက် လားရှိုးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ပြစ်မှုကြီးအမှုအမှတ်-၁/၂၀၁၅ တွင် ပြစ်မှုပုဒ်မ-၃၉၆အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှား၍ လူငယ်တရားခံ ကျန်းယိန်အား ထောင်ဒဏ် ၁၀နှစ်နှင့် ကျန်တရားခံခုနစ်ဦးအား ထောင်ဒဏ် တစ်သက်တစ်ကျွန်း ကျခံစေရန် မတ် ၂၆ ရက်က အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

တရားခံများ မြန်မာနိုင်ငံအတွင်း ကျူးလွန်ခဲ့သော ပြစ်မှုအသီးသီးတို့အတွက် တရားရုံးအသီးသီးက ချမှတ်ခဲ့သော ပြစ်ဒဏ်များမှာ လူငယ်တရားခံ ကျန်းယိန်အား စုစုပေါင်း ထောင်ဒဏ် အနှစ် ၃၀ နှင့် ကျန်တရားခံဟန်လုလု၊ လီထယ်၊ လျှိုလျန်၊ ဖန်စင်းချိန်၊ ကျန်းကျိန်၊ လျှိုယက်ချန်း၊ ရန်ရှော်ဟုန်တို့အား စုစုပေါင်း ထောင်ဒဏ် တစ်သက်တစ်ကျွန်းနှင့် ထောင်ဒဏ် ၂၅ နှစ်စီ ချမှတ်ခဲ့ခြင်းဖြစ်ပြီး တရားခံများ၏ ပြုမူဆောင်ရွက်ချက်မှာ သာမန်ပြစ်မှုကျူးလွန်ခြင်းမျိုးမဟုတ်ဘဲ မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေးကို ထိခိုက်စိန်ခေါ်ရာရောက်သဖြင့် သက်ညှာရန်အကြောင်းမရှိ၍ ထိရောက်ဟန့်တားသောပြစ်ဒဏ်များ ချမှတ်ရခြင်းဖြစ်ကြောင်း သိရသည်။

**နေမျိုးနွယ်**

# အင်ပူမြို့နယ်၌ မြေပြိုကျသဖြင့် လူလေးဦးသေဆုံး

**ဟသ်ာတ မတ် ၂၇**

အင်ပူမြို့နယ် အုပ်ရှစ်ကုန်းအုပ်စု ပန်းတိမ်ကျေးရွာနေ ဦးအောင်မျိုးပိုင်ဆိုင်သော မြေနီတောင်မှ မြေနီများ တူးဖော်သူလေးဦးသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်က အနားယူနေစဉ် မြေပြိုကျသဖြင့် မြေကြီးများပိပြီး လူလေးဦးသေဆုံးမှုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ မြေနီတောင်မှ မြေနီများအား ဦးဇော်မိုးပါ ခြောက်ဦးအဖွဲ့က နေ့စားအလုပ်ဖြင့် တူးဖော်ခဲ့ရာ အခင်းဖြစ်ပွားချိန်၌ အနားယူနေစဉ် မြေပြိုကျပြီး မြေကြီးများပိ၍ သေဆုံးရခြင်းဖြစ်ကြောင်း သိရသည်။

မြေပြိုမှုကြောင့် အင်ပူမြို့နယ် ဂျိုက်တောရွာနေ ဇော်မိုးဝင်း (၃၆ နှစ်)၊ အလယ်စုရွာနေ သန့်ဇင်မျိုး၊ အင်းစနုတ်ကုန်းရွာနေ မင်းဦး(၂၇ နှစ်)နှင့် သံပုရာကွင်းရွာနေ ဇာနည် (၂၇ နှစ်)တို့ သေဆုံးခဲ့ပြီး ထူးကြီးနယ်မြေရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(၁၁၇)**


**ကမ်းလွန်လုပ်ကွက် A-6 နှင့်ပတ်သက်၍ အသိပေးကြော်ငြာခြင်း-**

အကြောင်းအရာ- ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများအတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) လေ့လာခြင်း။

Woodside Energy (Myanmar) Pte Ltd မှဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ကမ်းလွန်ဒေသရှိ လုပ်ကွက်အမှတ် (Block A-6) ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေရေးဆောင်ရွက်နိုင်ရန်အတွက် AECOM နှင့် E Guard Environmental Services Co., Ltd တို့မှ ပတ်ဝန်းကျင်ဆိုင်ရာလေ့လာဆန်းစစ်ခြင်း လုပ်ငန်းများနှင့် အများပြည်သူများနှင့် တွေ့ဆုံညှိနှိုင်းခြင်း(Stakeholder Consultation)ကိုဆောင်ရွက် လျက် ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပြုထားသောလုပ်ငန်းများနှင့် အများပြည်သူတွေ့ဆုံညှိနှိုင်းခြင်းများအား ထပ်မံသိရှိလိုပါက www.woodside.com.au သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည့်အပြင် Mr. Daniel Clery (daniel.clery@woodside.com) သို့မဟုတ် ဖုန်းနံပါတ် ၀၁-၅၁၄၃၇၉ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။



**ကမ်းလွန်လုပ်ကွက် AD-5 နှင့် A-7 နှင့်ပတ်သက်၍ အသိပေးကြော်ငြာခြင်း-**

အကြောင်းအရာ- ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများအတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) လေ့လာခြင်း။

Woodside Energy (Myanmar) Pte Ltd မှဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ကမ်းလွန်ဒေသရှိ လုပ်ကွက်အမှတ် (Blocks AD-5 နှင့် A-7) ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေရေး ဆောင်ရွက်နိုင်ရန်အတွက် AECOM နှင့် E Guard Environmental Services Co., Ltd တို့မှ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) ဆိုင်ရာလုပ်ငန်းများနှင့် အများပြည်သူများနှင့်တွေ့ဆုံညှိနှိုင်းခြင်း(Stakeholder Consultation)ကိုဆောင်ရွက် လျက် ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပြုထားသောလုပ်ငန်းများနှင့် အများပြည်သူတွေ့ဆုံညှိနှိုင်းခြင်းများအား ထပ်မံသိရှိလိုပါက www.woodside.com.au သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည့်အပြင် Mr. Daniel Clery (daniel.clery@woodside.com) သို့မဟုတ် ဖုန်းနံပါတ် ၀၁-၅၁၄၃၇၉ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။



**ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆-L)၊ မြေကွက်အမှတ် (၁၂၀I /၁+၁၂၀F /၁) မြေကွက်နှင့်ပတ်သက်၍**

**အများသိစေရန် ကြေညာခြင်း**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆-L)၊ မြေကွက်အမှတ် (၁၂၀I /၁+၁၂၀F /၁) မြေကွက်သည် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ (၄)၊ ရန်ကုန်မြို့သို့ ဘဏ်ချေးငွေ အာမခံအဖြစ်တင်သွင်းထားသော အခြေပစ္စည်းဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်အား မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ (၄) ရန်ကုန်မြို့၏ ခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေးကမ်းခြင်း၊ လက်ခံခြင်း၊ ပေါင်နှံခြင်း၊ ပေါင်နှံသည်ကို လက်ခံခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း၊ လွှဲပြောင်းသည်ကို လက်ခံခြင်း၊ မြေကွက်ပေါ်တွင် အဆောက်အအုံဆောက်လုပ်ခြင်းများ မပြုလုပ်ရန်အသိပေးပါသည်။ ပြုလုပ်ပါက ပြုလုပ်သူတို့၏ တာဝန်သာဖြစ်ကြောင်းနှင့် မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် တည်ဆဲတရားဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မန်နေဂျာ**
**မြန်မာ့စီးပွားရေးဘဏ်**
**ဘဏ်ခွဲ(၄)ရန်ကုန်မြို့**



**ရောင်းမည်/ငှားမည်**

၁။ သံလွင်လမ်း RC(2) ထပ်(ပေ၄၀×ပေ၁၀၀)အိပ်ခန်း(၄)ခန်း A/C(6) လုံးကြိုးဖုန်း၊ ရေပူရေအေး၊CCTV ရောင်း/ငှား

၂။ စမ်းချောင်း RC 2½ ထပ်(ပေ၁၀၀×ပေ၁၀၀) အိပ်ခန်း(၄)ခန်း A/C(12)လုံး ကြိုးဖုန်း၊ ရေပူရေအေး CCTV ငှား

၃။ လမ်းမတော်(၃)လွှာ (၁၂½ပေ×ပေ၅၀)Hall AC(1) ကျွန်းပါကေး၊ ရေပူရေအေး၊ ပြင်ဆင်ပြီး ရောင်း

၄။ လမ်းမတော်(ပ)လွှာ၊ Hall (၂၅ပေ×ပေ၅၀)ရေမီးစုံငှား

၅။ ဒဂုံဆိပ်ကမ်း (၄၅ပေ×ပေ၆၀)၊ ခြံခတ်ပါမစ်မြေ ရောင်း

**ဖုန်း-၀၉-၅၁၀၈၄၅၂၊ ၀၉-၇၃၂၀၁၉၉၉**



**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာ**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောတောင်ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၄၂၈/၄၃၀၊ မြေအကျယ် ၀ဒသမ၀၅၆ ဧကပေါ်တွင် တည်ဆောက်ထားသည့် သုံးခန်းတွဲ၊ (၆)ထပ်တိုက်မှ မြေညီထပ်(ထောင့်ခန်း) ထပ်ခိုးပါ (၂၈ပေ×ပေ၅၀×၁၇ပေ) အကျယ်ရှိ တိုက်ခန်းကို ရောင်းချခွင့်ရှိသူ ဦးမင်းအောင် ၁၄/ဖပန(နိုင်)၀၀၈၈၂၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက ကာလတန်ဖိုးဖြင့်ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားပြီးဖြစ်၍ တိုက်ခန်းနှင့်စပ်လျဉ်းပြီး ပိုင်ရေးပိုင်ခွင့်ရှိသူတို့သည် စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်မေစပယ်မြင့်(စဉ်-၃၂၉၉၂)အထက်တန်းရှေ့နေ ဖုန်း-၀၉-၅၃၄၃၆၉**
**LL.B,D.B.L,D.I.L,D.L.P(101)WIPO(SWITZERLAND)**
**အမှတ် ၂၆၃/၃ လွှာ၊ ဗားကရာလမ်း၊ မြေနီ/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**



**ပျောက်ဆုံးကြောင်း**

ကျွန်မ မစန္ဒာသိမ့် ၈/ရနခ(နိုင်)၀၀၁၁၀၅၏ နိုင်ငံကူးလက်မှတ် M 856480 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀၃၂၆၃၈**



**ပျောက်ဆုံးကြောင်း**

ကျွန်မ ဒေါ်သောင်းသောင်း ၈/ရနခ(နိုင်)၀၂၆၆၇၀၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀၃၂၆၃၈**

ကြော်ငြာ







## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6C/2230, Higer (KLQ 6109Q), Bus (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးဇာနည်မောင် ၆/မအရ(နိုင်)၀၀၀၈၄၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့**

## အမည်ပြောင်း

ဦးခင်မောင်ဦး၏သား အုတ်ဖိုမြို့နယ်၊ အထက(ခွဲ)မကျီးပင်ပဥ္စမတန်းမှ မောင်သက် ဦးဆွေအား ယနေ့မှစ၍ မောင်သက်လင်းမောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သက်လင်းမောင်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သန်းထွန်း ၁၀/မလမ(နိုင်)၂၁၃၃၁၅ ၏ Psno(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၅၃၇၀၇၁၀**

## ပျောက်ဆုံးကြောင်း

ကျောက်တံတားမြို့နယ်၊ ၃၈လမ်း၊ (၆)ရပ်ကွက်၊ အမှတ် (၁၂၃)နေ ဦးသန်းဦး ၁၂/ကတတ(နိုင်)၀၀၃၅၂၉ မှ ပိုင်ဆိုင်သည့် ပေါက္က/၈၅၅၉ ရေယာဉ်၏ ရန်ကုန်မြို့၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားရေးမှူးဦးစီးဌာန ရေကြောင်းလုပ်ငန်းမှ ထုတ်ပေးထားသည့်

## မီးသတ်ပြု

ခရီးသည်ပို့ဆောင်ရေး "ခ" လုပ်ငန်းလိုင်စင်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၂၃၉၉၂၉**

ပညာရေး

# ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အခြေခံပညာအဆင့် ဘက်စုံပညာထူးချွန်ရွေးချယ်ခံရသူများ၏ အမည်စာရင်း

နေပြည်တော် မတ် ၂၇

၂၀၁၄-၂၀၁၅ ပညာသင်နှစ် အခြေခံပညာအဆင့် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းတို့အတွက် အမှတ် (၁)၊ (၂)၊ (၃) အခြေခံပညာဦးစီးဌာနများအောက်ရှိ အခြေခံပညာကျောင်းများမှ တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် ဘက်စုံထူးချွန်ရွေးချယ်ခံရသူများ၏ အမည်စာရင်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

*(ယမန်နေ့မှအဆက်)*

အမှတ်(၂) အခြေခံပညာဦးစီးဌာန

၂၀၁၄-၂၀၁၅ ပညာသင်နှစ်

ခရိုင်အလိုက် ရွေးချယ်ထားသည့် ဘက်စုံပညာထူးချွန်ကျောင်းသား၊ ကျောင်းသူများဦးရေစာရင်း

(အဋ္ဌမတန်း)

| | | | | |
|---|---|---|---|---|
| ၇၇ | မဖြိုးစုဟန် | အထက(၁) | တောင်ကြီး | တောင်ကြီး |
| ၇၈ | မဆုစန္ဒီအောင် | အထက(၂) | ကလော | တောင်ကြီး |
| ၇၉ | မထွန်းအိန္ဒြာဇင် | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၈၀ | မောင်အောင်ဝင်းထွန်း | အထက(၁)၊လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၈၁ | မဆောင်လျှန်းမို | အထက-ကွန်ဟိန်း | ကွန်ဟိန်း | လွိုင်လင် |
| ၈၂ | မောင်စိုင်းကောင်းခန့်ကျော် | အထက-မြို့မ | နမ့်စန် | လွိုင်လင် |
| ၈၃ | စိုင်းစံရွက်ဆိုင် | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၈၄ | မသိမ့်ရတနာတိုး | အထက-မိုးနဲ | မိုးနဲ | လင်းခေး |
| ၈၅ | မောင်မျိုးသန့်စင် | အထက(၅)၊လားရှိုး | လားရှိုး | လားရှိုး |
| ၈၆ | စိုင်းဝေဖြိုးအောင် | အထက-ဟိုပန် | ဟိုပန် | လားရှိုး |
| ၈၇ | မနှင်းဝင့်မွန် | ကပက-နေခြည် | လားရှိုး | လားရှိုး |
| ၈၈ | မဇင်မာသိမ့် | အထက(ခွဲ)၊စယ်အူ | သိန္နီ | လားရှိုး |
| ၈၉ | မောင်ဇင်မျိုးထက် | အထက-မန်ကျည်းပင် | မိုးမိတ် | ကျောက်မဲ |
| ၉၀ | မောင်ကြည်သာလင်း | အထက(၁)၊ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ |
| ၉၁ | မဖြိုးအိစံ | အထက(ခွဲ)၊လ-မိုးမိတ် | မိုးမိတ် | ကျောက်မဲ |
| ၉၂ | မဒီဒီဝိုင်းရတနာ | အထက(၁)၊နမ့်ဆန် | နမ့်ဆန် | ကျောက်မဲ |
| ၉၃ | မောင်အောင်ဇင် | အထက(၂)၊မူဆယ် | မူဆယ် | မူဆယ် |
| ၉၄ | မနန်းနွံခမ်း | ကပက(ကျေးဇူးကမ္ဘာ) | မူဆယ် | မူဆယ် |
| ၉၅ | မောင်ဝင်းထွဋ်လင်း | အထက(၅) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၉၆ | မနန်းယွန်းကလျာ | အထက(၂) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၉၇ | မောင်ကောင်းခန့်ကျော် | အလက-ပုန်းထွန် | တာချီလိတ် | မိုင်းဖြတ် |
| ၉၈ | မောင်သန့်လွင်စံ | အထက-မိုင်းတုံ | မိုင်းတုံ | မိုင်းဖြတ် |
| ၉၉ | မစံရတနာကျော် | အထက-မိုင်းဖြတ် | မိုင်းဖြတ် | မိုင်းဖြတ် |
| ၁၀၀ | မခင်မင်းထက် | အထက-တာချီလိတ် | တာချီလိတ် | မိုင်းဖြတ် |

အမှတ်(၂) အခြေခံပညာဦးစီးဌာန

၂၀၁၄-၂၀၁၅ ပညာသင်နှစ်

ခရိုင်အလိုက် ရွေးချယ်ထားသည့် ဘက်စုံပညာထူးချွန်ကျောင်းသား၊ ကျောင်းသူများဦးရေစာရင်း

(နဝမတန်း)

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်အောင်ပြည့်ကျော် | အထက(၃) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မောင်ရဲအောင်ဇော် | အထက-တနိုင်း | တနိုင်း | မြစ်ကြီးနား |
| ၃ | မမေမြတ်မိုး | အထက(၃) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၄ | မဝေါ်မီး | အထက(၁) | ဝိုင်းမော် | မြစ်ကြီးနား |
| ၅ | မောင်လင်းဝေယံ | အထက-နမ္မတီး | မိုးကောင်း | မိုးညှင်း |
| ၆ | မမြရံချယ် | အထက(၁) | မိုးကောင်း | မိုးညှင်း |
| ၇ | မောင်ဟန်ဝင်းအောင် | အထက(၁) | ဗန်းမော် | ဗန်းမော် |
| ၈ | မမြတ်နိုးဇင်မင်း | အထက(၂) | ရွှေကူ | ဗန်းမော် |
| ၉ | မောင်မဘုဖုန် | အထက-ဒုတ္တန် | ပူတာအို | ပူတာအို |
| ၁၀ | မဖုန်ရိခေါ်ရမ် | အထက-ပူတာအို | ပူတာအို | ပူတာအို |
| ၁၁ | မောင်ပြည့်ဖြိုး | အထက(၁) | လွိုင်ကော် | လွိုင်ကော် |
| ၁၂ | မအိအိခိုင်စိုး | အထက(ခွဲ)၊လ-၁ | လွိုင်ကော် | လွိုင်ကော် |
| ၁၃ | မောင်ထက်လှိုင်ထွန်း | အထက-ဖားဆောင်း | ဖားဆောင်း | ဘော်လခဲ |
| ၁၄ | မကျော့စန္ဒာနိုင်အောင် | အထက-ဘော်လခဲ | ဘော်လခဲ | ဘော်လခဲ |
| ၁၅ | မောင်ကျုံးလျှန်ထန် | အထက(၁) | ဟားခါး | ဟားခါး |
| ၁၆ | မနန်းသူဇာလှိုင် | အထက(၃) | ဟားခါး | ဟားခါး |
| ၁၇ | မောင်နန်လျန်စိန် | အထက(၁)၊တီးတိန် | တီးတိန် | ဖလမ်း |
| ၁၈ | မကျိန်ရှင်းဟွဲ | အထက(၁)၊တီးတိန် | တီးတိန် | ဖလမ်း |
| ၁၉ | မောင်ဟာရှိန်းကီး | အထက-ကန်ပက်လက် | ကန်ပက်လက် | မင်းတပ် |
| ၂၀ | မလီမနား | အထက-ကန်ပက်လက် | ကန်ပက်လက် | မင်းတပ် |
| ၂၁ | မောင်အောင်ချမ်းမြေ့ | အထက(၁)၊စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၂ | မဆုရတီစိုး | အထက(၁)၊စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၃ | မောင်စိုးသီဟလင်း | အထက(၃)၊ရွှေဘို | ရွှေဘို | ရွှေဘို |
| ၂၄ | မောင်ဥတ္တာဆွေတင့် | အထက(၂)၊ရေဦး | ရေဦး | ရွှေဘို |
| ၂၅ | မချမ်းမြေ့ကြည် | အထက(၃)၊ရွှေဘို | ရွှေဘို | ရွှေဘို |
| ၂၆ | မမေသန့်စင်အောင် | ကပက(စံတော်ဝင်) | ဝက်လက် | ရွှေဘို |
| ၂၇ | မောင်ဘုန်းမိုးခန့် | ကပက(ပါရမီ) | မုံရွာ | မုံရွာ |
| ၂၈ | မောင်ထက်ဝေကျော် | အထက-လက်တောင်းကြီး | ပုလဲ | မုံရွာ |
| ၂၉ | မဖြိုးသဥ္ဇာထက် | ကပက(ပါရမီ) | မုံရွာ | မုံရွာ |
| ၃၀ | မလှိုင်ရတနာထွဋ် | အထက-ချောင်းဦး | ချောင်းဦး | မုံရွာ |
| ၃၁ | မောင်ဝေယံဦး | အထက-မော်လူး | အင်းတော် | ကသာ |
| ၃၂ | မောင်ထက်နိုင်အောင် | အထက-ကောလင်း | ကောလင်း | ကသာ |
| ၃၃ | မမွန်မွန်သိမ့်ကျော် | အထက-ထီးချိုင့် | ထီးချိုင့် | ကသာ |
| ၃၄ | မအိန္ဒြာကျော် | အထက-ဝန်းသို | ဝန်းသို | ကသာ |
| ၃၅ | မဇင်မာအောင် | အထက(၁)-ကလေး | ကလေး | ကလေး |
| ၃၆ | မောင်ကောင်းမြတ်အောင် | အထက(၁)၊ကလေး | ကလေး | ကလေး |
| ၃၇ | မောင်အောင်ရွှေ | အထက-နန်တော | ဟုမ္မလင်း | ခန္တီး |
| ၃၈ | မောင်ကောင်းသက်ခန့် | အထက-မော်လိုက် | မော်လိုက် | ခန္တီး |
| ၃၉ | မအိကြည်ဖြူမင်း | အထက(၁)ဟုမ္မလင်း | ဟုမ္မလင်း | ခန္တီး |
| ၄၀ | မသက်စုမှူး | အထက-မော်လိုက် | မော်လိုက် | ခန္တီး |
| ၄၁ | မောင်စိန်မင်းခန့်ဦး | အထက(၁)၊ရေနံချောင်း | ရေနံချောင်း | မကွေး |
| ၄၂ | မောင်ရန်မင်းအောင် | အထက(၁)၊တောင်တွင်းကြီး | တောင်တွင်းကြီး | မကွေး |
| ၄၃ | မရွှေယမင်းဦး | အထက(၁)၊တောင်တွင်းကြီး | တောင်တွင်းကြီး | မကွေး |
| ၄၄ | မထူးလဲ့မွန်အောင် | အထက(၄)မကွေး | မကွေး | မကွေး |
| ၄၅ | မောင်မင်းသူကို | အထက-စကု | မင်းဘူး | မင်းဘူး |
| ၄၆ | မခိုင်ဝတ်ရည်သော် | အထက-လယ်ကိုင်း | ပွင့်ဖြူ | မင်းဘူး |
| ၄၇ | မောင်ကောင်းမြတ်ခန့် | အထက(၅)၊ပခုက္ကူ | ပခုက္ကူ | ပခုက္ကူ |
| ၄၈ | မဆုသဥ္ဇာလှိုင် | အထက-ရေစကြို | ပခုက္ကူ | ပခုက္ကူ |
| ၄၉ | မောင်မျိုးနိုင်ထွန်း | အထက-ကျော | ဂန့်ဂေါ | ဂန့်ဂေါ |
| ၅၀ | မရှင်းကျော့မှူး | အထက(ခွဲ)၊မြို့မ | ဂန့်ဂေါ | ဂန့်ဂေါ |
| ၅၁ | မောင်ခန့်ပြည့်စုံ | အထက-မင်းလှ | မင်းလှ | သရက် |
| ၅၂ | မောင်ဇင်လင်းနိုင် | အထက-ကျော်စွာ | အောင်လံ | သရက် |
| ၅၃ | မဝါဝါဝင်း | အထက-ပြည်လို | အောင်လံ | သရက် |
| ၅၄ | မခင်ကောင်းပြည့် | အထက(၁)၊သရက် | သရက် | သရက် |
| ၅၅ | မောင်ကျော်ထက်ခိုင် | ကပက-CAE | ချမ်းအေးသာစံ | မန္တလေး |
| ၅၆ | မောင်စည်သူမင်းခန့် | အထက(၁) | အောင်မြေသာစံ | မန္တလေး |
| ၅၇ | မဖူးပွင့်အောင် | ကပက(စံဟိန်း) | မဟာအောင်မြေ | မန္တလေး |
| ၅၈ | မခင်ထက်ထက်စိမ်း | ကပက-ဆု | ချမ်းအေးသာစံ | မန္တလေး |
| ၅၉ | မောင်စွမ်းပြည့်ဘုန်းနိုင် | ကပက-စိုးစံ | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၆၀ | မယဉ်မင်းကျော် | ကပက-စာပန်းအိမ် | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၆၁ | မောင်ဇင်မင်းခန့် | အထက-ချောင်းခွ | တံတားဦး | ကျောက်ဆည် |
| ၆၂ | မဝင့်လွှာဖြူ | အထက-မြစ်သား | မြစ်သား | ကျောက်ဆည် |
| ၆၃ | မောင်ရှိုင်းမော်အုံ | အထက-၁ | မြင်းခြံ | မြင်းခြံ |
| ၆၄ | မဝင်းဝင်းအိ | အထက-၁ | မြင်းခြံ | မြင်းခြံ |
| ၆၅ | မောင်ကောင်းဆက် | အထက-ညောင်ဦး | ညောင်ဦး | ညောင်ဦး |
| ၆၆ | မအေးသီခိုင် | အထက-၂ | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၆၇ | မောင်ဘုန်းမြတ်ငြိမ်း | အထက-၁ | မိတ္ထီလာ | မိတ္ထီလာ |
| ၆၈ | မခိုင်ချင်းချင်းစိုး | အထက-၁ | မိတ္ထီလာ | မိတ္ထီလာ |
| ၆၉ | မောင်ဟိန်းမင်းအောင် | အထက-ရမည်းသင်း | ရမည်းသင်း | ရမည်းသင်း |
| ၇၀ | မအိဖြူဖြူသန့် | အထက-ပျော်ဘွယ် | ပျော်ဘွယ် | ရမည်းသင်း |
| ၇၁ | မောင်အာကာကျော်ဘိုဘို | အထက(၁) | ပျဉ်းမနား | ဒက္ခိဏ |
| ၇၂ | မမေမီမျိုး | အထက(၁၀) | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၇၃ | မောင်အောင်ကျော်ကျော် | ကပက-CAE | ဥတ္တရသီရိ | ဥတ္တရသီရိ |
| ၇၄ | မအိဇင်မျိုး | ကပက-CAE | ဥတ္တရသီရိ | ဥတ္တရသီရိ |
| ၇၅ | မောင်နေနော်ဦး | အထက(၁)၊တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၇၆ | မောင်အောင်ခိုင်ဖြိုး | အထက(ခွဲ)၊လ-၂၊ညောင်ရွှေ | ညောင်ရွှေ | တောင်ကြီး |
| ၇၇ | မမွန်မွန်ကျော်စွာ | အထက(၄)၊တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၇၈ | မဆုမြတ်နန္ဒာစိုး | အထက(၂)၊ကလော | ကလော | တောင်ကြီး |
| ၇၉ | မအိသဥ္ဇာဦး | အထက(ခွဲ)၊လ-၂ | လွိုင်လင် | လွိုင်လင် |
| ၈၀ | မောင်ကောင်းဆက်ပိုင် | အထက-နမ့်စန် | နမ့်စန် | လွိုင်လင် |
| ၈၁ | စိုင်းပန့်နော်ဆိုင် | အထက(ခွဲ)၊လ-၂၊ | လွိုင်လင် | လွိုင်လင် |
| ၈၂ | မအေးမြတ်မေ | အထက-ဝမ်ကန် | မိုင်းရှူး | လွိုင်လင် |
| ၈၃ | နန်းဟန်လင်း | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၈၄ | မောင်ပြည့်ဖြိုးကျော် | အထက-မိုးနဲ | မိုးနဲ | လင်းခေး |
| ၈၅ | မောင်စောထူးစေး | အထက(၁)၊လားရှိုး | လားရှိုး | လားရှိုး |
| ၈၆ | စိုင်းရွှေထူး | အထက(ခွဲ)၊နမ့်စလပ် | သိန္နီ | လားရှိုး |
| ၈၇ | နော်ဇွန်ပွင့်ဦး | အထက(ခွဲ)၊လ(၅) | လားရှိုး | လားရှိုး |

*စာမျက်နှာ ၁၆ သို့*

ပညာရေး

စာမျက်နှာ ၁၆ မှ

**အမှတ်(၃) အခြေခံပညာဦးစီးဌာန**

**၂၀၁၄-၂၀၁၅ ပညာသင်နှစ်**

**ခရိုင်အလိုက် ရွေးချယ်ထားသည့် ဘက်စုံပညာထူးချွန်ကျောင်းသား၊ ကျောင်းသူများဦးရေစာရင်း**

**(အဋ္ဌမတန်း)**

| | | | | |
|---|---|---|---|---|
| ၂ | မောင်ပိုင်ဇေမင်း | အထက(၄) | မင်္ဂလာတောင်ညွန့် | အရှေ့ပိုင်း |
| ၃ | မောင်ထက်အောင်ရှိုင်း | အထက(၂) | တောင်ဥက္ကလာ | အရှေ့ပိုင်း |
| ၄ | မယမင်းသွင် | အထက(၂) | ဗိုလ်တထောင် | အရှေ့ပိုင်း |
| ၅ | မသဇင်မေ | အထက(၃) | ဒဂုံမြောက် | အရှေ့ပိုင်း |
| ၆ | မကေခိုင်စိုး | အထက(၄) | တာမွေ | အရှေ့ပိုင်း |
| ၇ | မောင်အောင်ခန့်ညားကျော် | တီတီစီ | ကမာရွတ် | အနောက်ပိုင်း |
| ၈ | မောင်ဘုန်းမြင့်မိုရ် | အထက(၃) | စမ်းချောင်း | အနောက်ပိုင်း |
| ၉ | မသိမ့်အိချို | အထက(၂) | လသာ | အနောက်ပိုင်း |
| ၁၀ | မစောရတနာ(၁) | အထက(၂) | ကမာရွတ် | အနောက်ပိုင်း |
| ၁၁ | မောင်အောင်ကိုဝင်း | အထက(၂) | ကွမ်းခြံကုန်း | တောင်ပိုင်း |
| ၁၂ | မောင်ဟီဟာဇော် | အလက-မြို့မ | ကျောက်တန်း | တောင်ပိုင်း |
| ၁၃ | မမေသကြိန် | အထက(၂) | ကွမ်းခြံကုန်း | တောင်ပိုင်း |
| ၁၄ | မခိုင်ယမုံခန့် | အထက-နတ်စင်ကုန်း | ကော့မှူး | တောင်ပိုင်း |
| ၁၅ | မောင်သူရမျိုးတင့် | အထက(၄) | လှိုင်သာယာ | မြောက်ပိုင်း |
| ၁၆ | မောင်ဟိန်းထက်အောင် | အထက(၂) | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၇ | မခိုင်ဇာသွယ် | အထက-တိုက်ကြီး | တိုက်ကြီး | မြောက်ပိုင်း |
| ၁၈ | မသွယ်သွယ်ထွန်း | အောင်ကောင်းစံ(ကပက) | အင်းစိန် | မြောက်ပိုင်း |

**အမှတ်(၃) အခြေခံပညာဦးစီးဌာန**

**၂၀၁၄-၂၀၁၅ ပညာသင်နှစ်**

**ခရိုင်အလိုက် ရွေးချယ်ထားသည့် ဘက်စုံပညာထူးချွန်ကျောင်းသား၊ ကျောင်းသူများဦးရေစာရင်း**

**(နဝမတန်း)**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်ဇင်ရဲထက် | အထက(၁) | သဃ်န်းကျွန်း | အရှေ့ပိုင်း |
| ၂ | မောင်မင်းဟိန်းထိုက် | အထက(၂) | တောင်ဥက္ကလာ | အရှေ့ပိုင်း |
| ၃ | မောင်သီဟကျော်စွာ | အထက(၃) | ဒဂုံမြောက် | အရှေ့ပိုင်း |
| ၄ | မကျော့ရတီခင် | အထက(၂) | ရန်ကင်း | အရှေ့ပိုင်း |
| ၅ | မအင်ကြင်မွေး | အထက(၃) | ဒဂုံမြောက် | အရှေ့ပိုင်း |
| ၆ | မဆုဆက်ဝင့် | ACA | မြောက်ဥက္ကလာ | အရှေ့ပိုင်း |
| ၇ | မောင်ထင်လင်းအောင် | အထက(၂) | လှိုင် | အနောက်ပိုင်း |
| ၈ | မောင်ဖြိုးပြည့်စုံချစ် | အထက(၂) | ဗဟန်း | အနောက်ပိုင်း |
| ၉ | မအေးငြိမ်းခင် | အထက(၂) | လသာ | အနောက်ပိုင်း |
| ၁၀ | မထက်ယမင်းအောင် | အထက(၂) | ဗဟန်း | အနောက်ပိုင်း |
| ၁၁ | မောင်မြတ်မင်းမောင် | အထက(၄) | သန်လျင် | တောင်ပိုင်း |
| ၁၂ | မောင်မင်းမြတ်နိုင် | အထက(၁) | ခရမ်း | တောင်ပိုင်း |
| ၁၃ | မခင်နှင်းထက်ခိုင် | အထက(၂) | သန်လျင် | တောင်ပိုင်း |
| ၁၄ | မတင့်ရွှန်းဝေ | အထက(၁) | ခရမ်း | တောင်ပိုင်း |
| ၁၅ | မောင်အောင်မြင့်မြတ် | အထက(၂) | လှိုင်သာယာ | မြောက်ပိုင်း |
| ၁၆ | မောင်သန့်စင်ကို | အထက(၂) | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၇ | မအေးချမ်းဖြိုး | ကောင်းစုစံ(ကပက) | ရွှေပြည်သာ | မြောက်ပိုင်း |
| ၁၈ | မနှင်းစက်လှိုင် | အထက(၂) | မင်္ဂလာဒုံ | မြောက်ပိုင်း |

**အမှတ်(၃) အခြေခံပညာဦးစီးဌာန**

**၂၀၁၄-၂၀၁၅ ပညာသင်နှစ်**

**ခရိုင်အလိုက် ရွေးချယ်ထားသည့် ဘက်စုံပညာထူးချွန်ကျောင်းသား၊ ကျောင်းသူများဦးရေစာရင်း**

**(ဒသမတန်း)**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်ခိုင်ခန့်ထွန်း | ACA | မြောက်ဥက္ကလာ | အရှေ့ပိုင်း |
| ၂ | မောင်သီဟထွေး | အထက(၆) | ဗိုလ်တထောင် | အရှေ့ပိုင်း |
| ၃ | မောင်သိန်းထိုက်ဦး | အထက(၁) | သဃ်န်းကျွန်း | အရှေ့ပိုင်း |
| ၄ | မခန့်ခန့်ချော | အထက-သုဝဏ္ဏ | သဃ်န်းကျွန်း | အရှေ့ပိုင်း |
| ၅ | မငြိမ်းဆုသာ | အထက(၁) | တာမွေ | အရှေ့ပိုင်း |
| ၆ | မရွှေအိမ်လင်းဦး | အထက(၃) | ဒဂုံမြောက် | အရှေ့ပိုင်း |
| ၇ | မောင်အောင်ကျော်ထွန်း | အထက(၂) | မရမ်းကုန်း | အနောက်ပိုင်း |
| ၈ | မောင်ထိန်လင်းဦး | အထက(၁) | ဒဂုံ | အနောက်ပိုင်း |
| ၉ | မကြည်ကြည်ဆွေ | အထက(၂) | စမ်းချောင်း | အနောက်ပိုင်း |
| ၁၀ | မအမရာငြိမ်းအေး | အထက(၄) | ကမာရွတ် | အနောက်ပိုင်း |
| ၁၁ | မောင်သောင်းထိုက်ဇော် | အထက(၄) | သန်လျင် | တောင်ပိုင်း |
| ၁၂ | မောင်ဟိန်းထက်ဝင်း | အထက(၁) | သုံးခွ | တောင်ပိုင်း |
| ၁၃ | မမိုးဆန်းပန်းခိုင် | အထက(၁) | သန်လျင် | တောင်ပိုင်း |
| ၁၄ | မအိရတနာလွင် | အထက(ခွဲ)၊တောချောင်း | ကွမ်းခြံကုန်း | တောင်ပိုင်း |
| ၁၅ | မောင်ကျော်ဇင်သက် | အထက(၂) | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၆ | မောင်ဟိန်းထက်နိုင် | အထက(၂) | အင်းစိန် | မြောက်ပိုင်း |
| ၁၇ | မအင်ကြင်းပွင့်ဦး | အထက(၂) | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၈ | မဝင်းလဲ့လဲ့ဖြူ | အထက(၂) | အင်းစိန် | မြောက်ပိုင်း |



# ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်ပုံနှိပ်သတင်းစာများအား Digital သတင်းစာများအဖြစ်ပါ ဝန်ဆောင်မှုတိုးမြှင့်နိုင်ရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို လက်ရှိထုတ်ဝေနေသော ပုံနှိပ်သတင်းစာများအပြင် ယနေ့ခေတ်တွင် လူအများအလွယ်တကူသုံးစွဲလျက်ရှိသည့် အဆင့်မြင့်မိုဘိုင်းတယ်လီဖုန်းများ၊ တက်ဘလက်များ၊ အိုင်ပက်များအစရှိသည့် ဒစ်ဂျစ်တယ်ပစ္စည်းများဖြင့် ဖတ်ရှုနိုင်သည့် ဒစ်ဂျစ်တယ် (Digital) သတင်းစာများအဖြစ်ပါ တိုးမြှင့်ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ပါ၍ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို သတင်းစာတစ်စောင်ချင်းအလိုက် Website ထူထောင်ခြင်းနှင့် Digital သတင်းစာအဖြစ် ထုတ်လုပ်ခြင်းများအတွက် ဝန်ဆောင်မှုပေးနိုင်ရေးအတွက် မည်သူမဆို စိတ်ပါဝင်စားမှု အဆိုပြုလွှာများပေးပို့ကြရန် ဖိတ်ခေါ်ပါသည်။

၃။ အဆိုပြုလွှာများကို ၂၄-၄-၂၀၁၅ ရက် နံနက် (၀၉း၃၀)နာရီမှ (၁၆း၃၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ကာလထက်ကျော်လွန်သော အဆိုပြုလွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အဆိုပြုလွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၆၇- ၄၁၂၁၂၃၊ ၀၆၇- ၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါပုံစံများအား ၂၆-၃-၂၀၁၅ ရက်နေ့မှ ၂၄-၄-၂၀၁၅ ရက်နေ့အထိ နေ့စဉ်နံနက် ( ၀၉း ၃၀)နာရီမှ (၁၆း၃၀)နာရီအတွင်း အောက်ဖော်ပြပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

| **အဆိုပြုလွှာပုံစံများ ထုတ်ယူရန်လိပ်စာ** | **အဆိုပြုလွှာတင်သွင်းရန်လိပ်စာ** |
|---|---|
| သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ရုံးအမှတ် (၇)၊ နေပြည်တော်<br>ဖုန်း ၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ | ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်<br>ထုခွဲရောင်းချရေးကော်မတီ<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ရုံးအမှတ်(၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၂၃၂၇ |



# ရုံးပိတ်ရက်များတွင် သဘာဝဓာတ်ငွေ့နှင့်စက်သုံးဆီဆိုင်များ ရောင်းချမည့်အခြေအနေ

**နေပြည်တော် မတ် ၂၇**

နှစ်သစ်ကူး ရုံးပိတ်ရက်များတွင် အများပြည်သူခရီးသွားလာမှု အဆင်ပြေချောမွေ့စေရန်အတွက် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင် (CNG) ဆိုင် ၄၀ နှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် (CNG ) နှစ်ဆိုင်တို့ကို ပိတ်ရက်မရှိဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။ ထို့အပြင် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း အနေဖြင့်လည်း ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ စက်သုံးဆီ အရောင်းဆိုင်များကို ဧပြီ ၁၂၊ ၁၄၊ ၁၆၊ ၁၈၊ ၂၀ ရက်တို့တွင် ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်သည်။

အလားတူ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ရေနံဓာတ်ငွေ့ရည် အရောင်းဆိုင်များကို ဧပြီ ၁၂၊၁၅၊ ၁၈၊၂၁ ရက်တို့တွင် ဖွင့်လှစ်ရောင်းချ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ထိန်ကန်ကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

**ချောက် မတ် ၂၇**

ချောက်မြို့နယ် ထိန်ကန်အုပ်စု ထိန်ကန်ကျေးရွာတွင် မတ် ၂၄ ရက် ည ၁၂ နာရီ ၂၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် နေအိမ် ၄၂ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထိန်ကန်ကျေးရွာနေ ဦးသန်းမောင်၏ နေအိမ်မီးဖိုချောင် မီးကြွင်းမီးကျန်မှ ၎င်း၏နေအိမ် လေးပင်ပတ်လည် နှစ်ထပ်၊ သွပ်မိုး၊ ထရံကာနေအိမ်ကို မီးကူးစက်လောင်ကျွမ်းခဲ့ပြီး ထိုမီးလောင်ရာသို့ ချောက်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင် ၆၀၊ ကျေးရွာသူ ကျေးရွာသားများ၊ စုပေါင်းမီးသတ်ယာဉ် ၁၄ စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် မတ် ၂၅ ရက် နံနက် ၁နာရီခွဲတွင်မီးလုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုကြောင့် ထိုကျေးရွာတွင် အိမ်ခြေ ၃၅၀ ရှိခဲ့ရာမှ စုစုပေါင်းနေအိမ် ၄၂ လုံး အိမ်ထောင်စု ၄၂ စုမှ လူဦးရေ ၁၈၀ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သိရသည်။

မီးဘေးသင့်ပြည်သူများကို ထိုကျေးရွာရှိ ဇိနမာန်အောင်ဘုန်းကြီးကျောင်းနှင့် ၎င်းတို့၏ဆွေမျိုးသားချင်းများထံ နေရာချထားပေးထားကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆစွာသုံးစွဲသူ ဦးသန်းမောင်ကို ချောက်မြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**

## စီးပွားရေးနှင့် နည်းပညာဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရန် ဂျပန်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအသင်းနှင့်မြန်မာ ဆွေးနွေး

**တိုကျို မတ် ၂၇**

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ပူးပေါင်း၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးနှင့် နည်းပညာဆိုင်ရာများပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ Mr.Sadayuki Sakakibra ဦးဆောင်သောအဖွဲ့နှင့် ဂျပန်နိုင်ငံတိုကျိုမြို့၌ မတ် ၂၅ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများ၊ သုတေသနဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ စက်မှုအထက်တန်းကျောင်း(အောင်ဆန်း)တွင် ဂျပန်နိုင်ငံအကူအညီဖြင့် ဂျပန်-မြန်မာ သက်မွေးပညာသင်ကျောင်း ဖွင့်လှစ်နိုင်ရေးနှင့် အနာဂတ်တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အခွင့်အလမ်းများအကြောင်းကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် Japan Business Federation မှ ဥက္ကဋ္ဌက ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း မြန်မာနိုင်ငံ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဂျပန်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိကပူးပေါင်း၍ မြန်မာနိုင်ငံတွင် စီးပွားရေးအလားအလာကောင်းများ ဖန်တီးပေးနိုင်ရန် သီလဝါစက်မှုဇုန်ကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာမည်ဖြစ်ရာ အဆိုပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်လာမည့် ကျွမ်းကျင်ပညာရှင်များ ပြုစုပျိုးထောင်ပေးနိုင်ရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များကလည်း မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်နိုင်ရေးနှင့် သိပ္ပံနှင့်နည်းပညာသုတေသနလုပ်ငန်းများနှင့် သက်မွေးပညာကဏ္ဍများအတွက် လိုအပ်သော လက်တွေ့လုပ်ငန်းသုံးပစ္စည်းများတင်သွင်းခြင်း၊ ပံ့ပိုးကူညီခြင်းများကို တိုးမြှင့်ဆောင်ရွက်ရန် ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂျပန်နိုင်ငံ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနလက်အောက်ရှိ Polytechnic College Chiba သို့ သွားရောက်ပြီး အထက်တန်းအောင်မြင်သူများအတွက် ဖွင့်လှစ်ပေးလျက်ရှိသည့် နည်းပညာဆိုင်ရာ နှစ်နှစ်သင်တန်းများနှင့် ကာလတိုသင်တန်းများ၌ သင်တန်းပို့ချနေမှုများ၊ သင်တန်းဆိုင်ရာ သင်ထောက်ကူနှင့် လက်တွေ့လုပ်ငန်းသုံးပစ္စည်းများ ဖြည့်ဆည်းထားရှိမှုများ၊ တက်ရောက်လျက်ရှိသည့် သင်တန်းသားများ အရည်အသွေးပြည့်ဝရေးနှင့် အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးနေမှုများကို လေ့လာကြည့်ရှုခဲ့ကြသည်။

**(သတင်းစဉ်)**

## သင်္ကြန်ကာလအတွင်း မှူခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်များ ပညာပေးဟောပြော

**ပေါက် မတ် ၂၇**

သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရန်နှင့် ယာဉ်မောင်းသူများ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ယာဉ်တိုက်မှုမဖြစ်ပွားစေရန် ပညာပေးဟောပြောပွဲကို မကွေးတိုင်းဒေသကြီး ပေါက်မြို့ အမက(၁)၌ မတ် ၂၅ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းအေးက သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရန်နှင့် ယာဉ်မောင်းသူများ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ယာဉ်တိုက်မှုမဖြစ်ပွားစေရေးကိုလည်းကောင်း၊ ရဲမှူးစောကြိုင်က မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆောင်ရွက်ချက်များကိုလည်းကောင်း၊ ရဲအုပ်မောင်မောင်စိန်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်းကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်စောမြတ်နွယ်က ယာဉ်တိုက်မှုတစ်စုံတစ်ရာဖြစ်ပေါ်လာပါက ကျခံရမည့်ပြစ်ဒဏ်များနှင့်စပ်လျဉ်းသည့် ဥပဒေအကြောင်းအရာများကိုလည်းကောင်း ရှင်းလင်းဟောပြောခဲ့ကြသည်။

ထို့နောက်ဟောပြောပွဲတက်ရောက်သည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများနှင့် ယာဉ်မောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## အခြေခံမီးသတ်သင်တန်းဖွင့်

**မလှိုင် မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ပန်းအိုင်ကျေးရွာအုပ်စုအတွင်း ကျေးရွာများ၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အကြိုအခြေခံမီးသတ်သင်တန်းအမှတ်စဉ်(၁/၂၀၁၅)ကို မတ် ၂၃ ရက်မှ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

"ဒီရွာမှာ တိုင်းဒေသကြီးအစိုးရက လှူဒါန်းထားတဲ့ မီးသတ်ယာဉ်နှစ်စီးရှိပါတယ်။ ဒေသခံအရန်မီးသတ်တပ်ဖွဲ့တွေအနေနဲ့ အရေးကြုံလာရင် မီးသတ်စက်ပစ္စည်းတွေကို ကျွမ်းကျွမ်းကျင်ကျင်ကိုင်တွယ် အသုံးပြုနိုင်စေဖို့နဲ့ သဘာဝဘေးအန္တရာယ်တွေဖြစ်လာရင်လည်း ကယ်ဆယ်ရေးလုပ်ငန်းတွေကို စနစ်တကျဆောင်ရွက်တတ်စေဖို့ ရည်ရွယ်ဖွင့်လှစ်တာဖြစ်ပါတယ်" ဟု မြို့နယ်မီးသတ်ဦးစီးမှူး ဦးအေးသောင်းက ပြောသည်။

သင်တန်းသို့ ပန်းအိုင်ကျေးရွာအုပ်စုအတွင်းရှိ ကံဦး၊ ကူကြီး၊ ထနောင်းကျင်း၊ မြစ်ကျင်းကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်သင်ကြားလျက်ရှိကာ သင်တန်းတွင် မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ၊ ယာဉ်နှင့် စက်ပစ္စည်းများကို ကိုင်တွယ်အသုံးပြုနိုင်နည်းများကို စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိသည်။

**အောင်ဌေး(မလှိုင်)**

## ကျေးရွာအုပ်စုတစ်ခုလုံး ဆိုလာဖြင့် လျှပ်စစ်မီးရရှိ

**မြင်းခြံ မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ပျော့ကျေးရွာအုပ်စုအတွင်းရှိ ရွှေဘုံသာကျေးရွာ၊ မြင်သာကျေးရွာ၊ ချဉ်မြစ်ကျဉ်းကျေးရွာနှင့် ဘုံရွာကျေးရွာများ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ခဲ့သည့် ဆိုလာတပ်ဆင်ခြင်းမှ လျှပ်စစ်မီးများ စတင်ရရှိပြီဖြစ်ကြောင်း သိရသည်။

ကျေးရွာလုံးကျွတ် ဆိုလာစနစ်လျှပ်စစ်မီးဖွင့်ပွဲကို မတ် ၂၂ ရက်က ပျော့ကျေးရွာ၌ ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးရာဝန်ကြီး ဦးအောင်ဇံက ဆိုလာပြားများကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်ပြီး ရေရှည်ခံအောင်သုံးစွဲရန်မှာကြားခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မင်းနောင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကံချွန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ပျော့ကျေးရွာအုပ်စု ရွှေဘုံသာကျေးရွာ၊ မြင်သာကျေးရွာ၊ ချဉ်မြစ်ကျဉ်းကျေးရွာ၊ ဘုံရွာကျေးရွာများ ဆိုလာ



စနစ် လျှပ်စစ်မီးလင်းရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၄၇ ဒသမ ၇ သန်းဖြင့် Yatanarpon Solar Co.,Ltd. က တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပြီး ပျော့ကျေးရွာအုပ်စုအတွင်းရှိ အိမ်ခြေ ၃၇၀ ကျော်တွင် လျှပ်စစ်မီးရရှိပြီဖြစ်သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**






Contacts : 09 2501068632, 09 450055445, 09 402600766
www.facebook.com/LiebherrMyanmar

LIEBHERR

Mixing Drum Size : 3 m³ to 9 m³
Mixing Spirals + Drum : High Tensile Steel LH 37 (IMPORTED FROM GERMANY)

SUITABLE FOR ALL TRUCK CHASSIS. (UD,FUSO, HINO, VOLVO, MAN,SCANIA,MERCEDES, IVECO AND ANY OTHER CHASSIS)

Price Starting From


| | Installation in Thailand (Ex-Factory) | Installation in Yangon (Included tax and installation ) |
|---|---|---|
| 3 m³ | Euro 13,800 | Euro 20,000 |
| 5 m³ | Euro 15,000 | Euro 20,900 |
| 7 m³ | Euro 16,300 | Euro 21,500 |
| 9 m³ | Euro 20,500 | Euro 26,300 |




Octagon Automobiles & Machinery Services - The Exclusive Authorised LIEBHERR Dealer in Myanmar.

Contacts : 09 420122330, 09 250796160, www.facebook.com/LiebherrMyanmar

LIEBHERR




**Payment System အရစ်ကျ ၅၀% ပေးချေပြီး (၃၄)ထပ်အမိုးပြီးမှ ၅၀% အရစ်ကျပေးချေရန်**

**MANDALAY SHOWROOM**
Diamond Plaza
Tower (B) : Room No - (B-001), Fouth Floor
HP : + 959 680 1904, 680 1905, 431 43994
diamondinyapalaceyangonmyanmar

**YANGON SHOW FLAT & SALES OFFICE**
No.2, U Tun Nyein Street, Mayangone Township,
Yangon, Myanmar.
HP : + 959 4200 97992, 4200 97994, 4200 97998
Website : http://www.diamondinyapalace.com

# ကြော်ငြာ

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၂) ဆေးဝါးစက်ရုံ(အင်ရောင်း)အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဧပြီလမှ မတ်လအထိ လစဉ်မီးထိုးဆီခွဲတမ်းများအား ချောက်မြို့မှ (အင်ရောင်း) စက်ရုံအရောက် မြန်မာကျပ်ငွေ သယ်ယူလိုပါသည်။

၂။ **ပုံစံများစတင်ရောင်းချမည့်ရက်** - ၃၀-၃-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၆-၄-၂၀၁၅ ရက်၊ ၁၆း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများ တင်ဒါစည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန**
**နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၂၇၆**
**Fax -၀၆၇-၄၀၈၂၇၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အဆိုပြုလွှာခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၂)ရေနံချက်စက်ရုံ(ချောက်)မှ အောက်ဖော်ပြပါရေနံထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ဒါခေါ်ယူ ရောင်းချမည်ဖြစ်ပါ၍ အဆိုပြုလွှာတင်သွင်းလျှောက်ထားနိုင်ပါသည်-

| | | |
|---|---|---|
| (က) | ရေနံချေး | ၆၁၄.၂၉၄ ဂါလန် |
| (ခ) | ဖယောင်းစစ်ကျကျန်ရည် | ၁၀၀.၀၀၀ ဂါလန် |
| (ဂ) | ဖယောင်း | ၂၀၀ တန် |

၂။ တင်ဒါစည်းကမ်းချက်များကို ၁-၄-၂၀၁၅ ရက်မှ ၂၂-၄-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာများကို ၂၃-၄-၂၀၁၅ ရက် ၁၂း၀၀နာရီထိ တင်သွင်းရန်နှင့် ယင်းနေ့ ၁၂း၃၀ နာရီတွင် တင်ဒါစည်းကမ်းနှင့်ကိုက်ညီသော အဆိုပြုလွှာများအား ဖွင့်ဖောက်၍ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ ရွေးချယ်သွားမည်ဖြစ်ပါသည်။

**တင်ဒါခေါ်ယူရောင်းချရေးအဖွဲ့**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ် (၄၄)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၀၅၉၊ ၀၆၇-၄၁၁၀၉၃၊ ၀၆၇-၄၁၁၁၂၇**

## မူဆယ်မြို့၊ ပုဂ္ဂလိက အမှိုက်နှင့်မိလ္လာသိမ်းဆည်းရေး ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ မူဆယ်မြို့နယ် စည်ပင်သာယာရေးကော်မတီမှ မူဆယ်မြို့၊ ပုဂ္ဂလိက အမှိုက်နှင့် မိလ္လာသိမ်းဆည်းရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန် စိတ်ဝင်စားသူလုပ်ငန်းရှင်များအား အဆိုပြုတင်ဒါပေးသွင်းနိုင်ရေး ကြော်ငြာခေါ်ယူအပ်ပါသည်။

၂။ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် စိတ်ဝင်စားသည့်ကုမ္ပဏီသည် ပုဂ္ဂလိက အမှိုက်နှင့်မိလ္လာသိမ်းဆည်းရေးဝန်ဆောင်မှုလုပ်ငန်းအတွက် ဆောင်ရွက်လိုသည့်အချက်များအား ထည့်သွင်းအဆိုပြုရမည်ဖြစ်ပါသည်။

၃။ အဆိုပြုတင်သွင်းမည့်ကုမ္ပဏီသည် အာမခံငွေကျပ်သိန်း(၅၀)အား တင်ဒါတင်သွင်းသည့်အချိန်တွင် ကော်မတီမှသတ်မှတ်ထားသည့် နည်းလမ်းအတိုင်း တစ်ပါတည်းပေးသွင်းရမည်။ ကုမ္ပဏီသည် မိမိလုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ သတ်မှတ်ရက်တွင် ရှင်းလင်းတင်ပြရမည်ဖြစ်ပြီး ရွေးချယ်ခြင်းမခံရလျှင် ပေးသွင်းထားသည့် အာမခံငွေအား တင်ဒါအတည်ပြုရွေးချယ်ပြီးစီးသည့်နောက်ပိုင်းရက်များတွင် ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၄။ အဆိုပြုတင်ဒါတင်သွင်းသည့် ကုမ္ပဏီသည် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မိတ္တူ၊ ကုမ္ပဏီများအက်ဥပဒေ (၁၁၄)အရ ငွေကြေးပိုင်ဆိုင်မှုအထောက်အထားနှင့် သင်းဖွဲ့မှတ်တမ်းစည်းမျဉ်းများ ထည့်သွင်းအဆိုပြုရမည်။

၅။ အဆိုပြုတင်ဒါလျှောက်လွှာများကို ၃၀-၃-၂၀၁၅ ရက်တွင် စတင်ရယူနိုင်ပြီး ၄-၅-၂၀၁၅ ရက် ညနေ ၁၅း၀၀ နာရီနောက်ဆုံးထား၍ မူဆယ်မြို့နယ် စည်ပင်သာယာရေးကော်မတီသို့ တင်သွင်းရမည်။

၆။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း မူဆယ်မြို့နယ် စည်ပင်သာယာရေးကော်မတီရုံးသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၀၈၂-၅၀၅၀၉၊ ၀၈၂-၅၀၄၇၇ တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မူဆယ်မြို့နယ်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်စီးပွားရေးတက္ကသိုလ်
## ဘွဲ့လွန်ဒီပလိုမာသင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း
## ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် အောက်ပါဘွဲ့လွန်ဒီပလိုမာသင်တန်းသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။

(က) စီမံအုပ်ချုပ်မှုပညာဒီပလိုမာ (DMA)

၂။ အဆိုပါဘွဲ့လွန်ဒီပလိုမာသင်တန်းအတွက် အောက်ပါအရည်အချင်းများနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခု တက်ရောက်နေသူမဖြစ်စေရ။
(ဂ) သက်ဆိုင်ရာသင်ရိုးနှင့်အညီ သတ်မှတ်ထားသောအချိန်အတိုင်း ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) သင်တန်းများသို့ အစိုးရဌာနများမှ ဘွဲ့ရအရာထမ်းများအပြင် ပြင်ပပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၌ လုပ်ကိုင်နေသောဘွဲ့ရပုဂ္ဂိုလ်များပါ လျှောက်ထားနိုင်သည်။
(င) ၁-၆-၂၀၁၅ ရက်တွင် အသက်(၂၅)နှစ် ပြည့်ပြီးသူဖြစ်ရမည်။

၃။ ဝင်ခွင့်စာမေးပွဲအတွက် သတ်မှတ်ထားသည့်လျှောက်လွှာပုံစံများကို ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)ကျောင်းသားရေးရာဌာနတွင် ၆-၄-၂၀၁၅ ရက်မှ ၈-၅-၂၀၁၅ ရက်အထိ ရယူပြီး ၈-၅-၂၀၁၅ ရက် (သောကြာနေ့) နောက်ဆုံးထား၍ ပြန်လည်တင်သွင်းလျှောက်ထားနိုင်ပါသည်။

၄။ သင်တန်းဝင်ခွင့်စာမေးပွဲများကို ၂၀၁၅ ခုနှစ် မေ ၂၄ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်)၌ ကျင်းပပါမည်။

၅။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသား ဦးရေကန့်သတ်လက်ခံပါမည်။

၆။ သင်တန်းများနှင့်ပတ်သက်၍ ဖုန်း-၅၃၆၄၃၆၊ ၆၆၁၇၃၆၊ ၆၆၄၆၈၄ တို့သို့ အသေးစိတ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မော်ကွန်းထိန်းအဆင့်-၁**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## နေပြည်တော်
## အဆိုပြုလွှာခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း လက်အောက်ရှိ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)နှင့် ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)တို့မှ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ပင်မစက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေးဌာနကြီးများနှင့်ဌာနခွဲများသို့ စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့် ဂျက်လေယာဉ်ဆီ)များကိုလည်းကောင်း၊ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)မှ အမှတ် (၂) ရေနံချက်စက်ရုံ(ချောက်)သို့ စီကျီအိုကိုလည်းကောင်း၊ သယ်ပို့မည့်လုပ်ငန်းကို ပြင်ပပုဂ္ဂလိက ရေယာဉ်/ဆီတွဲများဖြင့် ငှားရမ်းဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ ရေယာဉ်/ဆီတွဲလုပ်ငန်းရှင်များသည် မိမိတို့ သယ်ပို့လိုသည့်စက်သုံးဆီအမျိုးအစားနှင့်သက်ဆိုင်ရာ တစ်ဂါလန်သယ်ပို့ခနှုန်းထားများအား အဆိုပြုတင်သွင်းနိုင်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များကို ၁-၄-၂၀၁၅ ရက်မှ ၂၃-၄-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာများကို ၂၄-၄-၂၀၁၅ ရက် ၁၂း၀၀ နာရီတွင် ရေယာဉ်/ဆီတွဲပိုင်ရှင်ကိုယ်တိုင် တင်သွင်းရန်နှင့် ၂၄-၄-၂၀၁၅ ရက် ၁၂း၃၀ နာရီတွင် တင်ဒါစည်းကမ်းနှင့်ကိုက်ညီသောအဆိုပြုလွှာများအား ဖွင့်ဖောက်၍ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ ရွေးချယ်သွားမည်ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၀၅၉၊ ၀၆၇-၄၁၁၀၉၃၊ ၀၆၇-၄၁၁၁၂၇**

## အမည်ပြောင်း

ဦးမျိုးလှိုင်၏သား လှည်းကူးမြို့နယ် အထက တက္ကသိုလ်ဝင်တန်းမှ မောင်ဝေယံစိုးအား ယနေ့မှစ၍ မောင်ထွန်းထွန်းဇော်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ထွန်းထွန်းဇော်**

## အမည်ပြောင်း

ဦးမြင့်အောင်၏သား ရန်ကုန်မြို့ အလက (၁)တာမွေ သတ္တမတန်း(ခ)မှ မောင်ရဲဝင်းထွဋ်အား မောင်အာကာမောင်မောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အာကာမောင်မောင်**

## မွေးသက္ကရာဇ်အမှန်

ရေကြည်မြို့နယ်၊ မကျီးလဟာကျေးရွာနေ ဦးဝင်းစိန်၏ ဝန်ထမ်းအမှုထမ်းသက်စာအုပ်တွင် ဖော်ပြထားသည့် ဖခင်အမည်မှန်မှာ ဦးဒုံးညိုနှင့် ဦးဝင်းစိန် ၁၄/ရကန(နိုင်)၀၃၇၇၂၃ မွေးသက္ကရာဇ်အမှန်မှာ(ဆန်း ၁၄-၇-၁၃၁၈) ခုနှစ်အမှန်ဖြစ်ပါသည်။

**(ဆန်း ၁၄-၇-၁၃၁၈)ခုနှစ်**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - | ၃၀-၃-၂၀၁၅ ရက် |
| ၃။ | **တင်ဒါပိတ်မည့်ရက်** | - | ၂-၄-၂၀၁၅ ရက် |
| ၄။ | **တင်ဒါပိတ်မည့်အချိန်** | - | ၁၂း၀၀ နာရီ |

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## အများသိစေရန် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

မော်လမြိုင်မြို့၊ ရဲဘော်ကုန်း(၁)လမ်း၊ အမှတ် ၄၁ နေ မောင်အောင်ဇော်မျိုး ၁၀/မလမ(နိုင်)၂၁၁၇၆၂ နှင့် မော်လမြိုင်မြို့၊ ရဲဘော်ကုန်း(၄)လမ်း၊ အမှတ် ၁၃၃ နေ မဝေနှင်းသဇင် ၁၀/ရမန(နိုင်)၁၈၃၁၆၀ တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် ၁၃-၃-၂၀၁၅ ရက်(သောကြာနေ့)တွင် မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်ရုံး၌ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ တရားလွှတ်တော်ရှေ့နေ ဦးဘုန်းဇေယျာစိုးနှင့် နှစ်ဖက်သော မိဘရှေ့မှောက်တွင် လက်မှတ်ရေးထိုးကွာရှင်းပြီးဖြစ်ပါကြောင်းနှင့် နောက်နောင်တွင် မောင်အောင်ဇော်မျိုး၏ကိစ္စအဝဝသည် ကျွန်မနှင့် လုံးဝ(လုံးဝ)မသက်ဆိုင်တော့ပါကြောင်း။ **(မေးမြန်းစုံစမ်းနိုင်ပါသည်။)**

**မဝေနှင်းသဇင် ၁၀/ရမန(နိုင်)၁၈၃၁၆၀ ဖုန်း-၀၉-၄၂၅၂၇၀၂၆၄**

## ၁၃-၃-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဦးတင်ဘွေးဆန်မှ အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ကလေးမြို့၊ တာဟန်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဦးမင်းမောင် ၅/ကလထ(နိုင်)၁၀၉၂၆၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာလိုက်သည်။

ကျွန်ုပ်မိတ်ဆွေ ဦးမင်းမောင်နှင့် ဦးတင်ဘွေးဆန်တို့လင်မယားသည် ၎င်းတို့ပိုင်ဆိုင်သော ကလေးမြို့၊ လှိုင်သာယာရပ်ကွက်ရှိ မြို့နယ်မြေစာရင်းပုံစံ (၁၀၅/၁၀၆)ပါ အကွက်အမှတ် ၈၄၇-ခ/သာယာ၊ ဧရိယာဧက ၀ ဒသမ ၈၃၇ အရှေ့လားသော်-ဦးတင့်ဆန်းမြေကွက်၊ အနောက်လားသော်-ကလေးတက္ကသိုလ်၊ တောင်လားသော်-ပေ ၅၀လမ်း၊ မြောက်လားသော်- ပေ ၃၀လမ်း၊ အလားလေးရပ်အတွင်းရှိ အိမ်ဝင်းမြေကွက်ကို ၁၃-၆-၂၀၁၄ ရက်က နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်ကို ငွေအပြေအကျေပေးချေကာ ကျွန်ုပ်မိတ်ဆွေ ဦးမင်းမောင်က လက်ရှိလက်ရောက်ရယူခဲ့ပါသည်။

၁၃-၆-၂၀၁၄ ရက်က ချုပ်ဆိုသော အရောင်းအဝယ်စာချုပ်ပါ အိမ်ဝင်းမြေကွက်နှင့်ပတ်သက်၍ ဦးတင်ဘွေးဆန်က ကျွန်ုပ်မိတ်ဆွေ ဦးမင်းမောင်အား ကလေးမြို့ရှိ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ အထွေထွေကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ် ၂၂၈/၁၃ နှင့် ၁၀၂/၂၀၁၄ တို့ဖြင့် လွှဲအပ်ပေးထားခဲ့ပါသည်။ အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာများကို ကျွန်ုပ်မိတ်ဆွေ ဦးမင်းမောင်နှင့် ဦးတင်ဘွေးဆန်တို့ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံသွားရောက်ပြီး နှစ်ဦးသဘောတူ ဖျက်သိမ်းထားခြင်းလည်းမရှိပါ။

ထိုသို့ နှစ်ဦးသဘောတူ ဖျက်သိမ်းထားခြင်းမရှိသော အထွေထွေကိုယ်စားလှယ်လွှဲစာများကို ဦးတင်ဘွေးဆန်က ကျွန်ုပ်မိတ်ဆွေ ဦးမင်းမောင်၏ သဘောတူခွင့်ပြုချက်မရှိဘဲ ၁၃-၃-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် တစ်ဖက်သတ်ရုပ်သိမ်းထားလျက်ရှိပါသည်။ ဦးတင်ဘွေးဆန်မှ ကျွန်ုပ်မိတ်ဆွေဦးမင်းမောင်ထံ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာများသည် တစ်ဖက်သတ်ရုပ်သိမ်းခွင့်ရှိသော အထွေထွေကိုယ်စားလှယ်လွှဲစာများမဟုတ်ကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနေမျိုး LL.B တရားလွှတ်တော်ရှေ့နေ-၈၃၀၉**
**အောင်မြေမာန်ရပ်ကွက်၊ လျှပ်စစ်လမ်း၊ ကလေးမြို့**
**ဦးနေမျိုး (ဥပဒေဘွဲ့) (စဉ်-၈၃၀၉) တရားလွှတ်တော်ရှေ့နေ**
**အောင်မြေမာန်ရပ်ကွက်၊ ကလေးမြို့**

## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှထွက်ရှိသော ဘေးထွက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည် ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၂၉-၃-၂၀၁၅ ရက်မှ ၁-၄-၂၀၁၅ရက်အထိနေ့စဉ် နံနက် ၁၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁-၄-၂၀၁၅ရက် မွန်းလွဲ ၁ နာရီမှ ၂နာရီအတွင်း မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါဘေးထွက်ပစ္စည်း အမျိုးအမည်၊ အရေအတွက်နှင့် ပစ္စည်းမျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာ့အလင်းသတင်းစာတိုက် (ရန်ကုန်)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၁-၅၄၄၃၁၄၊ ၀၁-၅၄၄၃၁၅၊ ၀၁-၅၄၄၃၁၈တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း**
**မြန်မာ့အလင်းသတင်းစာတိုက် (ရန်ကုန်)**
**အမှတ် (၅၃)၊ နတ်မောက်လမ်းသွယ် (၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

## ပျောက်ဆုံးကြောင်းကြေညာချက်

ကျွန်မ ဒေါ်ခင်နှင်းမိုး ၁၂/သဃက(နိုင်)၀၆၃၄၆၉ မှ တင်သွင်းလာသောကား၏ ID No.770478(4SER 2012) နှင့်ပတ်သက်သော ယာဉ်စစ်ဆေးချက်ဓာတ်ပုံမှတ်တမ်းနှင့် Customs Statement မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

**ဒေါ်ခင်နှင်းမိုး**
**ဖုန်း-၀၉-၄၂၀၁၆၇၃၉၄**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်တရားမရုံးတော်၌
## ၂၀၁၅ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ် -၁၈

ကွယ်လွန်သူ အာလာဆွံဒက္ခနာရန်ဆာမိပိလေး၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။

အမှတ် ၂၀၄၊ ဇောမိရိပ်သာလမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့၌ နေထိုင်ခဲ့သော ကွယ်လွန်သူ အာလာဆွံဒက္ခနာရန်ဆာမိပိလေး၏ သေတမ်းစာအတည်ပြုချက်လက်မှတ် (ကျန်ရှိရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်) ထုတ်ပေးပါမည့်အကြောင်းနှင့် (၁) ဦးမောင်မြင့်နှင့်၊ (၂) ဒေါ်ခင်ကြည်တို့က အမွေဆက်ခံ ခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၅ ခုနှစ် ဧပြီလ ၉ ရက် (၁၃၇၆ ခုနှစ် တန်ခူးလပြည့်ကျော် ၇ ရက်) တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ အာလာဆွံဒက္ခနာရန်ဆာမိပိလေး၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည် အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန်သင့်လျော်မည်ဟုအထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၅ ခုနှစ် ဧပြီ ၉ ရက်(၁၃၇၆ခုနှစ် တန်ခူးလပြည့်ကျော် ၇ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် သေတမ်းစာအတည်ပြုချက်လက်မှတ် (အမွေထိန်းလက်မှတ်)မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဦးမောင်မြင့်နှင့် ဒေါ်ခင်ကြည်တို့၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၅ခုနှစ် မတ် ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်စန်းဝင်း)**
**ဒုတိယခရိုင်တရားသူကြီး (၃)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ အကွက်အမှတ်(၄၅)၊ ဦးပိုင်အမှတ်(၅၀/က)၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၇၃ ဧကအနက်မှ လျှောက်မြေအမှတ် (၄)၊ လျှောက်မြေဧရိယာ ၀ ဒသမ ၀၂၄ ဧကရှိမြေကို နှစ်(၃၀)အငှားဂရန် သက်တမ်းတိုး အမည်ပြောင်းလဲထုတ်ပေးရန် မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ ဗဟိုလမ်း၊ အိမ်အမှတ် (၃၇/၄)နေ ဦးအောင်ဝင်း ပါ(၄)ဦးတို့မှ လျှောက်ထားလာပါသည်။

မြေစာရင်း(၁-က)စာရင်းအရ မြို့နယ်မြေစာရင်းဦးစီးဌာနရုံး အမှုတွဲအမှတ် ၁၉၉၃ ခုနှစ် (၃၉/ထက)၊ ၉၃-၉၄ ဂရန်ခွဲစိတ်ခွင့်ပြုထားသောမြေဂရန်မှာ မိဘများလက်ထက်ကပင်ရရှိထားခြင်းမရှိသဖြင့် ဦးအောင်ဝင်းပါ(၄)ဦးတို့၏ လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ခရိုင်အုပ်ချုပ်ရေးမှူး**
**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကြော်ငြာ

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

**ဒေါက်တာမောင်မောင်တာ Haj (Ph.D)**

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ရှီအာမွတ်စလင်အဖွဲ့ချုပ်

မန်နေဂျင်း ထရပ်စတီ၊ (မဂိုရှီအာဂျာမေမဗ်ဂျိဒ်)

ဗမာ့တပ်မတော်ကြည်း၊ ဗိုလ်ကြီး(ငြိမ်း)၊ ရုပ်ရှင်မင်းသားကြီး၊ ဒါရိုက်တာ၊

ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးသံတမန်

အသက်(၉၀)

ရန်ကုန်မြို့နေ[ဟာဂျီ ဂိုလမ်ဟူစိန်ရှီရာဇီ(ခ)မီးတိုင်အုပ် ဦးမောင်မောင်ကြီး-ဒေါ်သန်းတင်]တို့၏သား၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၅၄လမ်း၊ အမှတ် ၆၃နေ ဒေါ်စန်းယုမော်(ခ)ဆိုဖီ၏ခင်ပွန်း၊ မမိုနာမောင်မောင်တာ(ပဋ္ဌမတန်း-A၊ အထက-၅၊ ဗိုလ်တထောင်)၊ မောင်နိုင်မင်းတာ(တတိယတန်း-A၊ အထက-၅၊ ဗိုလ်တထောင်)တို့၏ချစ်လှစွာသောဖခင်သည် ၂၆-၃-၂၀၁၅ရက် ည ၁၀း၄၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့်၂၇-၃-၂၀၁၅ရက် ဂျူမာဆွလာဇ်ဝတ်ပြုအပြီး မွန်းလွဲ ၁း၃၀နာရီတင် ရေဝေး မဂိုရှီအာမက္ကာဘာရာတွင် ကောင်းမွန်စွာသင်္ဂြိုဟ်ဒါဖနာပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးတင်ရွှေ** (အရာခံဗိုလ်၊ ငြိမ်း)

အသက်(၈၅)နှစ်

ဦးမောင်မောင်သန်း (ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ အတွင်းရေးမှူး)-ဒေါ်မေသူတို့၏ဖခင်၊ ဒေါ်ခင်ကြည်၏ခင်ပွန်း ဦးတင်ရွှေ (အရာခံဗိုလ်၊ ငြိမ်း) အသက်(၈၅)နှစ်သည် ၂၃-၃-၂၀၁၅ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

တောင်ငူခရိုင်၊ ပြည်ခရိုင်၊ သာယာဝတီခရိုင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ

---

အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးတင်ရွှေ** (အရာခံဗိုလ်၊ ငြိမ်း)

အသက်(၈၅)နှစ်

ဦးမောင်မောင်သန်း (ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ အတွင်းရေးမှူး)-ဒေါ်မေသူတို့၏ဖခင်၊ ဒေါ်ခင်ကြည်၏ခင်ပွန်း ဦးတင်ရွှေ (အရာခံဗိုလ်၊ ငြိမ်း) အသက်(၈၅)နှစ်သည် ၂၃-၃-၂၀၁၅ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ပဲခူးခရိုင်နှင့် ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ

---

**ဒါရိုက်တာစံသျှေအောင်(ခ)မင်းရဲထက်** (မြောက်ဦးမြို့)

အသက်(၇၀)

တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ ပျားရည်ကုန်းလမ်း၊ အမှတ် ၂၁နေ ဒေါ်သိန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သီတာမိုး(မန်နေဂျာ၊ AGD Bank)၊ ဒေါ်နီလာမိုး(ကျူရှင်ဆရာမ)၊ မောင်ဇော်လင်းမိုး(ရုပ်ရှင်ဇာတ်ညွှန်း)တို့၏ဖခင်သည် ၂၅-၃-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၁၀း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၁-၃-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဦးကျော်သောင်း** (ဖြူးမြို့)

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ စောရန်ပိုင်(တောင်)ရပ်ကွက်၊ အလုံမြို့နယ်၊ ပဒေသာလမ်း၊ အမှတ် ၂၆(ပထမထပ်)နေ (ဦးမြမောင်-ဒေါ်အုန်းစိန်)တို့၏သား၊ (ဗိုလ်ကြီးစောလှ-ဒေါ်ခင်မှီ)တို့၏သားသမက်၊ ဒေါ်ထားထားမြင့်၏ခင်ပွန်း၊ ဦးတင်ဝင်းမြ-(ဒေါ်ညွှန့်တင်)တို့၏ညီ၊ ဦးသန်းထွန်း-(ဒေါ်ဝင်းကြည်)၊ ဦးစိုးဝင်း-ဒေါ်တင်တင်အုန်း၊ ဒေါ်တင်တင်နု၊ ဦးဘိုကြီး-ဒေါ်စန်းကြည်တို့၏အစ်ကိုကြီး၊ မဝေဝေကျော်၊ မောင်သန်းဇော်ဦးတို့၏ဖခင်သည် ၂၇-၃-၂၀၁၅ရက်(သောကြာနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဗိုလ်ကြီးထက်ညီဟိန်း** (ကြည်း-၅၉၅၀၉)

အသက်(၂၅)နှစ်

ရန်ကုန်မြို့နေ ဦးသောင်း-(ဒေါ်လှရှင်)၊ (ဦးကံထွန်း-ဒေါ်တင်ရီ)၊ ဦးဘဆိုင်-(ဒေါ်သိန်းသိန်း)၊ဦးမြင့်ဟန်-ဒေါ်တင်ကြည်တို့၏မြေး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၅)ရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ အမှတ်(၈၅၉)နေ ဦးအောင်ဘော်(ကုန်သွယ်ရေး၊ ငြိမ်း)-ဒေါ်မြမြဝင်း(တပ်/ငါးပိစက်ရုံ)တို့၏သား၊ မနွေးယုချို(နွေးနွေး) (မီးချောင်းဖရိန်စက်ရုံ)၏ ချစ်လှစွာသောမောင်လေး၊ အရာခံဗိုလ်တင်ဝင်း-ဒေါ်စန်းစန်းမြင့်၊ ဒေါ်မြင့်မြင့်အေးတို့၏တူသား၊ ဦးခင်မောင်ဝင်း-ဒေါ်ခင်ချိုချို၊ ဒေါ်မြမြဝင်း၊ (ဦးညွှန့်ဝင်း)-ဒေါ်သန်းသန်းစော၊ ဦးလှဝင်း-ဒေါ်မြင့်မြင့်သန်း၊ ဦးမျိုးဇော်ဝင်း(ညွှန်/မှူး၊ ပြည်သူ့လွှတ်တော်)-ဒေါ်ခင်မျိုးအေး၊ ဦးအောင်ထွန်း-ဒေါ်နုနုမော်၊ ဦးအောင်ငွေ-ဒေါ်စန်းစန်းဝင်း၊ ဦးသန်းထွန်း-ဒေါ်သန်းသန်းအေး၊ ဒေါ်ဝင်းဝင်းမော်၊ ဦးဇော်ဝင်းထွန်း-ဒေါ်သီတာ၊ ဒေါ်ခင်ချိုဝင်း၊ ဦးအောင်ကြည်လွင်-ဒေါ်စန္ဒာဝင်းတို့၏တူ ဗိုလ်ကြီးထက်ညီဟိန်း(ခ)နွေးမောင်မောင်သည် ၂၄-၃-၂၀၁၅ရက်(အင်္ဂါနေ့)တွင် ရှေ့တန်းတစ်နေရာ၌ တိုင်းပြည်အတွက် အသက်ပေးလှူသွားပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၃-၂၀၁၅ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဗိုလ်ကြီးကြည်ငွေ** (ငြိမ်း)

လစပ-ခွဲ(၂)

အသက်(၆၆)နှစ်

မန္တလေးမြို့၊ လလ-၁၄/၃၅၊ ပြည်ကြီးတံခွန်မြို့နယ်နေ မောင်လှငွေအောင်၊ မောင်အောင်သီဟ၊ မသန္တာထွေး၊မောင်မြင့်ကျော်ကျော်တို့၏ဖခင်၊ ဒေါ်လှသန်း၏ခင်ပွန်းသည် ၂၅-၃-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆း၁၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၅ရက် (ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် တောင်အင်းမြောက်အင်းသုသာန်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၉-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဦးအောင်ဟင်း**

(စက်လှေလုပ်ငန်း)

ဓနိဖြူသောင်ရွာ၊ မော်လမြိုင်မြို့

အသက်(၆၀)

မော်လမြိုင်မြို့၊ ထားဝယ်စုဈေးလမ်း၊ ကံညီနောင်ရပ်၊ အမှတ် ၁၉ (B)နေ (ဦးအောင်သန်း - ဒေါ်သန်းစိန်)တို့၏သား၊ (ဦးတင်ဝင်း)-ဒေါ်သန်းအေး၊ (ဦးဝင်းတင်)-ဒေါ်သိန်းဇင်၊ ဒေါ်ရေးတင်၊ (ဦးတင်ရှိန်)-ဒေါ်လှရီတို့၏ညီ/မောင်၊ ဦးကြည်လင်း-ဒေါ်အေးတင်၊ ဦးအောင်သိန်း-ဒေါ်နီနီမာ၊ ဒေါ်သန်းအေး၊ ဒေါ်သန်းထွေးတို့၏အစ်ကိုသည် ၂၇-၃-၂၀၁၅ရက်(သောကြာနေ့)ညနေ ၄း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဦးကြင်** (တောင်သာ)

အမှုဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သဇင်လမ်း၊ အမှတ် ၁၂နေ [ဦးထင်-ဒေါ်ရွှေ(တောင်သာ)]တို့၏သား၊ (ဒေါ်ကြင်တီ)၏ခင်ပွန်း၊ ပါမောက္ခ ဒေါက်တာကြူကြူခင်-ဒေါက်တာအောင်သွင်၊ ဒေါက်တာအေးအေးမြင့်-ဒေါက်တာအောင်ငြိမ်း၊ ဒေါက်တာချိုချိုကြင်-ဒေါက်တာလှဦး၊ ပါမောက္ခ ဒေါက်တာသိန်းလွင်(ခွဲစိတ်ကုပညာဌာန၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန် )-ဒေါ်နီလာဦးတို့၏ချစ်လှစွာသောဖခင်ကြီး၊ ကိုကျော်ဖြိုးအောင် Ron-Jean၊ ဒေါက်တာသီသီအောင်၊ ဒေါက်တာထင်ဇော်ဦး၊ ဒေါက်တာအိဖြူအောင်၊ Bruce၊ မစုမွန်သန့်၊ မောင်ခိုင်ဇော်ထူး၊ Alexander တို့၏အဘိုးသည် ၂၆-၃-၂၀၁၅ရက်(ကြာသပတေးနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၅ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁-၄-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီတွင် အမှတ် ၁၂၊ သဇင်လမ်း၊ အလုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဦးတင်မင်းလတ်** အသက်(၄၂)နှစ်

(လဝက-၁၄၂၉၀) လက်ထောက်ညွှန်ကြားရေးမှူး

လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊(ရုံးချုပ်)

နေပြည်တော်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ အမှတ် ၂၃၆၊ အောင် ဇေယျာလမ်းနေ(ဦးညွှန့်တင်၊ ဦးစီးအရာရှိ၊ ငြိမ်း၊ လဝက)-ဒေါ်ခင်စောမြင့်တို့၏သားကြီး၊ ဦးအောင်ကိုကို(ညွှန်ကြားရေးမှူး၊ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)-ဒေါ်တင်မြင့်ခိုင်တို့၏ညီ/မောင်၊ ဦးတင်မင်းထွတ်(Chief Officer, Lizstar Shipping Co.,Ltd.)၏အစ်ကို၊ မဖြူဖြူသန့်(တတိယနှစ်၊ အင်္ဂလိပ်စာအထူးပြု၊ ဒဂုံတက္ကသိုလ်)၏ဦးလေးသည် ၂၇-၃-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၄၀နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ပြည်သူ့ဆေးရုံကြီးမှ နေပြည်တော်ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[ နေပြည်တော် ကံ့ကော်အိမ်ရာ၊ အမှတ် ၂၇၂မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဦးတင်မင်းလတ်** အသက်(၄၂)နှစ်

(လဝက-၁၄၂၉၀) လက်ထောက်ညွှန်ကြားရေးမှူး

လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန(ရုံးချုပ်)

နေပြည်တော်

နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ကံ့ကော်အိမ်ရာ၊ တိုက် ၂၇၂၊ အခန်း ၂-၂နေ (ဦးညွှန့်တင်၊ ဦးစီးအရာရှိ၊ ငြိမ်း၊ လဝက)-ဒေါ်ခင်စောမြင့်တို့၏သား၊ ဦးမောင်မောင်သန်း(ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန)-ဒေါ်ခင်ငွေးမြင့်တို့၏သားတပည့်သည် ၂၇-၃-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၄၀နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီးမှ နေပြည်တော် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [နေပြည်တော်(ခုတင်-၁၀၀၀)ပြည်သူ့ဆေးရုံကြီးမှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။]

ဦးမောင်မောင်သန်း(ညွှန်ကြားရေးမှူးချုပ်၊ လဝက)-ဒေါ်ခင်ငွေးမြင့်

---

**ဝမ်းနည်းကြေကွဲခြင်း**

Great Nation Co.,Ltd. ၏ ဒါရိုက်တာဦးသန်းထိုက်၏ဇနီး ဒေါက်တာစန္ဒာအေး အသက်(၄၆)နှစ်သည် ၂၀-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

အထက-၂၊ ဗဟန်း(နန်ယန်)

ကျောင်းသားကျောင်းသူဟောင်းများ

---

**ဦးကြွက်ဖြူ(ခ)**

**ဦးသိန်းမြင့်** (သန်လျင်)

အသက်(၅၉)နှစ်

သန်လျင်မြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်သီရိလမ်း၊အမှတ်၅နေ[ဦးမြင့်-ဒေါ်တင်မြ (အောင်မေတ္တာ စာပုံနှိပ်တိုက်)]တို့၏သား၊ ဦးသိန်းလှ-ဒေါ်ခင်စန်းရီ၊ (ဦးမင်းညို)-ဒေါ်ခင်စန်းကြည်(အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ ဆရာမကြီး ဒေါ်အေးအေးခန့်)၊ ဦးစောဝင်း(ဖိုးစော-သန်လျင်) - ဒေါ်ခင်စန်းမြင့်၊ ဦးဇော်ဖေ (မောင်သွေးရင့်)-ဒေါ်ခင်အေးမူ၊ ဦးမောင်မောင်ဦး (သန်လျင်မောင်မောင်ဦး)-ဒေါ်ခင်ဝင်းတို့၏ညီ/မောင်၊ ဦးချစ်ဟန်ဝင်း (သတင်းမီဒီယာ)-(ဒေါ်ခင်သန်းမြင့်)၊ ဦးကျော်စွာမြင့်သန်း-ဒေါ်ခင်ပြုံးမြင့်၊ ဦးအောင်မိုးမြင့်(ခ)ဦးသံချောင်း၊ ဒေါ်ခင်အေးမြင့်(ခ)ဒေါ်ခိုင်ခိုင်မင်းတို့၏ အစ်ကိုသည် ၂၆-၃-၂၀၁၅ရက် (ကြာသပတေးနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၅ရက် (စနေနေ့) ညနေ ၃း၃၀နာရီတွင် သန်လျင်အဓိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဒေါ်ထားထားယု**

အထက-၉ (ငြိမ်း)

အသက်(၅၈)နှစ်

မော်လမြိုင်မြို့၊ ဖက်တန်းရပ်၊ ပဲဆီရုံလမ်း၊ အမှတ် ၂၆နေ (ဦးယုကြိမ်း-ဒေါ်ခင်သန်း)တို့၏သမီး၊ ဦးသိန်းအောင် - ဒေါ်သန်းသန်းရှိန်တို့၏ညီမ၊ ဒေါ်မိမိယု(အလက-၁)၊ (ဒေါ်တင်တင်ယု)တို့၏အစ်မ၊မောင်အောင်သူ၊ မမိုးမိုးအောင်တို့၏အဒေါ်သည်၂၇-၃-၂၀၁၅ရက် (သောကြာနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၅ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ကျန်ရစ်သူမိသားစု

---

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း

အသင်းဝင်အမှတ် (၁၇၃၉)

**ဦးအောင်ဆန်း**

ဦးစီးအရာရှိ(ငြိမ်း)

အသက်(၇၂)နှစ်

မုံရွာမြို့နေ ဒေါ်သန်းတင်၏ခင်ပွန်းသည် ၂၇-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၅ရက် ညနေ ၃နာရီတွင် မုံရွာ ဆားကျင်းသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအားအသိပေးအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

---

**ဦးကျော်မင်းဦး** (ရွှေဘို)

အငယ်တန်းအင်ဂျင်နီယာ(၁)(မြို့ပြ)

တံတားအထူးအဖွဲ့(၈)

မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ်

အသက်(၅၅)နှစ်

ရွှေဘိုမြို့နေ ဦးကျော်မောင်-ဒေါ်ကြည်ကြည်ညွှန့်တို့၏သားကြီး၊ရန်ကုန်မြို့နေ (ဦးတင်လှိုင်)-ဒေါ်သောင်းရင်တို့၏သားသမက်၊ ဦးကျော်မင်းသိန်း-ဒေါ်စိုးစိုးနွယ်၊ ဦးချစ်ကိုကို-ဒေါ်နှင်းနှင်းကြည်၊ ဦးကျော်မင်းလွင်တို့၏အစ်ကိုကြီး၊ ဒေါ်နီနီတင်၏ချစ်လှစွာသောခင်ပွန်း၊ မသီမ့်သဇင်၏ချစ်လှစွာသောဖခင်သည် ၂၇-၃-၂၀၁၅ရက် (သောကြာနေ့) နံနက် ၂း၀၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၉-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ [ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရှေ့ရပ်ကွက်၊ ၉၂လမ်း၊ အမှတ် ၁၁၅၊ ၇(A) နေအိမ်မှကားများ နံနက် ၉း၁၅နာရီတွင် ထွက်ခွာပါမည်။]

ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသာစု

---

ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

**ဒေါ်ခင်မြင့်**

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ရွှေဂုံတိုင်လမ်း၊ ရွှေဂုံပလာဇာ၊ တိုက် A/၆၀၂နေ (ဦးဘသော်-ဒေါ်သဲမေ)တို့၏သမီးကြီး၊ (ဒေါက်တာမြင့်သန်း)၏ ဇနီး၊ (ဦးတင်လှသော်)၊ ဦးအုန်းခိုင်-(ဒေါ်မေရီစိန်)တို့၏အစ်မကြီး၊ ဒေါ်စန်းစန်းမြင့်၊ ဒေါ်ညွှန့်ညွှန့်၊ ဦးခိုင်ညွှန့်-ဒေါ်မီမီသွင်၊ ဦးသက်ဦး-ဒေါ်ခင်ကြူခိုင်တို့၏ကြီးတော်၊ မြေးငါးယောက်တို့၏အဘွားသည် ၂၆-၃-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၉း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁-၄-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဦးထွေး**

အသက်(၈၃)နှစ်

ရန်ကုန်မြို့နေ[ဦးချမ်းသာ(ခ)ဦးကျန်းကြူး-ဒေါ်မမလေး]တို့၏သား၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၆၀နေ (ဒေါ်ငွေလှ)၏ခင်ပွန်း၊ ဦးမြင့်ဦး-ဒေါ်ငွေးဝင်း၊(ဦးမြင့်ထူး)-ဒေါ်နုနုအေး၊ ဦးမြင့်ထွေး-ဒေါ်မြင့်မြင့်ရီ(စင်ကာပူ)၊ ဦးမြင့်ငွေး-ဒေါက်တာသီတာအောင် (ပါရဂူဆေးရုံ)တို့၏ဖခင်၊ ဒုရဲမှူးသန်းမြင့်ဇော်-ဒေါ်သဇင်မြင့်ထူး၊ ဦးအောင်ဇော်လတ်-ဒေါ်အေးသီတာစိုး၊ မောင်ကျော်ဇေယျာ၊ မဖြူမွန်သိမ့်၊ မလဲ့မွန်သိမ့်၊ မသက်နှင်းဆွေ၊ မောင်ကျော်မျိုးနိုင်တို့၏အဘိုး၊ မဟန်ကြည်ဖြူဇော်၊ မရွှန်းလဲ့မေ၊ မောင်ထူးမြတ်အောင်၊ မောင်ဝင်းမျိုးပိုင်တို့၏ဘိုးဘိုးကြီးသည် ၂၆-၃-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၅ရက်(စနေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဒေါ်ဝင်းမြသန်း(ခ)ပဲပဲ**

အသက်(၆၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ ရွှေဝါလမ်း၊ စက်ဝန်း ၁၃/၂၇နေ (ဦးဘသန်း-ဒေါ်တင်နွယ်)တို့၏သမီး၊ (ဦးဂူဟား-ဒေါ်တင်တင်)တို့၏သမီးချွေးမ၊ (ဦးရော်နီ)၏ဇနီး၊ (ဒေါ်ခင်ကြည်လှဲ)၏ညီမ၊ (ဦးဥသြမောင်)၏အစ်မ၊ မမေမိုးမြတ်၊ မောင်ရဲလှိုင်မင်း၊ မောင်ဇေယျာမျိုးတို့၏မိခင်သည် ၂၇-၃-၂၀၁၅ရက်(သောကြာနေ့) နံနက် ၉း၃၇နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ကျောင်း ဒါယကာ

**ဗိုလ်မှူးရာဇာမင်းထွန်း**

(တေဇ-၂၈)

ကြည်း-၃၄၂၂၇

ခေတ္တတပ်ရင်းမှူး

(အမှတ်-၆၊ ခြေမြန်တပ်ရင်း)

အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ အရာခံဗိုလ်သန်းထွန်း(ငြိမ်း)-ဒေါ်ခင်သန်းမြင့်တို့၏သားကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄) ရပ်ကွက်၊ သရဖီ ၆လမ်း၊ အမှတ် ၄၅၂နေ ဦးချစ်ဟန်(လ/ထ ထွေဂျာ၊ မြန်မာ့သစ်လုပ်ငန်း၊ငြိမ်း)-ဒေါ်ချိုချိုမြင့်တို့၏သားသမက်၊ဒေါ်နှင်းပွင့်ဟန်၏ခင်ပွန်း၊ မောင်ဖြိုးလင်းထွန်း (ခ) မောင်ရဲရင့်အောင်၏ဖခင်သည် ၁၆-၃-၂၀၁၅ရက် (တနင်္လာနေ့)တွင် လောက်ကိုင်ဒေသ၌ တိုင်းပြည်တာဝန် ထမ်းဆောင်ရင်း အသက်နှင့်ခန္ဓာ ပေးလှူသွားပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် အုတ်ဖိုအမှတ်(၆) ခြေမြန်တပ်ရင်း နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာယူပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဦးသန်းဝင်း**

ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ဗဟိုစာရင်းရုံး

Assistant Controller (Rtd) (ASIAN DEVELOPMENT BANK, MANILA, PHILIPPINES)

U KYI WIN ASSOCIATES

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၄၊ အင်းလျားလမ်းနေ (ဦးစီစီခူး-ဒေါ်ရှုရန်)တို့၏သား၊ (ဒေါက်တာဦးအေး-ဒေါ်စန်းကြည်)တို့၏သားသမက်၊ ဒေါ်သင်းဝင်းအေး၏ခင်ပွန်း၊ ဒေါက်တာအေးသန္တာဝင်း(USA)၊ ဒေါ်အေးစပွာယ်ဝင်း-David Ocasio(U.S.A)၊ ဒေါ်မြသဇင်ဝင်း(USA)တို့၏ ချစ်လှစွာသောဖခင်သည် ၁၉-၃-၂၀၁၅ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂း၁၀နာရီတွင် PHOENIX, ARIZONA(U.S.A)၌ကွယ်လွန်သွားပါသဖြင့် PHOENIX တွင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

**ဟာဂျီ Prof ဒေါက်တာသန်းထွန်း(ခ)ဖာရွတ်ဘိုင်**

(King Fahd University Of Petrolum & Minerals, Kingdem of Saudi Arabia)

အသက်(၅၆)နှစ်

ရန်ကုန်မြို့နေ (ဟာဂျီ ဦးခင်မောင်-ဟာဂျီမ ဒေါ်ညွှန့်ညွှန့်မော်)တို့၏သားကြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းလမ်းကျယ်၊ အမှတ် ၃၀၊ ၃-Aနေ (ဦးမြင့်သိန်း-ဒေါ်ကြူကြူအေး)တို့၏သားသမက်၊ ဟာဂျီ ဦးကိုလေး-ဟာဂျီမဒေါ်သီသီမာတို့၏အစ်ကိုကြီး၊ Saudi နိုင်ငံ Dahram မြို့နေ ဟာဂျီမ ဒေါ်ပတ္တမြားမြင့်သိန်း၏ချစ်လှစွာသောခင်ပွန်း၊ မရွှေစင်ထွန်း(ခ)ရွှေသမီး၊ ရဲမြင့်ထွန်း(ခ)ရွှေသား၊ အေးမင်းထွန်း၊ သဉ္ဇာထွန်းတို့၏ချစ်လှစွာသောဖခင်၊ ဒေါ်သီဂီမြင့်သိန်း(Suzi)၊ ဦးသီဟမြင့်သိန်း-ဒေါ်နန်းအေးမြ(S'Pore)၊ ဒေါ်နီလာမြင့်သိန်း-Mr New Man(S'Pore)တို့၏မောင်၊ ဦးဗညားမြင့်သိန်း-ဒေါ်ဖြူဖြူနှင်းသော်(S'Pore)၊ ဦးကျော်စွာမြင့်သိန်း-egami (Japan) တို့၏အစ်ကိုသည် ၂၆-၃-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၄း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏

ဂုဏ်ပြုလက်မှတ်နှင့် သူရဲကောင်းမှတ်တမ်းဝင်

**ဗိုလ်ကြီးထက်ညီဟိန်း**(ကြည်း-၅၉၅၀၉) (DSA-53)

အသက်(၂၅)နှစ်

မိဘအပေါ်သိတတ်သောသား၊ အမေကိုသိပ်ချစ်သောသား၊ တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ပေးစွန့်လွှတ်ရဲသော သား ဗိုလ်ကြီးထက်ညီဟိန်းသည် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ၂၄-၃-၂၀၁၅ရက်တွင် ရှေ့တန်းတစ်နေရာ၌ တိုင်းပြည်အတွက် အသက်ပေးလှူသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ သား ကောင်းရာသုဂတိလားပါစေ။

သားအတွက် အထူးဂုဏ်ပြုဂုဏ်ယူလျက်
သဒ္ဓမ္မဇောတိကဓဇ၊အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးစိုးသိန်း
နှင့်ဇနီးအဂ္ဂမဟာသီရိသုဓမ္မသင်္ဂီဒေါ်ခင်ချိုအုန်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုရှေ့နေချုပ်ရုံး)

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးကျော်လှဦး**(ကျောက်တော်)

ရခိုင်ပြည်နယ်အလုပ်အမှုဆောင်၊

လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်(ငြိမ်း)

အသက်(၈၆)နှစ်

ရခိုင်ပြည်နယ်၊စစ်တွေမြို့၊ ဘောက်သီးစုရပ်ကွက်၊ စက(၄၈)နေ(ဦးစံထွန်းအောင်-ဒေါ်မြစိန်ဒါ)တို့၏သား၊ ဒေါ်စောယဉ်၏ခင်ပွန်း၊ ဒေါ်တင်လှယဉ်(ကထိက၊ ရူပဗေဒဌာန၊ စစ်တွေတက္ကသိုလ်)၏ဖခင်သည် ၂၇-၃-၂၀၁၅ရက် (သောကြာနေ့) နံနက် ၉း၂၆နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၈-၃-၂၀၁၅ရက် (စနေနေ့)တွင် အာကျိုတ်တော်ကုန်း သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဒေါ်ကျင်ရွှေ**

ယာဉ်+စက်ကော်ပိုရေးရှင်း(ငြိမ်း)

အသက်(၇၈)နှစ်

ဖျာပုံမြို့နေ (ဦးမြမောင်-ဒေါ်မြသီ)တို့၏သမီး၊ မြင့်ခြံမြို့နေ (ဦးဝင်းရွှေ)-ဒေါ်စန်းစန်းတို့၏အစ်မ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (ဗျိုင်း/ရွာမ)ရပ်ကွက်၊ သမာဓိလမ်း၊အမှတ် ၂၂၊ မြေညီထပ်နေ ဦးရဲမိုးသူ(Second Officer Uniteam Marine)-ဒေါ်မူမူမြင့်၊ ဦးမြတ်သူရ(Third Officer Sunrise Marine)-ဒေါ်နုနုခိုင်တို့၏ ချစ်လှစွာသောမိခင်၊ မြင်းခြံမြို့နေ ဦးမိုးဇော်-ဒေါ်ကြည်ကြည်ခိုင်၊ ဦးဟန်ဝင်းအောင်-ဒေါ်ပြည့်ဖြိုးဝင်းတို့၏အဒေါ်၊ မောင်ဘုန်းမြင့်ဦး(California Unitec)၊ မောင်သွင်ထူးအောင် [Grade-9 (A)၊ အထက-၅၊ တာမွေ]၊ မောင်ကောင်းဆက်နိုင် [Grade-1 (A)၊ အမက-၇၊ တာမွေ] တို့၏အဘွားသည် ၂၇-၃-၂၀၁၅ရက် (သောကြာနေ့) နံနက် ၂း၃၀နာရီတွင် ရွှေဗဟိုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၉-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေ မျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဦးအောင်သန်း**

(မောင်စေတနာ)

လ/ထ ညွှန်မှူး၊ လဝက(ငြိမ်း)

ပြွန်တန်ဆာအသင်း(ရန်ကုန်)

မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း

အသက်(၇၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့နေ (ဦးစံငြိမ်း-ဒေါ်ခင်သန်း)တို့၏သား၊ တာမွန်မြို့နေ (ဦးထင်ကျော် - ဒေါ်သန်းညွှန့်)တို့၏ သားသမက်၊ လှိုင်ကော်မြို့နေ (အရခဗ အောင်လွင်ဦး) - ဒေါ်မာမာထူး (အထက၊ လှိုင်ကော်)၊ ဒေါ်ခိုင်ခိုင်အောင် (လဝကမှူး၊ နေပြည်တော်)၊ ဦးသန်းနိုင်ဦး - ဒေါ်အိအိခိုင် (ဦးစီးအရာရှိ၊ ပဲခူးခရိုင်၊ လဝက)၊ ဦးပြည်သာ၊ ဦးဟိန်းအောင်(စေတနာမိတ္တူ)-ဒေါ်စီစီမော်(လယ်ပြ)၊ မမိုးမိုးအောင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုး၊ (ဒေါ်လွင်လွင်ခိုင်၊ ဦးစီးအရာရှိ၊ လဝက)၏ခင်ပွန်းသည် ၂၇-၃-၂၀၁၅ရက်(သောကြာနေ့) နံနက် ၉း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ပြွန်တန်ဆာမြို့အရှေ့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဦးမြင့်သိန်းလွင်**

အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊၃၉လမ်း(အလယ်)၊အမှတ် ၂၀၇ (သုံးလွှာ-ဝဲ)နေ (ဦးမောင်လွင်-ဒေါ်တင်ကြည်)တို့၏သားကြီး၊ ဒေါ်မာလာ၏ခင်ပွန်း၊ မောင်ဇာနည်လွင်၊ မောင်ဖွဲ့မင်းလွင်တို့၏ဖခင်၊ ဒေါ်စန်းစန်းနု၏မောင်၊ ဦးတင်အောင်လွင်၊ ဦးအောင်ကြည်လွင်၊ ဦးလှမျိုးလွင်၊ ဦးဇယ်ဝမ်းလွင်တို့၏အစ်ကိုသည် ၂၇-၃-၂၀၁၅ရက်(သောကြာနေ့) နံနက် ၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# အေးမြလန်းဆန်းမှုကို အပြည့်အဝပေးမည့် ငပလီကမ်းခြေ

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



**ရန်ကုန်  မတ်  ၂၇**

ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့် အေးမြလတ်ဆတ်သောလေ၊ သဘာဝအတိုင်းတည်ရှိနေသော ဖြူဖွေးသည့် သဲသောင်ပြင်၊ စိမ်းညို့အုပ်ဆိုင်းကာ ကမ်းခြေတစ်လျှောက် ပေါက်ရောက်နေသည့် အုန်းပင်တန်းများ၊ ပိတ်ဆို့ဟန့်တားမှုအလျဉ်းမရှိသော ပင်လယ်ပြင်မြင်ကွင်းတို့ကြောင့် ပေါ့ပါးလန်းဆန်းသော စိတ်ခံစားမှုကို အပြည့်အဝနက်ရှိုင်းစွာ ရရှိစေသည်က ငပလီကမ်းခြေ သို့မဟုတ် အာရှ၏ အပျိုစင်ကမ်းခြေ။

မြန်မာနိုင်ငံ အနောက်တောင်ဘက် ရခိုင်ပြည်နယ် သံတွဲမြို့နယ်၌ တည်ရှိသော ငပလီကမ်းခြေက ကမ်းခြေအရှည် ရှစ်မိုင်ရှိသည်။ သဘာဝအတိုင်း ပျက်စီးခြင်းမရှိသေးသည့် ကမ်းခြေအနေအထားကောင်းမွန်မှု၊ ကြည်လင်သန့်ရှင်းကာ ဖြူလွလွ သဲသောင်ပြင်တည်ရှိနေမှုနှင့် အပန်းဖြေရေကူးသူများအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရခြင်းတို့ကြောင့် ကမ္ဘာလှည့်ခရီးသွားများနှစ်သက်ကြခြင်းဖြစ်သည်။

"ငပလီကမ်းခြေသာယာလှပရေးနဲ့ သဘာဝပတ်ဝန်းကျင်မပျက်စီးအောင် ဒေသတာဝန်ရှိသူတွေ၊ ဌာနဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ကမ်းခြေသဲတွေ အလွန်အကျွံထုတ်ယူသုံးစွဲမှုတွေ၊ ကမ်းခြေအနီးကျောက်ဆောင်ကျောက်တန်းဖြိုချမှုတွေနဲ့ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်တာတွေကို မပြုလုပ်ကြဖို့ ကြိုးစားဆောင်ရွက်နေပါတယ်"ဟု ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ငပလီကမ်းခြေသို့ ရန်ကုန်မှလေယာဉ်ဖြင့်လာရောက်နိုင်သကဲ့သို့ မော်တော်ယာဉ်ဖြင့်လည်း လာရောက်နိုင်သည်။ လေယာဉ်ခရီးဖြင့် လာရောက်သူများမှာ သံတွဲမြို့လေဆိပ်တွင်ဆင်းပြီး ငပလီကမ်းခြေသို့ လေးမိုင်ခန့် မော်တော်ယာဉ်စီးကာ ရောက်ရှိနိုင်သည်။ ***စာမျက်နှာ ၅ ကော်လံ ၁*** ❁

## မြန်မာယူ-၂၀ အသင်း ဆားဘီးယားအသင်းကို ရှုံးနိမ့်

ဖိုးသော်ဇင်

**ရန်ကုန် မတ် ၂၇**

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲအကြို ပြင်ဆင်မှုအဖြစ် ဆားဘီးယားနိုင်ငံတွင် လေ့ကျင့်မှုများ ပြုလုပ်နေသည့် မြန်မာယူ-၂၀ အသင်းသည် မတ် ၂၆ ရက် မြန်မာစံတော်ချိန် ည ၁၁ နာရီခွဲက ဆားဘီးယား ယူ -၂၀ အသင်းနှင့် ခြေစမ်းကစားခဲ့ရာ ခြောက်ဂိုး -ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာယူ-၂၀ အသင်းသည် မျိုးမင်းလတ်၊ ထိုက်ထိုက်အောင်၊ သီဟထက်အောင်၊ နန္ဒကျော်၊ ကျော်မင်းဦး၊ မျိုးကိုထွန်း၊ ရန်နိုင်ဦး၊ ငြိမ်းချမ်းအောင်၊ မောင်မောင်စိုး၊ သန်းပိုင်၊ အောင်သူတို့ဖြင့် နောက်ပိုင်းခြေစမ်းပွဲများတွင် အသုံးပြုနေကျ ၃-၅-၂ ပုံစံဖြင့် ပွဲထွက်လာခဲ့သည်။ မြန်မာအသင်းသည် ဆားဘီးယားအသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိသကဲ့သို့ ဆားဘီးယားအသင်း၏လျင်မြန်မှုနှင့် တစ်ဦးချင်းထိန်းချုပ်နိုင်ခြင်းမရှိသောကြောင့် ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် လေးဂိုးပေးခဲ့ရခြင်းဖြစ်သည်။ မြန်မာယူ-၂၀ အသင်းနှင့် ဆားဘီးယား ယူ -၂၀ အသင်းတို့သည် မတ် ၂၉ ရက်တွင် ထပ်မံခြေစမ်းမည်ဖြစ်သည်။

# အိမ်ရှင် တရုတ်(တိုင်ပေ)အသင်းကို ဂိုးပြတ်သွင်းပြီး မြန်မာအသင်းနိုင်ပွဲရ

ညီမြတ်သော်တာ

နေပြည်တော်  မတ်  ၂၇

**အာရှ ယူ-၂၃ ခြေစစ်ပွဲအုပ်စု (F) ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့သည် ယနေ့ညနေပိုင်းက တရုတ်(တိုင်ပေ)ရှိ အမျိုးသားအားကစားကွင်း၌ ယှဉ်ပြိုင်ကစားသည်။**



မြန်မာအသင်းအား တရုတ်(တိုင်ပေ)နှင့် မကစားမီ တွေ့ရစဉ်။ (ဓာတ်ပုံ-MFF)

**မြန်မာ - သုံးဂိုး**
**တရုတ်(တိုင်ပေ) - ဂိုးမရှိ**

ပြင်ဆင်ချိန်နည်းပါး၍ ပြိုင်ပွဲအကြို ခြေစမ်းပွဲများတွင် ရလဒ်များမကောင်းခဲ့သည့် မြန်မာအသင်းသည် ယခုပွဲတွင် ခြေစွမ်းပြပြီး ဂိုးပြတ်နိုင်ပွဲ ရယူနိုင်ခဲ့သည်။ မြန်မာအသင်းသည် အိမ်ရှင်တရုတ် (တိုင်ပေ)အသင်းကို ခြေအသာဖြင့် ကစားကာ အမှတ်ပြည့် ရယူနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၂၆ မိနစ်နှင့် ၆၉ မိနစ်တို့တွင် လှိုင်းဘိုဘို၊ ၉၂ မိနစ်တွင် နေလင်းထွန်းတို့က သွင်းယူပေးခဲ့သည်။

မြန်မာအသင်းတွင် **ဂိုး**-ကျော်ဇင်ဖြိုး၊ **နောက်တန်း**-ကျော်ဇင်လွင်၊ ဇော်ရဲထွန်း၊ ဖြိုးကိုကိုသိန်း၊ ဟိန်းသီဟဇော်၊ **အလယ်တန်း**- ချစ်စုမိုး (သန်းထက်အောင်)၊ ရဲကိုဦး၊ သီဟဇော်၊ လှိုင်းဘိုဘို၊ နေလင်းထွန်း၊ **ရှေ့တန်း**-ရှိုင်းသူရတို့ ပါဝင်ကစားခဲ့သည်။

မြန်မာအသင်းပါဝင်သော အုပ်စု (F)၏အခြားပွဲစဉ်တွင် ဩစတြေးလျအသင်းက ဟောင်ကောင်အသင်းကို ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စုဒုတိယပွဲစဉ်များကို မတ် ၂၉ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မြန်မာနှင့် ဟောင်ကောင်၊ ဩစတြေးလျနှင့် တရုတ်(တိုင်ပေ)တို့ ကစားရမည်ဖြစ်သည်။


## ယနေ့ ⇄ မာတိကာ

**မီဒီယာအချို့၏ ဆန္ဒဖော်ထုတ်မှုသည် မြန်မာမီဒီယာလောက လွတ်လပ်ပွင့်လင်းမှုကို သက်သေပြရာရောက်သည့်အတွက် ကျေးဇူးတင်**
*တွေ့ဆုံမေးမြန်း*  *စာမျက်နှာ - ၄*

**တာဝန်ကိုယ်စီ ရှိပေလိမ့်မည်**
*စာမျက်နှာ - ၁၁*

**ဖုန်ကြားရှင်တပ်ဖွဲ့မှ လက်နက်များဖြင့် ပြစ်မှုကျူးလွန်သူရှစ်ဦးအား ပြစ်ဒဏ်ချမှတ်**
*စာမျက်နှာ - ၁၃*


mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS
မြန်မာ့အလင်း
R/488



